# ဝထဂဒေါင်ထ

**မာယာရှင်**

ချင်းဟုန်စီဘောက်လျှ



| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၁၁၇၉ / ၂၀၀၁ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၇၆ / ၂၀၀၁ (၉) |
| ထုတ်ဝေကာလ | ၂၀၀၁ ခုနှစ် |
| အုပ်ရေ | ၄၀၀ |
| ထုတ်ဝေသူ | ဦးညွန့်ဆွေ<br>ဇိန်ပန်းမြိုင်စာပေ<br>၂၃ -A ဦးကောင်းလမ်း<br>ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း<br>လှသိန်းဦး-ပုံနှိပ်တိုက်၊<br>၁၂/ဒါနလမ်း၊ သာယာကုန်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြ ၀၂၄၃၇)<br>နေလရောင် အော့ဖ်ဆက်<br>၉၆/ခ၊ ၁၁-လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

တိုးတက်ရေး

# ဝဏ္ဏအောင်

# မာယာရှင်

(ပ + ဒ ဇာတ်သိမ်း)

၂-အုပ်တွဲ သိုင်းစာစဉ်

ဝဏ္ဏအောင်

---

# မာယာရှင်

(ပထမပိုင်း)

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

53
80
74
62

## ထူးဆန်းထွေလာ သိုင်းမဟာ

---

ကျင်းလိန်မြို့စားကြီး။

သူသည် မင်းမှုထမ်းဖြစ်သော်လည်းသိုင်းလောကနှင့် ရင်းနှီးကျွမ်းဝင်သူ ဖြစ်သည်။

သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ်က သူ၏သိုင်းပညာသည် ထိပ်တန်းအဆင့်တွင် ရှိခဲ့၏။

ယခုအချိန်အထိ သူ၏သိုင်းပညာသည် သိုင်းလောက၌ ထိပ်တန်းအဆင့်တွင် ရှိနေဆဲဖြစ်သည်။

ထို့ကြောင့်....

သိုင်းလောကသားများသည် သူနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရမည့်အရေးကို ဝေးဝေးမှရှောင်လေ့ရှိပေသည်။

သူကိုယ်တိုင်လည်း သိုင်းလောကအရေးအခင်း၌ ပါဝင်ပတ်သက်ခြင်း မပြုချေ။

သူ့ကိစ္စတွင်လည်း သိုင်းလောကသားများ ပါဝင်ပတ်သက်လာမည်ကို လုံးဝခွင့်မပြုချေ။

တစ်နည်းအားဖြင့်ဆိုရလျှင်....

သူသည် သိုင်းလောကနှင့် သီးခြားကင်းလွတ်နေသော ထိပ်တန်း သိုင်းသမားကြီးတစ်ဦးပင် ဖြစ်ပေတော့၏။

❖

ကျင်းလိန်မြို့။

အရှေ့ဘက် မြို့ရိုးတံခါးပေါက်ဆီမှ မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

မြင်းစီးသမားတစ်စုသည် မြို့ရိုးတံခါးပေါက်မှ အရှိန်ပြင်းစွာဖြင့် မြို့တွင်းသို့ ဝင်ရောက်လာကြလေသည်။

ရှေ့ဆုံးမှ ဦးဆောင်ဝင်ရောက်လာသူသည် အသက် လေးဆယ်ကျော် ဝန်းကျင်ခန့်ရှိသော လူကြီးတစ်ယောက် ဖြစ်သည်။

မေးရိုးကားကား....

ကိုယ်လုံးထွားထွားနှင့်....

ခံ့ညားတည်ကြည်ပြီး လွန်စွာ ယောကျ်ားပီသသူ ဖြစ်သည်။



သူကား အခြားသူ မဟုတ်ပါ။

သြဇာအာဏာ အရှိန်အဝါကြီးမားလွန်းလှသော ကျင်းလိန်မြို့စားကြီး ပေ့ထိုက်ကွမ်းပင် ဖြစ်ပေတော့သည်။

သူ့နောက်မှ ခြံရံလိုက်ပါလာကြသူများမှာ သူ၏တပည့်ရဲတော်များ ဖြစ်သည်။

တောလိုက်ထွက်ရာမှ စံအိမ်တော်သို့ ပြန်လာခဲ့ကြခြင်းဖြစ်ပါသည်။

စံအိမ်တော်ရှေ့သို့ ရောက်သည့်အခါ မြင်းများအားလုံး တုံ့ခနဲရပ်သွားကြ၏။

မြို့စားကြီး ပေ့ထိုက်ကွမ်းကမူ စံအိမ်တော် လှေကားရှေ့အရောက် မြင်းကိုမောင်းသွားပြီး လွှားခနဲ ခုန်ဆင်းလိုက်သည်။

အစောင့်တစ်ယောက် ချက်ချင်းရောက်လာကာ မြင်းကို ချည်တိုင်သို့ဆွဲယူသွားလေသည်။

မြို့စားကြီး ပေ့ထိုက်ကွမ်းသည် စံအိမ်တော်ထဲဝင်ရောက်ရန် ဟန်ပြင်လိုက်စဉ် တစ်စုံတစ်ခုကို သတိပြုမိသွားဟန်ဖြင့် ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

စံအိမ်တော်ရှေ့ မလှမ်းမကမ်း၌ လှပခန့်ညားသော မြင်းလှည်းတစ်စီး ရပ်တန့်ထားသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ပေ့ထိုက်ကွမ်းသည် စံအိမ်တော်ထဲ ဝင်မသွားသေးဘဲ မြင်းလှည်းကို မျက်မှောင်ကြုတ်၍ အကဲခတ်လိုက်၏။

မြင်းလှည်းသည် လှပခန့်ညားရုံသာမက လှည်းကိုဆွဲသော မြင်းလေးကောင်သည်လည်း လွန်စွာ လှပခန့်ညားလွန်းလှပေသည်။

အနှီးခွံ ရောင်အမွေးများက ချောမွတ်နေ၏။

မြင်းခွာလေးခုစလုံးမှာမူ ဆွတ်ဆွတ်ဖြူလျက်ရှိသည်။

မြင်းအကောင်တစ်ထောင်တွင် တစ်ကောင် တွေ့ရခဲသော ထူးခြားရှားပါးလှသည့် မြင်းများပင် ဖြစ်ပေသည်။

သာမန်လူတန်းစားများအနေဖြင့် ထိုသို့သော မြင်းမျိုးကို ပိုင်ဆိုင်ဖို့ဝေးစွ။

အိပ်မက်မျှပင် မက်နိုင်လောက်အောင် အရှမ်းမီမည် မဟုတ်ချေ။

ပေ့ထိုက်ကွမ်းသည် ထိုမြင်းလှည်းမျိုးကိုကျင်းလိန်မြို့တွင်း၌ တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ဖူးခြင်းမရှိသဖြင့် စိတ်ထဲ၌ ထင့်ခနဲ တစ်ချက် ဖြစ်သွားမိသည်။

စိတ်ဝင်စားခြင်းကြီးစွာဖြင့် မြင်းလှည်းအတွင်းသို့ လှမ်းကြည့်လိုက်သည်။



တစ်စုံတစ်ယောက်မျှ ရှိမနေပါ။

မြင်းလှည်းမောင်းသမားတစ်ယောက်သာ လှည်းမောင်းသူထိုင်ခုံ၌ ထိုင်လျက်ငိုက်နေ၏။

ဤအခြင်းအရာကြောင့်ပင် အဆိုပါမြင်းလှည်းသည် စံအိမ်တော်သို့ ရောက်ရှိနေခဲ့သည်မှာ အချိန် အတော်ကြာပြီဖြစ်ကြောင်း ခန့်မှန်း၍ရလေသည်။

'ဘယ်ကဧည့်သည်များပါလိမ့်'

ပေ့ထိုက်ကွမ်းသည် စိတ်ထဲမှနေ၍ ဇဝေဇဝါ တွေးတောရင်း စံအိမ်တော်တံခါးဝဆီသို့ ပြန်ရောက်လာ၏။

အတွင်းသို့ လှမ်းဝင်လိုက်ချိန်မှာပင် တံခါးမှူးက သူ့အားဆီး၍ တီးတိုးပြောဆိုလိုက်လေသည်။

'အဲဒီမြင်းလှည်းနဲ့ လာခဲ့တာလား'

တံခါးမှူး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ'

'အခု ဘယ်မှာလဲ'

'ဧည့်ခန်းထဲမှာပါ၊ အိမ်တော်ထိန်းက သူ့ကိုဧည့်ခံထားပါတယ်'

ပေထိုက်ကွမ်းသည် ဘာမျှဆက်မပြောတော့ဘဲ ဧည့်ခန်းဆောင်ရှိရာသို့ လျှောက်သွားလေတော့သည်။

မြို့စားကြီးစံအိမ်တော်၏ ဧည့်ခန်းဆောင်သည် ကျယ်ဝန်းပြီး ခမ်းနားသပ်ရပ်လှ၏။

နံရံတွင် အမဲလိုက်၍ရထားသော ကျားသားရေကို ဖြန့်ကားချိတ်ဆွဲထား၏။

သမင်ဦးချိုကိုလည်း ဂုဏ်ယူဝင့်ကြွားစွာချိတ်ဆွဲထားသည်။

ပေထိုက်ကွမ်းသည် မည်သို့သော ဧည့်သည် ရောက်ရှိနေကြောင်း သိချင်လာသဖြင့် ဧည့်ခန်းဆောင်ထဲသို့ ခပ်သုတ်သုတ်ပင် ဝင်ရောက်လာခဲ့လေသည်။

ဧည့်ခန်းဆောင်အတွင်း၌ အိမ်တော်ထိန်းကြီးသည် လူတစ်ယောက်နှင့်ထိုင်၍ ဧည့်ခံစကားပြောနေသည်ကို တွေ့ရသည်။

ထိုလူအားတွေ့မြင်လိုက်ရသည့်အခါ မြို့စားကြီး ပေထိုက်ကွမ်း အံ့အားသင့်သွားရလေသည်။

သူသည် သူ့ဆီသို့ရောက်ရှိနေသော ဧည့်သည်သည် အသက်အရွယ်ကြီးရင့်ပြီး လွန်စွာကိန်းခန်းကြီးနိုင်သူဖြစ်မည်ဟုထင်မှတ်ခဲ့၏။



သို့ရာတွင် သူထင်မှတ်ထားသလိုမဟုတ်ဘဲ၊ အသက် ဆယ့်ရှစ်နှစ်ဝန်းကျင်ခန့်သာရှိသော လူငယ်တစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားရခြင်းဖြစ်ပေသည်။

ထိုလူငယ်သည် အဖိုးတန် ပိုးဖဲကတ္တီပါ အဝတ်အစားများကိုလည်း ဝတ်ဆင်ထားခြင်းမရှိပါ။

သားမွေးဖြင့် ရက်လုပ်ထားသော သာမန်အဝတ်အစားများကိုသာ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထား၏။

ခါးတွင် ဓားတစ်လက်ချိတ်ဆွဲထားသည်။

လူငယ်တစ်ယောက်ပင်ဖြစ်သော်လည်း တည်ကြည်ခံ့ညားပြီး ရင့်ကျက်သောအသွင် ရှိပေသည်။

ပေထိုက်ကွမ်း ဝင်လာသည်ကိုမြင်သည်နှင့် လူငယ်သည် အိမ်တော်ထိန်းနှင့်အတူ ထရပ်ပြီး အရိုအသေပြုလိုက်သည်။

'မြို့စားကြီးကို ဂါရဝပြုပါတယ်'

လူငယ်၏လေသံသည် ပျော့ပျောင်းသယောင် ရှိသော်လည်း ခိုင်မာပြတ်သားပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိသည့်လေသံ ဖြစ်ကြောင်း ပေထိုက်ကွမ်း အကဲခတ်မိသည်။

သူ့အနေဖြင့် ထိုလူငယ်အား တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိပါ။

မည်သည့်ကိစ္စဖြင့် ရောက်ရှိလာသည်ကိုလည်း မသိရသေးပါ။

ထို့ကြောင့် လူငယ်အား စူးစမ်းအကဲခတ်ရင်း....

'ထိုင်ပါ သူငယ်'

လူငယ်က ဣန္ဒြေရရပင် ပြန်လည်ထိုင်ချလိုက်၏။

ပြီးမှ လက်နှစ်ဖက်ဆုပ်ကာ....

'ကျွန်တော့်နာမည် ကို့ချင်းပါခင်ဗျာ၊ ဖေဖေက လွှတ်လိုက်လို့ မြို့စားမင်းဆီ ရောက်လာရတာပါ'

ပေ့ထိုက်ကွမ်း မျက်မှောင်ကြုတ်သွားသည်။

'မင်းနာမည် ကို့ချင်းဟုတ်လား၊ မင်းအဖေက ဘယ်သူများပါလိမ့်'

ကို့ချင်းအမည်ရှိ လူငယ်က သိမ်မွေ့စွာပြုံးလိုက်ပြီး....

'ကျွန်တော့် အဖေကို သိုင်းလောကမှာ လူသိနည်းပါတယ် ခင်ဗျာ၊ ဒါပေမယ့် သူ့ကိုသိတဲ့လူတိုင်းဟာ လက်တစ်ထောင်ဘီလူးလို့ ခေါ်ကြပါတယ်'

'ဟော....'

လက်တစ်ထောင်ဘီလူးဟူသော အမည်ကြောင့် မြို့စားကြီး ပေ့ထိုက်ကွမ်း ကွက်ခနဲမျက်နှာပျက်သွားလေသည်။



ခဏကြာမှ ကိုယ့်ကိုကိုယ်ဣန္ဒြေဆည်ကာ....

'လက်တစ်ထောင်ဘီလူး ဟုတ်လား၊ ဦးနဲ့လဲ ဘာအဆက်အသွယ်မှမရှိခဲ့ပါလား၊ ထားပါတော့လေ၊ မင်းကို ငါ့ဆီလာခိုင်းတာ ဘယ်လိုအကြောင်းထူးကိစ္စများရှိနေလို့လဲ'

ကို့ချင်းက သက်ပြင်းကြီးတစ်ချက်ချကာ....

'မြို့စားကြီးဆီက အကူအညီတစ်ခု တောင်းခိုင်းလိုက်လို့ပါ'

မြို့စားကြီး ပေ့ထိုက်ကွမ်း မျက်မှောင်ကြုတ်သွားသည်။

'အကူအညီတောင်းခိုင်းလိုက်တယ် ဟုတ်လား၊ ဘာများပါလိမ့်၊ ပြောစမ်းပါဦး'

ပေ့ထိုက်ကွမ်းသည် နားမလည်နိုင်ဟန်ဖြင့်မေးရင်း ပြန်လည်ထိုင်ချလိုက်၏။

ကို့ချင်းက ခပ်အေးအေးလေသံဖြင့်ပင်....

'ဒီလိုပါခင်ဗျာ၊ ဖေဖေ ဆီမှာ ထူးဆန်းတွေလာသိုင်းမဟာဆိုတဲ့ သိုင်းကျမ်းတစ်ကျမ်းရှိခဲ့ဖူးပါတယ်၊ အဲဒီသိုင်းကျမ်းဟာ အခု မြို့စားကြီးဆီရောက်နေတယ်လို့သိရပါတယ်၊ ဒါကြောင့် ဒီကျမ်းကို ကျေးဇူးပြုပြီး ပြန်ပေးဖို့ ဖေဖေက တောင်းခိုင်းလိုက်တာပါ'

ထိုစကားကြောင့် မြို့စားကြီး ပေ့ထိုက်ကွမ်း မျက်လုံးပြူးသွား၏။

'အာ…အယ်လို၊ မင်းတို့ဆီကသိုင်းကျမ်း ငါ့ဆီရောက်နေတယ် ဟုတ်လား၊ ဒါမဖြစ်နိုင်တာအဲ'

ကို့ချင်း မျက်နှာသည် မှုန်သွား၏။

မကျေမနပ်ဖြစ်သွားပုံရ၏။

'ဒါဆိုရင် သိုင်းလောကထဲမှာ ဒီသိုင်းကျမ်း မြို့စားကြီးလက်ထဲရောက်နေတယ်လို့ ဘာကြောင့် ဟိုးလေးတကြော် ဖြစ်နေရပါလိမ့်'

ကို့ချင်းသည် မြို့စားကြီး ပေ့ထိုက်ကွမ်းကို တစ်ချက်လှမ်းကြည့်ကာ…

'ပုပ်ရင်ပေါ် ဟုတ်ရင်ကျော်တဲ့၊ မဟုတ်ဘဲနဲ့ ဒီသတင်းထွက်လာမယ် မထင်ပါဘူး'

မြို့စားကြီးပေ့ထိုက်ကွမ်း စိတ်တိုသွားသည်။

မိမိမသိကျွမ်းသော သူစိမ်းလူငယ်တစ်ဦးက အိမ်ပေါ်မှလာရောက် စွပ်စွဲနေခြင်းက စိတ်တိုရုံမက ဒေါသထွက်စရာပင်ဖြစ်ပါသည်။

သို့သော် ပေ့ထိုက်ကွမ်းသည် အတတ်နိုင်ဆုံး စိတ်ကိုထိန်းချုပ်ကာ…



'ဒီမှာသူငယ်၊ မင်းပြောတဲ့သိုင်းကျမ်း ဦးလက်ထဲမှာမရှိတာအမှန်ပါ၊ ဦးအနေနဲ့ ဒီလိုကျမ်းမျိုးကို စိတ်မဝင်စားပါဘူးကွယ်'

မှန်ပါသည်။

ပေ့ထိုက်ကွမ်းကဲ့သို့ ထိပ်သီးသိုင်းပညာရှင်တစ်ယောက်အဖို့ လက်တစ်ထောင်ဘီလူးကဲ့သို့ အောက်လမ်းလိုက်သော သိုင်းကျမ်းမျိုးကို အမှန်ပင် စိတ်ဝင်စားခြင်းမရှိပါ။

ကို့ချင်းသည် ထိုင်ရာမှထပြီး ပေ့ထိုက်ကွမ်းအား အရိုအသေပြုလိုက်သည်။

ပေ့ထိုက်ကွမ်းသည် ကို့ချင်းက ပြန်ရန်နှုတ်ဆက်သည်ဟု ထင်ကာ မတ်တတ်ထရပ်လိုက်၏။

သို့သော် ကို့ချင်းသည် ထွက်ခွာသွားခြင်းမပြုဘဲ…

'ဖေဖေက ထပ်ပြီးမှာလိုက်ပါသေးတယ် ခင်ဗျာ'

'ဟေ…ဘာများလဲကွ'

'ဒီလိုပါ၊ မြို့စားမင်းဆီကသိုင်းကျမ်း ပြန်တောလိုက် အခွင့်အရေးတစ်ခု တောင်းဆိုခဲ့ဖို့မှာလိုက်ပါတယ်'

ပေ့ထိုက်ကွမ်း သိပ်စိတ်မရှည်ချင်တော့ပါ။ ညိတ်

ကို့ချင်းကို စိုက်ကြည့်လိုက်ပြီး…

'ကဲ....ပြော၊ ဘာများလဲ'

ကို့ချင်းသည် အနည်းငယ်တုံ့ဆိုင်းဆိုင်းလုပ်နေပြီးမှ....

'ဖေဖေက မှာလိုက်ပါတယ်ခင်ဗျာ၊ မြို့စားမင်းဆီက သိုင်းကျမ်းပြန်ရခဲ့ရင် ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်မဆုံးအောင် ဖြစ်ရမှာပါတဲ့၊ တကယ်လို့ မြို့စားမင်းကသာ ပြန်မပေးဘဲ ငြင်းပယ်ခဲ့ရင်တော့'

ကို့ချင်း၏ခြိမ်းခြောက်သလိုစကားကြောင့် ပေ့ထိုက်ကွမ်း ထောင်းခနဲဖြစ်သွားကာ....

'ဘာဖြစ်သလဲ၊ ဆက်ပြောစမ်း'

ပေ့ ထိုက်ကွမ်း၏စကားသံက ဟိန်းထွက်လာ၏။

လာမည်

မြို့စား ရာဇာခြသေ့်မင်း၏ ဟိန်းဟောက်သံမျိုးပင် ဖြစ်ပေ

မိမိမသိ

ရောက် စွ....

ပါသည်။

သည် ယုန်သူငယ်ပမာ ထိတ်လန့်တုန်လှုပ်သွားဟန်

သို့သော်

ချုပ်ကာ

တည်ငြိမ်အေးစက်စွာပင်....



'ကျွန်တော် ပြောရမှာခက်နေပါတယ်ခင်ဗျာ'

'ပြောစရာရှိတာသာ ပြောပါ'

ကို့ချင်း သက်ပြင်းချလိုက်၏။

ပြီးမှ အားတုံ့အားနာလေသံဖြင့်....

'ဖေဖေက မြို့စားမင်းဆီက သိုင်းကျမ်းကိုပြန်မရခဲ့ရင် မြို့စားမင်းရဲ့သမီးကို ခေါ်ခဲ့ရမယ်လို့ မှာလိုက်ပါတယ်၊ သိုင်းကျမ်းနဲ့လာလဲမှ သမီးတော်ကို ပြန်လွှတ်ပေးမယ်လို့'

သူစိမ်းလူငယ်တစ်ဦးထံမှ လုံးဝမျှော်လင့်မထားသောစကားကို ကြားလိုက်ရသည့်အခါ ပေ့ထိုက်ကွမ်းသည် ပထမတွင် ကြောင်အမ်းအမ်းဖြစ်သွား၏။

ပြီးမှ ရယ်စရာပြက်လုံးတစ်ခု ကြားလိုက်ရသလို ဟက်ဟ ပက်ပက် ရယ်မောလိုက်လေတော့၏။

'ဟား....ဟား....ဟား....ဟား'

မြို့စားကြီးပေ့ထိုက်ကွမ်းသည် အားရပါးရပင် ရယ်မောလိုက်လေ၏။

အတန်ကြာအောင်ရယ်မောပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ကာ....

'ကောင်းတယ်၊ ငါ့သမီးလဲ လက်တစ်ဆောင်တောင်ကန်းကို ရောက်ဖူးသွားတာပေါ့ကွာ'

ယင်းသို့ပြောပြီးနောက် ပေ့ထိုက်ကွမ်း၏မျက်နှာသည် ရုတ်တရက် တင်းမာသွားလေ၏။

'ဒါပေမယ့် ငါ့သမီးကို မင်း ဘယ်လိုခေါ်သွားမယ်ဆိုတာ ကြည့်ရသေးတာပေါ့'

ကိုချင်းကား တစ်ချက်တလေမျှပင် ဣန္ဒြေပျက်ခြင်းမရှိပေ၊ တည်ငြိမ်အေးစက်စွာဖြင့်....

'ဟုတ်ကဲ့၊ မြို့စားမင်းခွင့်ပြုရင်တော့ ကျွန်တော် အစွမ်း [illegible]လောက် ကြိုးစားပါမယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

ကိုချင်းသည် မြို့စားကြီးပေ့ထိုက်ကွမ်းအား နှုတ်ဆက်ကာ မြို့ခန်းလှည့်၍ တံခါးပေါက်ဆီသို့ လျှောက်သွားလေသည်။

ဤတွင် အိမ်တော်ထိန်းကြီးဝမ်သည် ပေ့ထိုက်ကွမ်းအား တစ်ချက်လှမ်းကြည့်လိုက်၏။

ပေ့ထိုက်ကွမ်းက မသိမသာပင် ဆတ်ခနဲခေါင်းညိတ်ပြလိုက်သည်။

အိမ်တော်ထိန်းကြီးဝမ်သည် ကိုချင်း၏စကားကို ကြားရကတည်းက ဒေါသခြောင်းခြောင်းထွက်နေပြီဖြစ်ရာ ယခုကဲ့သို့



မြို့စားကြီး၏ လျှို့ဝှက်အမိန့်ရသည်နှင့် ဇောင်းထဲမှလွတ်သော မြင်းကဲ့သို့ တစ်ဟုန်ထိုး လှုပ်ရှားလိုက်လေတော့သည်။

သူ၏ခန္ဓာကိုယ်သည် ရုတ်တရက် ဘေးသို့ပန်းတကသွားပြီး ကိုချင်း၏သွားလမ်းကို ရှေ့မှဆီး၍ ပိတ်ဆို့လိုက်သလိုဖြစ်သွားသည်။

'နေဦး၊ မင်းကို ကျုပ်မေးစရာရှိတယ်'

ကိုချင်းသည် ရုတ်တရက် လမ်းပိတ်ခံလိုက်ရသဖြင့် တုံ့ခနဲ ခြေလှမ်းရပ်သွား၏။

ရှေ့မှဟန့်တားပိတ်ဆို့လိုက်သည့် အိမ်တော်ထိန်းကြီးဝမ်ကို မျက်မှောင်ကြုတ်၍ကြည့်ကာ....

'ဘာများ မေးစရာရှိလို့ပါလဲဗျာ'

အိမ်တော်ထိန်းကြီးဝမ်က မဲ့ပြုံးပြုံးကာ....

'မင်းက တို့ရဲ့သခင်မလေးကို ခေါ်သွားမလို့ဆို၊ ကဲ....ပြောစမ်းပါဦး၊ ဘယ်လိုခေါ်သွားမှာလဲ'

ကိုချင်းသည် ထုံးစံအတိုင်းပင် အေးစက်စက်ပြုံးရင်း....

'အင်း....ကျွန်တော်လဲ အဲဒါကိုပဲ စဉ်းစားနေတာဗျ၊ လောလောဆယ်တော့ ဘယ်လိုခေါ်ထုတ်သွားရမှန်း မသိသေးဘူး၊ အဲ....ခင်ဗျားမှာ အကြံကောင်းရှိရင် ကျုပ်ကို ပြောပြပါလား'

ထိုစကားကြောင့် အိမ်တော်ထိန်းကြီးဝမ်မှာ အူကြောင်ကြောင်ဖြစ်သွားရလေသည်။

ဤသို့ငယ်ကား ပေါကြောင်ကြောင်နိုင်လှသည်ဟု ထင်မိ၏။ သို့မဟုတ် ဤသူငယ်သည် ကိုယ့်ကိုယ်ကိုဘဝင်မြင့်ပြီး ယဉ်ယဉ်လေးနှင့်ရှုးနေသူသာဖြစ်မည်ဟု မှတ်ချက်ချမိသည်၊

မည်သို့ပင်ဖြစ်စေ....

စံအိမ်တော်သို့ဝင်ရောက်ပြီး စော်ကားမော်ကား ပြုလုပ်လာခြင်းကိုမူ လက်ပိုက်ကြည့်နေ၍မဖြစ်ပါ။

ကျောင်းမှန်ကန်မှန်းသိအောင်တော့ အကြောင်းပြုရပေဦးမည်။

အိမ်တော်ထိန်းကြီးဝမ်သည် တစ်ချက်ပြုံးလိုက်ပြီး....

'ဟဲ....ဟဲ့....မင်းသိုချင်တယ်ဆိုရင်တော့ ငါ့မှာ အကြံကောင်းတစ်ခုရှိပါတယ်'၊

ပြောပြောဆိုဆိုပင် အိမ်တော်ထိန်းကြီးဝမ်သည် ကို့ချင်း၏ ညာဘက်ပခုံးအဆစ်သို့ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

သူ့စိတ်ထဲတွင် သူ၏လက်ဝါးစောင်းခုတ်ချက်ကို ကို့ချင်းက ရှောင်တိမ်းလိမ့်မည်ဟု ထင်မှတ်ထားသည်။



ကိစ္စမရှိပါ။

ရှောင်ထွက်သွားလျှင်လည်း နောက်ဆက်တွဲ ဝင်ရောက်လာမည့်လက်ဝါးရိုက်ချက်ဒဏ်ကို တနင့်တပိုး ခံစားရပေလိမ့်မည်၊

ကို့ချင်းအနေဖြင့် သူ၏တိုက်ခိုက်မှုကို တစ်နည်းမဟုတ်တစ်နည်း သေချာပေါက်မရှုမလှခံရလိမ့်မည်ဟု အိမ်တော်ထိန်းကြီးအပိုင်တွက်ထားလိုက်လေသည်။

သို့သော်....

သူထင်မှတ်ထားသလို ဖြစ်မလာပါ။

အကြောင်းမှာ....

ကို့ချင်းသည် သူမျှော်လင့်သကဲ့သို့ လုံးဝရှောင်တိမ်းခြင်းမပြုသောကြောင့်ဖြစ်သည်။

သူ၏လက်ဝါးစောင်းသည် ကို့ချင်းပခုံးထက်သို့ မိမိရရပင်ကျရောက်သွား၏။

'ဒုတ်'

ပြင်းထန်သော လက်ဝါးစောင်းခုတ်ချက်ကြောင့် မြည်သံသဲ့သဲ့ပင် ထွက်ပေါ်လာသည်၊

ကို့ချင်းကား အမြုံးမပျက်ပါချေ။

'ဟင်း.... ဟင်း.... ခင်ဗျားရဲ့ လက်ဝါးစောင်းခုတ်ချက်က အတော်ပြင်းသားပဲ၊ ဒါပေမယ့် ကျွန်တော့်အရိုးက အတော့်ကို မာတာဗျ'

အိပ်တော်ထိန်းကြီးဝမ်သည် ဤတစ်ကွက်တည်းဖြင့်ပင် မိမိအရေးနိမ့်သွားပြီဖြစ်ကြောင်း နားလည်ကာ ကမန်းကတန်း နောက်ဆုတ်လိုက်လေသည်။

သူ့မျက်နှာတစ်ခုလုံးလည်း ရှက်စိတ်ကြောင့် မည်းမှောင်သွား၏။

ကိုချင်းမှာမူ ဘာမျှမဖြစ်ဟန်ဖြင့် တံခါးဝဆီသို့ ဆက်လက်လျှောက်သွားလေသည်။

တံခါးဝသို့ရောက်သည့်အခါ နောက်ပြန်လှည့်လိုက်ပြီး ငေးကြောင်ကြည့်နေသည့် မြို့စားကြီးပေ့ထိုက်ကွမ်းအား လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

'မြို့စားမင်းခင်ဗျား....ကျွန်တော့်ကိုသွားခွင့်ပြုပါဦး၊ မြို့စားမင်းရဲ့သမီးကို ဘယ်လိုခေါ်ရမယ်ဆိုတာ နည်းလမ်းရှာတွေ့တဲ့အခါကျမှ နောက်ထပ်တစ်ခေါက် လာပါဦးမယ်'

ပြောပြီးသည်နှင့် ချာခနဲလှည့်၍ ထွက်ခွာ သွားလေသည်။

သူ၏အပြုအမူကား ခံပြင်းဒေါသထွက်စရာပင် ဖြစ်၏။



သို့သော်....

သူ၏ တည်ငြိမ်အေးစက်မှုနှင့် ကျောက်သားပမာ ခိုင်ကျည်သောစိတ်ဓာတ်ကိုမူ မြို့စားကြီး ပေ့ထိုက်ကွမ်းအနေဖြင့် မချီးကျူးဘဲ မနေနိုင်ချေ။

'အင်း....ဘာပဲဖြစ်ဖြစ် ဒီသူငယ်ဟာ တစ်နေ့နေ့မှာ သေချာပေါက် ကျော်ကြားဦးမှာ အမှန်ပဲ'

ရန်သူပင်ဖြစ်လင့်ကစား တစ်ဖက်သား၏ အရည်အသွေးကို အသိအမှတ်ပြုတတ်ခြင်းသည် မြို့စားကြီး ပေ့ထိုက်ကွမ်း၏ ချစ်စရာကောင်းသော စိတ်ဓာတ်ပင် ဖြစ်ပေသည်။

## သွေးထိုးစမ်းခြင်း

ကျင်းလိန်မြို့စားကြီးပေ့ထိုက်ကွမ်းတွင် သမီးရတနာတစ်ဦး သာ ထွန်းကားခဲ့၏။

သားယောကျ်ားလေးတစ်ဦး လိုချင်သော်လည်း ကံကြမ္မာ က သူ့ကို မျက်နှာသာမပေးခဲ့ပါ။

သားယောကျ်ားငတ်သော ပေ့ထိုက်ကွမ်းသည် ကိုချင်း ကဲ့သို့ ရဲရင့်တည်ကြည်သော လူငယ်တစ်ဦးအား တွေ့မြင်လိုက် ရသည့်အခါ ရင်ထဲ၌အလိုမကျသလို၊ ဝမ်းနည်းသလို ခံစား လိုက်ရလေသည်။

'အင်း....ငါ့မှာသာ ဒီလိုသားယောကျ်ားလေးတစ်ယောက် ရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ'

အားမလိုအားမရဖြင့် စိတ်ထဲမှကျိတ်၍ ရေရွတ်လိုက်မိ သည်။



ထို့နောက် သက်ပြင်းရှည်ကြီးချကာ နောက်ဘက်အဆောင် သို့ ဝင်ရောက်ခဲ့လေတော့၏။

'ဘယ်ကညွှန့်သည်လဲ'

အဆောင်ထဲလှမ်းဝင်မိသည်နှင့် မိန်းကလေး တစ်ယောက် ကို ရင်ခွင်ထဲဖက်ထားသော မြို့စားကတော်က ဆီး၍မေးလိုက် ခြင်းဖြစ်သည်။

မြို့စားကြီး ပေ့ထိုက်ကွမ်းသည် ကျင်းလိန်နယ် တစ်ဝိုက်၌ လျှမ်းလျှမ်းတောက် ကျော်ကြားသော ထိပ်တန်း သိုင်းသမား ကြီးတစ်ဦးဖြစ်၏။

ကျင်းလိန်နယ်တစ်ခုလုံး သူ၏သြဇာအာဏာ သက်ရောက်မှု ရှိသည်။

ခိုးသားဓားပြများပင် သူ၏နယ်ပယ်၌ ကျင်လည်ကျက်စား ဝံ့ခြင်း မရှိပေ။

ဤမျှအထိ သူ၏သြဇာအာဏာက စူးရှထက်မြက်၏။

သို့ရာတွင်.....

စံအိမ်တော်အတွင်း၌မူကား သူ၏ သြဇာအာဏာသည် အပေါ်ယံဟန်ပြမျှသာ ရှိပေသည်။

အကြောင်းမှာ....

သူသည် ဇနီးဖြစ်သူအား အသေအလဲ ကြောက်နေရခြင်းကြောင့် ဖြစ်သည်။

ဤအကြောင်းကို အပြင်လူများ မသိရှိကြ သော်လည်း စံအိမ်တော်အတွင်းရှိ အိမ်တော်ထိန်းမှအစ အောက်ဆုံးမှ အခိုင်းအစေများအထိ သိရှိနေကြသည်။

စင်စစ်....

လူတကာက လေးစား ကြောက်ရွံ့ရသော မြို့စားကြီး ပေ့ထိုက်ကွမ်းသည် မယားကြောက်တစ်ဦးပင် ဖြစ်နေပေတော့၏။

အဘယ်ကြောင့် ဇနီးဖြစ်သူကို ဒူးတုန်အောင် ကြောက်ရွံ့နေရပါသနည်း။

ထိုအကြောင်းကို မည်သူမျှမသိရှာချေ။

ထူးခြားသည်မှာ....

မြို့စားကတော်သည် စံအိမ်တော်မှနေ၍ အပြင်သို့ ခြေတစ်လှမ်းမျှပင် မထွက်ခြင်းဖြစ်သည်၊

ထို့အတူ မြို့စားကတော်၏ အမည်နာမကိုလည်း မည်သူမျှ မသိရှိကြရပေ။

မြို့စားကတော်သည် လျှို့ဝှက်မှုများစွာနှင့် ပဟေဠိဆန်လွန်းလှပေတော့သည်။



'မေးနေတယ်လေ၊ ဘယ်ကဧည့်သည်လဲ'

ပေ့ထိုက်ကွမ်းထံမှ စကားသံထွက်မလာသဖြင့် မြို့စားကတော်က စိတ်မရှည်နိုင်သလို ထပ်မေးလိုက်သည်။

ထိုအခါမှ ပေ့ထိုက်ကွမ်းလည်း ပျာပျာသလဲ ဖြစ်သွားကာ....

'ဟို....ဟို....လက်တစ်ထောင် ဘီလူးရဲ့သားလို့ ပြောတာပဲ'

ဇနီးသည်အား မျက်နှာချိုသွေး၍ ဖြေလိုက်သည်။

မြို့စားကတော် မျက်မှောင်ကြုတ်သွားသည်။

'တို့နဲ့ ဘာအဆက်အသွယ်ရှိတာမှ မဟုတ်ဘဲနဲ့၊ ဘာလာလုပ်တာလဲ'

ပေ့ထိုက်ကွမ်းသည် ဇနီးသည်ဖြစ်သူကို မရဲတရဲလှမ်းကြည့်ကာ....

'သူတို့ရဲ့သိုင်းကျမ်းစာအုပ် ပျောက်နေတာနဲ့ပတ်သက်ပြီး တို့ဆီမှာ ရှိတယ်လို့....'

ပေ့ထိုက်ကွမ်း၏ စကားမဆုံးမီမှာပင် သူ၏ဇနီးက နှာခေါင်းရှုံ့ပြီး....

'သူတို့ကျမ်းက ဘာမို့လို့ တို့ကယူထားရမှာလဲ'

ဟု မကျေမနပ်ဖြင့် ကြားဖြတ်ပြောလိုက်သည်။

ပေ့ထိုက်ကွမ်းကလည်း ပျာပျာသလဲပင်....

'ဟုတ်ပါတယ်၊ ကျုပ်ကလဲ မရှိတဲ့အကြောင်း ပြောလိုက်တယ်၊ ဒါပေမယ့် သူက....'

ပေ့ထိုက်ကွမ်းသည် စကားဆက်ရန် ခက်သွားဟန်ဖြင့် တစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

ဇနီးဖြစ်သူမှာ ပို၍စိတ်မရှည်နိုင်အောင် ဖြစ်သွားပြီး....

'သူက ဘာပြောသွားလို့လဲ ပြောစမ်း'

ပေ့ထိုက်ကွမ်းက မချိသွားဖြဲပြုံးပြုကာ...

'အလကားပါကွာ....သူက တို့သမီးကို ခေါ်သွားမယ်တဲ့၊ သူ့ကိုယ်သူ ဘယ်လောက်စွမ်းတယ်လို့များ ထင်ထားသလဲမသိပါဘူး'

ပေ့ထိုက်ကွမ်းအနေဖြင့် စကားကို ခပ်ပေါ့ပေါ့ပြောလိုက်သော်လည်း သူ၏ဇနီးမှာမူ ကွက်ခနဲ မျက်နှာပျက်သွားလေသည်။

'ဘာ....ဘာပြောတယ်၊ သူတို့ တို့သမီးကို ဓားစာခံအဖြစ် ပြန်ပေးဆွဲမယ် ဟုတ်လား၊ ရှင်ကကော ဘယ်လိုပြန်ပြောလိုက်သလဲ'



ပေ့ထိုက်ကွမ်း မျက်နှာချိုသွေးလိုက်သည်။

'စိတ်ကူးပေါက်ပြီး ထင်ရာ လျှောက်ပြောနေတာပါကွာ၊ ဒါကြောင့် ကျုပ်ကလဲ ခေါ်နိုင်ရင် ခေါ်သွားလို့ ပြန်ပြောလိုက်တာပေါ့'

မြို့စားကတော် ငြိမ်သွားသည်။ စကားဆက်မပြောနိုင်ဘဲ ငေးငိုင်တွေဝေသွားခြင်း ဖြစ်သည်။

ခဏကြာမှ သက်ပြင်းမျှင်းမျှင်းတစ်ချက်ချကာ....

'ဒီကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားလို့မရဘူး၊ အခု အရေးရာ ကြိုတင်သိရှိဖို့လိုမယ်'

ပေ့ထိုက်ကွမ်း ပြုံးလိုက်သည်။

'ဒီလောက်လဲ စိတ်မပူပါနဲ့လေ၊ သူတို့ကြည့်ရတာ အတင့်ရဲမယ့်ပုံမရှိပါဘူး'

'ဘာ'

ဇနီးဖြစ်သူ၏ဟိန်းဟောက်သံကြောင့် ပေ့ထိုက်ကွမ်း ပျာသွားသည်။

ဇနီးဖြစ်သူက သူ့အား မျက်နှာထားတင်းတင်းဖြင့်လှမ်းကြည့်ကာ ....

'ရှင်ဟာ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် အင်မတန် ပေါ့ပေါ့တန်တန် သဘောထားတတ်ပါလား၊ ခုကိစ္စက သမီးကိစ္စရှင့်၊ မပေါ့နဲ့၊ ကဲ....ခုချက်ချင်းသွားစမ်း၊ စံအိမ်တော်လုံခြုံရေးအတွက် အထူးသတိဝီရိယရှိဖို့ စီမံလိုက်ပါ'

ပေ့ထိုက်ကွမ်း ပျာပျာသလဲခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီ၊ ကျုပ် အခုပဲ သွားပြီးစီမံလိုက်ပါ့မယ်'

ပြောပြောဆိုဆိုပင် ပေ့ထိုက်ကွမ်းသည် အဆောင်ထဲမှ ပျာယီးပျာယာ ပြန်လည်ထွက်ခွာခဲ့လေသည်။

ပေ့ထိုက်ကွမ်းသည် အဆောင်အပြင်ဘက်သို့ ပြန်ရောက်မှ လွတ်လပ်ပေါ့ပါးသွားသလို ခံစားရသည်။

ဇနီးသည်ရှေ့ ရောက်ရှိနေရခြင်းကား သူ့အတွက် အကျဉ်းဆောင်ထဲရောက်ရှိသလို စိတ်မသက်မသာ ခံစားရသည်။

ထို့ကြောင့် ဇနီးသည်ရှေ့မှ ပြန်လည်ထွက်ခွာခွင့်ရလိုက်သည့်အခါ သူ့အဖို့ လှောင်အိမ်ထဲမှလွှတ်မြောက်သော ငှက်ငယ်ပမာ လွတ်လပ်ပျော်ရွှင်သွားလေသည်။

သူသည် စံအိမ်တော်လုံခြုံရေးအတွက် အစောင့်အကြပ်များကို အထူးသတိဝီရိယထားဖို့ ညွှန်ကြားရန်ထွက်ခွာလာခဲ့ရာ လူသွားစင်္ကြံတစ်ခုသို့အရောက်တွင်....



သူ၏ခြေလှမ်းများ ရုတ်တရက် တုံ့ခနဲရပ်တန့်သွားလေ၏။ အကြောင်းမှာ....

သူ့ရှေ့တည့်တည့် စင်္ကြံလမ်းအကွေ့တွင် အစောင့်တစ်ယောက်သည် တိုင်တစ်တိုင်ကိုမှီလျက် မလှုပ်မယှက်ရပ်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

ပေ့ထိုက်ကွမ်း ထိတ်ခနဲဖြစ်သွား၏။

အစောင့်၏အမူအရာကို မြင်တွေ့ရရုံဖြင့်ပင် သွေးကြောပိတ်ခံထားရကြောင်း သိရှိနိုင်သည်မဟုတ်ပါလား။

ပေ့ထိုက်ကွမ်းသည်ကမန်းကတန်းပင်အစောင့်ထံသို့လျှောက်သွားလေ၏။

အနီးသို့ရောက်သည့်အခါ အစောင့်ကို သေချာစွာ စစ်ဆေးကြည့်ရှုလိုက်၏။

အစောင့်သည် မျက်လုံးမရွေ့ ခြေလက်မလှုပ်ဘဲ ကျောက်ဆစ်ရုပ်ပမာ မလှုပ်မယှက်ဖြစ်နေ၏။

ထိုအစောင့်သည် မျက်နှာစိမ်းတစ်ဦးဖြစ်ကြောင်း သတိပြုမိသော်လည်း ထိုအချက်ကို ပေ့ထိုက်ကွမ်း သိပ်အရေးမထားပါ။

ဘာကြောင့် သွေးကြောပိတ်ခံနေရသည်ကိုသာ လွန်စွာသိချင်နေမိသည်။

'ဟော့....ဒါက ဘယ်လိုဖြစ်ရတာလဲ၊ ပြောစမ်းပါဦး'

ပေ့ထိုက်ကွမ်းသည် အရော်တကြီးမေးရင်း အစောင့်၏ပခုံးရှိ သွေးကြောနေရာကို လက်ဝါးဖြင့် ဆတ်ခနဲရိုက်ပုတ်၍ သွေးကြောဖွင့်ပေးလိုက်၏။

ထိုအခါမှ အစောင့်လည်း သွေးကြောများ ပြန်ပွင့်လာဟန်ဖြင့် အသက်ပြင်းပြင်းတစ်ချက်ရှူကာ ခြေလက်များ ပြန်လည်လှုပ်ရှားလာလေသည်။

ပေ့ထိုက်ကွမ်းက အကျိုးအကြောင်းမေးမြန်းရန် ဟန်ပြင်လိုက်၏။

ယင်းတဒင်္ဂအချိန်ကလေးမှာပင်....

အစောင့်၏လက်ဝဲဘက် လက်ချောင်းနှစ်ချောင်းသည် ပေ့ထိုက်ကွမ်း၏ ပခုံးပေါ်ရှိ ကျန့်ကျင်းသွေးကြောနေရာသို့ လျှပ်တစ်ပြက် ထိုးထောက်ချလိုက်လေတော့၏။

ထိုအစောင့်၏ လက်ချောင်းတိုက်ကွက်သည် လျင်မြန်တိကျပြီး အားမာန်အပြည့်ပါ၏။

အတွင်းအား အဆင့်မနိမ့်မှန်း သိသာထင်ရှားလှသည်။

လုံးဝမမျှော်လင့် မထင်မှတ်ဘဲ ရုတ်တရက် လှုပ်ရှားလိုက်ခြင်းဖြစ်ရာ လူချင်း လွန်စွာနီးကပ်နေသော ပေ့ထိုက်ကွမ်းအဖို့ မရှောင်သာမတိမ်းသာ ဖြစ်သွားရလေသည်။



ထို့ကြောင့်....

အစောင့်၏ လက်ချောင်းထိုးချက်သည် ပေ့ထိုက်ကွမ်း၏ ပခုံးပေါ် မိမိရရပင် ထိုးစိုက်ကျရောက်သွားလေသည်။

ပေ့ထိုက်ကွမ်း၏ ခန္ဓာကိုယ်တစ်ချက်တုန်ခါသွား၏။

ထို့နောက် မလှုပ်မယှက်ငြိမ်သက်သွားတော့သည်။

ဤတွင် အစောင့်သည် ကျေနပ်သဘောကျစွာ ပြုံးလိုက်ပြီး အပေါ်မှထပ်ဝတ်ထားသော အစောင့်ဝတ်စုံကို ဆွဲချွတ်ပစ်လိုက်သည်။ မျက်နှာပေါ်မှ သားရေတုကိုလည်း ခွာချလိုက်သည်။

သူ၏ မူလရုပ်သွင် ထင်ရှားစွာပေါ်ထွက်လာ၏။

သူကား အခြားသူမဟုတ်....

ပေ့ထိုက်ကွမ်းထံမှ သိုင်းကျမ်းပြန်ပေးရန် လာရောက်တောင်းဆိုခဲ့သော ကို့ချင်းအမည်ရှိ လူငယ်လေးပင်ဖြစ်ပေတော့သည်။

❖

အစောင့်အဖြစ် ရုပ်ဖျက်ထားသော ကို့ချင်းကိုမြင်တွေ့လိုက်ရသည့်အခါ ပေ့ထိုက်ကွမ်း အံ့သြသွားသည်။

ကို့ချင်းအား ဤမျှအတင့်ရဲလိမ့်မည်ဟု လုံးဝထင်မှတ်ခြင်းမရှိခဲ့ချေ။

ကို့ချင်းက လှောင်ပြုံးပြုံးကာ....

'ဟင်း....ဟင်း....ဘယ်လိုလဲ မြို့စားမင်း၊ ကျွန်တော် ရုပ်ဖျက်ထားတာကို နည်းနည်းလေးမှ သတိမပြုမိဘူးမဟုတ်လား၊ ဒါဘာမှမဟုတ်သေးဘူးဗျ၊ တော်ကြာ မြို့စားမင်းရဲ့အဝတ်အစားဝတ်ပြီး မြို့စားမင်းအဖြစ် ရုပ်ဖျက်သိုက်မှ ခုထက်ပိုပြီး အံ့ဩသွားမှာ'

ယင်းသို့ပြောပြီးနောက် ကို့ချင်းသည် ပေ့ထိုက်ကွမ်း၏လက်ကောက်ဝတ်သွေးကြောနေရာသို့ ရုတ်တရက် ဖမ်းထောက်လိုက်လေသည်။

ကို့ချင်း ထိတ်ခနဲဖြစ်သွား၏။

အခြေအနေမဟန်မှန်းသိကာ ကမန်းကတန်း ရုန်းထွက်ရန်ကြိုးစားလိုက်သည်။

သို့သော်....

သူ့အတွက် များစွာ နောက်ကျနေလေပြီ။

ပေ့ထိုက်ကွမ်း၏ တန်ပြန်သွေးကြောပိတ်ခံလိုက်ရပြီး တစ်ကိုယ်လုံး မလှုပ်မရှားနိုင်အောင် ဖြစ်သွားတော့၏။

သို့ရာတွင် စကားတော့ ကောင်းစွာပြောနိုင်သေးသည်။



'မြို့စားမင်း....ကျွန်တော့်ကို သွေးကြောပိတ်လိုက်တာလား'

ကို့ချင်းမှာ အမှန်ပင်မယုံကြည်နိုင်အောင် ဖြစ်နေရသည်။

ပေ့ထိုက်ကွမ်းကို သူကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင်သွေးကြောပိတ်ခဲ့သည် မဟုတ်ပါလား။

သွေးကြောအပိတ်ခံထားရသူက တန်ပြန်သွေးကြောပြန်ပိတ်နိုင်သည်မှာ မယုံကြည်နိုင်ဖွယ်ရာကောင်းလောက်အောင် ထူးဆန်းလှသည်ဟု ဆိုရပေတော့မည်။

ပေ့ထိုက်ကွမ်းက ပြုံးပြလိုက်ပြီး....

'သူငယ်....မင်းရဲ့သွေးကြောပိတ်ပညာက မညံ့ပါဘူး၊ သွေးကြောနေရာကို တိတိကျကျလျှပ်တစ်ပြက် ထိုးပိတ်နိုင်ခဲ့တာအမှန်ပါပဲ၊ ဒါပေမယ့်....'

ပေ့ထိုက်ကွမ်းက ကို့ချင်းကို စိုက်ကြည့်လိုက်သည်။

ပြီးမှ....

'ဒါပေမယ့်....မင်းဟာ သိုင်းလောက အတွေ့အကြုံနုနယ်လွန်းတယ်၊ သိုင်းပညာရပ်တွေထဲမှာ သွေးကြောနေရာ ရွှေ့ပြောင်းတဲ့ပညာရပ်တစ်မျိုးရှိဇယ်ဆိုတာ မင်းမကြားဖူးဘူးထင်တယ်'

ကို့ချင်းမှာမယုံကြည်နိုင်ဟန်ဖြင့်ပေ့ထိုက်ကွမ်းကို ပြန်ကြည့်ကာ....

'ကျွန်တော့်ရဲ့ လက်ညှိုးထောက်ချက်က မြို့စားမင်းရဲ့ သွေးကြောနေရာကို ဝိတိကျကျထောက်မိခဲ့တာပါပဲ၊ ဘယ်လိုနည်းနဲ့မှ ဒီလောက်မြန်မြန် သွေးကြောပြန်မပွင့်နိုင်ဘူး'

'မင်းပြောတာမှန်ပါတယ်၊ ဒါပေမယ့် သွေးကြောနေရာကို ထိမိချိန်မှာ ငါက သွေးကြောနေရာကို ချက်ချင်းရွှေ့ပစ်လိုက်တယ်လေ၊ ခဏလောက်ပဲသွေးကြောပိတ်ခံရသလိုဖြစ်သွားတာ၊ ဒါကြောင့် ငါ့ရဲ့သွေးကြောပိတ်မသွားတာကို မင်းသတိမထားမိလိုက်တာပေါ့'

ကို့ချင်းသည် စိတ်ဓာတ်ကျသွားဟန်ဖြင့် သက်ပြင်းကြီးချတာ....

'အင်း... မြို့စားမင်းရဲ့သိုင်းပညာဟာ ကျော်ကြားသလောက်တကယ့်ကို ထက်မြက်ပါပေတယ်ဗျာ'

ပေ့ထိုက်ကွမ်းက မျက်နှာထားတည်လိုက်ပြီး ကို့ချင်း၏လက်ကောက်ဝတ်၌ ထောက်ထားသော လက်ချောင်းကို အနည်းငယ်အားစိုက်၍ဖိလိုက်၏။

နာကျင်လွန်းသောကြောင့် ကို့ချင်း၏မျက်နှာ ရှုံ့မဲ့သွားသည်။

ချွေးသီးချွေးပေါက်များကျကာ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်လာတော့၏။



'ဒီမှာသူငယ်၊ ကျင်းလိန်မြို့စားစံအိမ်ကို မင်းအထင်သေးလို့ရမယ်မျှားထင်နေသလား'

ကို့ချင်းသည် နာကျင်မှုကို အံကြိတ်တင်းခံရင်း....

'ဟုတ်ကဲ့....နောက်တစ်ကြိမ်ဆိုရင် ကျွန်တော် ခုထက်ပိုပြီးသတိထားပါ့မယ်'

ကို့ချင်း၏စကားကြောင့် ပေ့ထိုက်ကွမ်းမှာ ပို၍ဒေါသထွက်သွားလေသည်။

'ဘာ....မင်းက နောက်တစ်ကြိမ်ထပ်လာဖို့ စိတ်ကူးသေးတယ်ပေါ့ ဟုတ်လား'

ကို့ချင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့....သိုင်းလောကသား တစ်ယောက်အနေနဲ့ အသက်ရှင်နေသမျှ ကိုယ်လုပ်ရမယ့်အလုပ်ကို ပြီးပြတ်အောင် ...င်အောင် ကြိုးစားအားထုတ်နေရမှာပဲ မဟုတ်လား ခင်ဗျာ'

ပေ့ထိုက်ကွမ်းသည် ကို့ချင်းအား တအံ့တဩ ငေးကြည့်၏။

ကို့ချင်း၏ ခိုင်မာပြတ်သား...မှုနှင့် ရဲဝံ့မှုကို မလေးစားဘဲ ...နိုင်အောင် ဖြစ်သွားရ...သည်။

'ဘာလဲ....ငါ မင်းကိုမသတ်ရဲဘူးများ မင်းထင်နေသလား'

'ဒါကတော့ မြို့စားမင်းရဲ့ သဘောပဲလေ၊ ဒါပေမယ့် လူ တစ်ယောက်ကို သတ်တော့မယ်ဆိုရင် သတ်သင့် မသတ်သင့် တော့ စဉ်းစားဖို့လိုမှာပါ၊ အထူးသဖြင့် မြို့စားမင်းလို လူတစ် ယောက်က ပိုပြီးတော့တောင် စဉ်းစားဖို့လိုပါတယ်'

ကိုချင်းက မကြောက်မရွံ့ အေးစက်စက်လေသံဖြင့်ပြန်ပြေ လိုက်ရာ ပေ့ထိုက်ကွမ်းမှာ ဒေါသထွက်လာလေသည်။

'ဟေ့....ဒီမှာ ငါဒီနေ့ မင်းကိုမသတ်တာ မင်းအဖေ ကြောက်လို့မဟုတ်ဘူး၊ မင်းလိုငယ်ငယ်ရွယ်ရွယ်နဲ့ သတ္တိကောင် တဲ့ လူတစ်ယောက် အကြောင်းမဲ့သေသွားရမှာကို နှမြောလို့

ပြောပြီးသည်နှင့် ပေ့ထိုက်ကွမ်းသည် ကိုချင်းအား ခါး ပွေ့ချီကာ စံအိမ်တော်တံခါးဝသို့ လျှောက်သွားလေသည

စံအိမ်တော်ရှေ့တွင် မြင်းလှည်းရပ်ထားဆဲ ဖြစ်၏။

မြင်းလှည်းမောင်းသမားသည် မြို့စားကြီး ပေ့ထိုက်ကွ က ကိုချင်းအား ပွေ့ချီထွက်လာသည်ကို တွေ့မြင်လိုက်ရသ အခါ ရုတ်ခြည်းဆိုသလို မြင်းလှည်းပေါ်မှ လွှားခနဲခုန်ဆ လိုက်သည်။

လွန်စွာပေါ့ပါးလှ၏။



သစ်ရွက်တစ်ရွက် လေနှင့်အတူ လွင့်ကြွေလာသလိုမျိုးဖြစ် သည်။

သူ၏လှုပ်ရှားမှုကို မြင်တွေ့လိုက်ရသည်နှင့် ကိုယ်ဖော့ပညာ ထိပ်တန်းအဆင့်ရှိသော သိုင်းသမားဖြစ်ကြောင်း ပေ့ထိုက် ကွမ်း အကဲခတ်မိလိုက်သည်။

မြင်းလှည်းသမားသည် မြေပေါ်ခြေချမိသည်နှင့်....

'မြို့စားမင်း....ကျုပ်ရဲ့သခင်လေးကို လွှတ်လိုက်ပါ'

ပေ့ထိုက်ကွမ်းက မြင်းလှည်းသမားကို လှမ်းကြည့်ကာ သံပြတ်ဖြင့်....

'ဟေ့....ဒီမှာ မင်းရဲ့သခင်လေးဟာ ငါ့စံအိမ်တော်ထဲကို နှစ်ကြိမ်တိုင်တိုင်ဝင်ပြီး စော်ကားစော်ကား လုပ်ခဲ့တာ၊ ငါသာ လူ့ကိုသတ်မယ်ဆိုရင် ခုချိန်မှာ မင်းရဲ့လူ အသက်ရှိမှာမဟုတ် တော့ဘူး၊ ဒါပေမယ့် မှတ်လောက်အောင်တော့ ဆုံးမလိုက် ရမှာပဲ'

ပေ့ထိုက်ကွမ်းသည် ပြောပြီးသည်နှင့် ကိုချင်း၏ လက် ကောက်ဝတ်ကို ဖမ်းချုပ်ထားရာမှ လွှတ်လိုက်၏။

သွေးကြောပြန်ပွင့်သွားပြီဖြစ်ရာ ကိုချင်းသည် ချက်ချင်းပင် မြေပေါ်လှဲချပြီး ရှေ့သို့လှိမ့်ထွက်ကာ ထရပ်လိုက်သည်။

ယင်းနှင့် တစ်ပြိုင်တည်းမှာပင်....

မြင်းလှည်းသမားကလည်း ခါး၌ချိတ်ခွထားသည့် ကျာပွတ်ကို ဆတ်ခနဲဆွဲဖြုတ်ကာ ပေ့ထိုက်ကွမ်းအား လှမ်း၍ရိုက်ချလိုက်လေသည်။

'ချွမ်း....'

'ဖပ်....'

ပေ့ထိုက်ကွမ်းက ရိုက်ချလာသည့်ကျာပွတ်ကို လက်တစ်ဖက်ဖြင့် ဖမ်းဆွဲလိုက်ပြီး ကျန်လက်တစ်ဖက်ဖြင့် ကို့ချင်း၏နောက်ကျောကို ပုတ်ထုတ်လိုက်၏။

'အွန့်....'

မသဲမကွဲညည်းသံနှင့်အတူ ကို့ချင်းမှာ ရှေ့သို့လွင့်စဉ်လဲကျသွား၏။

တုတ်တုတ်မျှ မလှုပ်တော့ပေ။

မြင်းလှည်းသမားမှာ သူ၏ကျာပွတ်ကို ပေ့ထိုက်ကွမ်းက ဖမ်းဆွဲထားသဖြင့် ဘာမျှလုပ်မရချေ။

ပေ့ထိုက်ကွမ်းက အတွင်းအားဖြင့် ဆောင့်ဆွဲလိုက်သည့်အခါ မြင်းလှည်းသမားသည် တောင့်ခံမထားနိုင်တော့ဘဲ ပေ့ထိုက်ကွမ်း ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန်နှင့် ယိမ်းထိုးလိုက်ပါလာလေသည်။



ပေ့ထိုက်ကွမ်းက မြင်းလှည်းသမားငယ်ထိပ်ကို လက်ဝါးတစ်ဖက်ဖြင့် အသာအယာ ဖိကပ်လိုက်၏။

စင်စစ်....

ထိုမြင်းလှည်းသမားသည် လက်တစ်ထောင်ဘီလူး၏ အားအထားရဆုံး လက်ရုံးတပည့် ထိပ်တန်းသိုင်းသမား ဖြစ်သည်။

ငယ်ထိပ်ကို ရန်သူက လက်ဖြင့်ဖိကပ်လိုက်သည့်အခါ အချိန်မရွေး သေရတော့မည်ဟု ထင်မှတ်သွားလေသည်။

သို့သော်....

သူထင်မှတ်ထားသလို ဖြစ်မလာပါ။

ပေ့ထိုက်ကွမ်းသည် သူ၏ငယ်ထိပ်ကို လက်ဖြင့်ဖိကပ်ရုံသာ ဖိကပ်လိုက်သည်။ အတွင်းအားကိုလုံးဝအသုံးမပြုခဲ့ချေ။

ထို့ကြောင့် မြင်းလှည်းသမားမှာ မည်သည့်အန္တရာယ်နှင့်မျှ မကြုံခဲ့ရရှာပေ။

ကြောင်အမ်းအမ်းဖြင့် ပေ့ထိုက်ကွမ်းကို ငေးကြည့်နေမိ၏။

'ဟိတ်....မင်းဘာငေးနေတာလဲ၊ မင်းရဲ့သခင်လေးကိုလှည်းပေါ် တင်ပြီး ဒီနေရာက အမြန်ထွက်သွားတော့'

ထိုအခါမှ ငေးကြောင်နေသော မြင်းလှည်းသမား သတိပြန်ဝင်လာလေသည်။

သေရွာမှ တစ်ခေါက် ပြန်ရောက်လာရသည်ဟု တွေးကာ သက်ပြင်းမျှဉ်းမျှဉ်းချမိတော့၏။

သို့သော် တွေ့ဝေနေခြင်း မရှိပါ။

'မြို့စားမင်း ခုလိုညှာညှာတာတာ ဆက်ဆံတာ ကျေးဇူးတင်ပါတယ်'

ပြောပြီးသည်နှင့် မြေပေါ်လဲကျနေသော ကို့ချင်းကိုမွေ့ချီပြီး မြင်းလှည်းပေါ်တင်လိုက်၏။

ထို့နောက် သူကိုယ်တိုင် မြင်းလှည်းပေါ်တက်ပြီး ဇက်ကြိုးကို တစ်ချက်လှုပ်ယမ်းလိုက်ရာ မြင်းများသည် သခင့်သဘောကို နားလည်ဟန်ဖြင့် တဆုန်စိုင်း၍ ပြေးလွှား ထွက်ခွာသွားကြလေတော့သည်။

## တစ်ကြော့ပြန်

မြင်းလှည်းသည် မြို့စားကြီး၏ စံအိမ်တော်မှ ဒုန်းစိုင်းထွက်ခွာသွားသည်။

တစ်ဖက်လမ်းထိပ်သို့ ရောက်သည့်အခါ လမ်းသွယ်တစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားသည်။

လမ်းသွယ်ကလေး၏ အစွန်ဆုံးချောင်ကျကျနေရာတွင် ကြီးမားကျယ်ဝန်းသော ခြံကြီးတစ်ခြံရှိနေသည်။

မြင်းလှည်းသည် အဆိုပါခြံဝင်းဆီသို့ ဦးတည်မောင်းနှင်သွား၏။

ခြံဝင်းအနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် မီးခိုးရောင်ဝတ်စုံနှင့် လူနှစ်ယောက်သည် ခြံဝင်းတံခါးကြီးအား အဆင်သင့် ဖွင့်ပေးလိုက်ကြသည်။

မြင်းလှည်းသည် ခြံဝင်းထဲသို့ အရှိန်မပျက် ဆက်လက်မောင်းနှင် ဝင်ရောက်သွားလေသည်။

မြင်းလှည်းဝင်ရောက်သွားသည်နှင့် အစောင့်နှစ်ယောက်ကလည်း ခြံဝင်းတံခါးကြီးကို ပြန်လည်ပိတ်လိုက်ကြသည်။

မြင်းလှည်းသည် ခြံဝင်းအတွင်းရှိ အိမ်ကြီးတစ်လုံးရှေ့၌ ထိုးရပ်လိုက်သည်။

လှည်းမောင်းသမားသည် လှည်းပေါ်မှ ခုန်ဆင်းကာ မြင်းလှည်းတံခါးကို ကပျာကယာ ဆွဲဖွင့်လိုက်၏။

သူ့သခင်လေးကို စိုးရိမ်တကြီးဖြင့် ဖေးမခေါ်ဆောင်ရန်ဖြစ်သည်။

သို့သော် သူ့သခင်လေးကိုချင်းသည် ဘာမျှ မဖြစ်ဟန်ဖြင့် လှည်းအတွင်းမှ ပြုံး၍ထွက်လာ၏။

မြင်းလှည်းမောင်းသမား အံ့အားသင့်သွားသည်။

'ဟင်....သခင်လေး၊ ဘာမှမဖြစ်ဘူး ဟုတ်လား'

ကိုချင်းက ပြုံးပြရင်း...

'ဟင်း...ဟင်း....ကျွန်တော်က သမ္မာဓိပျော့အတွင်းခံ ကိုယ်ကျပ်အင်္ကျီ ဝတ်ထားတယ်လေ၊ နို့မို့ရင် ခုချိန်မှာ ကျွန်တော့်အသက်ကို ဘယ်ရှာရမှန်းတောင် သိမှာမဟုတ်ဘူး'



'တော်သေးတာပေါ့ သခင်လေးရယ်၊ ကျုပ်ဖြင့် စိတ်ပူလိုက်ရတာ'

မြင်းလှည်းသမား၏ အမည်မှာ လုပင်းဖြစ်၏။

လက်တစ်ထောင်ဘီလူး၏ လက်ဝဲရံအဆင့်ရှိသူ ဖြစ်သည်။

သိုင်းပညာအရာတွင် ကိုချင်းထက်များစွာ သာလွန်သော အတွေ့အကြုံရင့်ကျက်သည့် ထိပ်တန်းသိုင်းသမားကြီးတစ်ဦးပင် ဖြစ်ပေသည်။

လက်တစ်ထောင်ဘီလူးသည် သူ့အား လွန်စွာယုံကြည်အားထား၏။

ထို့ကြောင့်လည်း သားဖြစ်သူကိုချင်းအား စောင့်ရှောက်ရန် ယခုကဲ့သို့ အဖော်အဖြစ် တည့်ပေးလိုက်ခြင်းဖြစ်သည်။

လက်ဝဲရံလုပင်းသည် တစ်စုံတစ်ခုကို အတန်ကြာအောင် စဉ်းစားတွေးတောနေရာမှ....

'သခင်လေး....ဦး အကြံတစ်ခုပေးပါရစေလား'

ကိုချင်းအား မရဲတရဲလှမ်းပြောလိုက်၏။

'ဟုတ်ကဲ့....ပြောပါ ဦး'

လက်ဝဲရံလုပင်းသည် ခပ်ဆိုင်းဆိုင်းလုပ်နေပြီးမှ....

'ဒီလိုပါသခင်လေး၊ မြို့စားကြီးရဲ့သိုင်းပညာ က အတော် ကို ထက်မြက်တာ၊ သခင်လေးမပြောနဲ့ ဦးတောင် သူ့ကိုမယှဉ်နိုင်ဘူး၊ ဒီပုံစံအတိုင်းသာ ဆက်ပြီးစခန်းသွားနေရင် သခင်လေး အတွက် အသက်အန္တရာယ်စိုးရိမ်ရတယ်၊ ဒါကြောင့် လက်တစ်ထောင် ကောင်ကြားကိုပြန်ပြီး သခင်ကြီးကို အကျိုးအကြောင်း တင်ပြရရင် ကောင်းမလားလို့ပါ'

ကို့ချင်းသည် အိမ်ဘက်သို့လျှောက်သွားနေရာမှ တုံ့ခနဲခြေလှမ်းရပ်သွား၏။

နောက်မှ လိုက်ပါလာသည့် လက်ဝဲရံလုပင်းကို လှည့်ကြည့်ကာ....

'မဖြစ်ဘူး၊ ဖေဖေပေးလိုက်တဲ့တာဝန် မပြီးမချင်း ကျွန်တော် လက်မလျှော့နိုင်ဘူး၊ ဒါကြောင့် ပြန်ဖို့စကား မပြောပါနဲ့ဗျာ၊ ဘာဆက်လုပ်ရမလဲဆိုတာသာ ဝိုင်းကူပြီး ကြံစည်ပေးပါ'

ကို့ချင်းသည် မည်မျှခက်ခဲသည်ဖြစ်စေ....

မည်မျှအန္တရာယ်ကြီးမားသည်ဖြစ်စေ၊ တော်ရုံနှင့်လက်လျှော့တတ်သူ မဟုတ်ကြောင်း လုပင်း ကောင်းစွာသိ၏။

ထို့ကြောင့် သက်ပြင်းမျှင်းမျှင်းချကာ....

'ကျုပ်က ကြောက်လို့ပြောနေတာမဟုတ်ပါဘူး၊ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုကို အဓိပ္ပာယ်မဲ့ မစွန့်စားစေချင်လို့ပါ'



ကို့ချင်း လက်ကာပြလိုက်သည်။

'ကဲ....ဦး ဒါတွေပြောမနေပါနဲ့၊ မြေအောက်လမ်း တူးခိုင်းထားတာ ဘယ်အခြေအနေရှိနေပြီလဲ'

မည်သို့ပင်ပြောပြော....

ကို့ချင်းသည် သူလုပ်ရမည့်တာဝန်ကို မမှိတ်မသုန် ကျားကုတ် ကျားခဲ လုပ်ဆောင်တော့မည်မှာ ယုံမှားဖွယ်မရှိတော့ပြီ။

လုပင်းသည် ဖျောင်းဖျ၍ရမည်မဟုတ်မှန်း နားလည်လိုက်၏။

ထို့ကြောင့် လက်ခုပ်တစ်ချက်တီးပြီး အဖွဲ့ဝင်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

'ဟေ့....တစ်ယောက်လာစမ်း'

မီးခိုးရောင်ဝတ်စုံနှင့် လူတစ်ယောက် အပြေးအလွှားရောက်ရှိလာ၏။

'မြေအောက်လမ်းတူးတဲ့အခြေအနေ ဘယ်လိုရှိသလဲ'

လုပင်းက မေးလိုက်ရာ မီးခိုးရောင်ဝတ်စုံနှင့်လူက အရိုအသေပြုရင်း....

'ပြီးလုနီးပါပြီခင်ဗျာ၊ နောက်နှစ်ရက်လောက်ဆိုရင် မြို့စားကြီးရဲ့ စံအိမ်တော် ညှော်ခန်းအထိရောက်မယ်လို့ ခန့်မှန်းထားပါတယ်'

လုပင်း ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်....ပြီးအောင်ဆက်လုပ်ကြ'

'ဟုတ်ကဲ့ပါခင်ဗျာ'

မီးခိုးရောင်ဝတ်စုံနှင့်လူသည် အရိုအသေပြုပြီးနောက် ပြန်လည် ထွက်ခွာသွား၏။

ထိုအခါမှ လုပင်းလည်း ကို့ချင်းဘက်ပြန်လှည့်ကာ....

'ကဲ....သခင်လေး၊ အနားယူလိုက်ပါဦး၊ ဒီရက်ပိုင်းအတွင်း ကျုပ်တို့ ခဏလေးကြက်ခြေရှာဖျောက်နေလိုက်ရင် မြို့စားကြီးက သခင်လေး ဒဏ်ရာပြင်းလို့ လက်တစ်ထောင်တောင်ကြွား ပြန်သွားပြီလို့ထင်ပြီး ခပ်အေးအေးနေမှာ၊ စံအိမ်တော်လုံခြုံရေး အတွက်လဲ သိပ်ပြီးအာရုံစိုက်မိမှာ မဟုတ်တော့ဘူး'

ကို့ချင်း ခေါင်းညိတ်လက်ခံလိုက်၏။

'ဟုတ်တယ် ဦး၊ ကျွန်တော်တို့ ခဏခြေရာဖျောက်နေလိုက်ရင် စံအိမ်တော်အစောင့်တွေလဲ သတိစိရိယလျော့ပြီး ပေါ့ပေါ့ တန်တန်ဖြစ်လာကြလိမ့်မယ်'

အစောင့်များ ပေါ့ပေါ့တန်တန်နှင့် သတိလက်လွှတ်ဖြစ်နေချိန်သည် လုပ်ရှားရန်အကောင်းဆုံးအချိန်ပင် မဟုတ်ပါလား။



ည၌အတော်နက်ပြီ ဖြစ်သည်။

အခန်းတစ်ခုလုံး မီးရောင်များဖြင့် ထိန်ထိန်လင်းနေသည်။

မီးရောင်အောက်တွင် ကြမ်းခင်းကျောက်ပြားကြီး လေးချပ် တဖြည်းဖြည်းနှင့် ဘေးတိုက် ရွေ့လျားလျက်ရှိသည်။

မကြာမီ လူတစ်ကိုယ်စာအပေါက်ကြီး ဖြစ်လာကာ မြေအောက်သို့ဆင်းရန် လှေကားလေးယောက် အသင့်ပြင်ပြီး ဖြစ်နေလေသည်။

၎င်းတို့အားလုံး အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားကြ၏။

သူတို့၏လှုပ်ရှားမှုများသည် လွန်စွာ ပေါ့ပါးညင်သာလှရာ အခန်းတွင်း၌ လူရှိသည်ဟု မထင်ရအောင် လုံးဝတိတ်ဆိတ်နေပေသည်။

ထိုလူစုကား ကို့ချင်းဦးဆောင်သော လူတစ်စုဖြစ်သည်။

ကို့ချင်း၊ လုပင်းနှင့် သိုင်းပညာအဆင့်မနိမ့်သော အဖွဲ့ဝင်နှစ်ယောက်တို့ ဖြစ်ကြသည်။

'ကဲ....မင်းတို့နှစ်ယောက် တစ်ယောက်က ဒီအပေါက်ဝမှာစောင့်နေ၊ ကျန်တစ်ယောက်က မြင်းလှည်းကိုအသင့်ပြင်ထားလိုက်'

လုပမ်းက အဖွဲ့ဝင်နှင့်ယောက်ကို တီးတိုးလေသံဖြင့် တာဝန်ခွဲဝေပေးလိုက်၏။

'ဟုတ်ကဲ့...မြင်းလှည်းကို အသင့်ထွက်နိုင်အောင် ပြင်ဆင်ထားလိုက်ပါ့မယ်'

ထိုအချိန်တွင်....

'တုံ....တုံ....တုံ

အဝေးဆီမှ အုန်းမောင်းခေါက်သံ သုံးချက်တိတ်တိတ် ထွက်ပေါ်လာလေသည်။

ကိုချင်းက လက်တစ်ချက် ဝှေ့ယမ်းပြကာ....

'ကဲ....အချိန်ရောက်ပြီ၊ သွားကြမယ်'

ကိုချင်းသည် ပြောပြောဆိုဆိုပင် ရှေ့မှဦးဆောင်ကာ မြေကျင်းထဲသို့ ဆင်းသွားလေတော့၏။

လုပင်းက မီးတုတ်တစ်ချောင်းကိုင်ဆောင်၍ နောက်မှဆင်းလိုက်သွားလေသည်။

မြေအောက်၌ တူးဖော်ထားသော ဥမင်လိုဏ်ခေါင်းသည် လူတစ်ရပ်စာခန့် မရှိပါ။



ထို့ကြောင့် သူတို့သည် ဥမင်လိုဏ်ခေါင်းအတွင်း လေးဘက်ထောက်၍ သွားနေရလေသည်။

လုပင်းကိုင်ဆောင်မသောမီးတုတ်သည် အထူးစီမံထားသော မီးတုတ်တစ်မျိုးဖြစ်ရာ စိမ်းဖန့်ဖန့်အရောင် ထွက်ပေါ်နေလေသည်။

သူတို့သွားရာလမ်းကလေးတစ်လျှောက် လိုဏ်ခေါင်းတစ်ခုလုံး စိမ်းဖန့်ဖန့်အရောင်များ လင်းထိန်နေ၏။

သူတို့သည် မီးတုတ်အလင်းရောင်အားကိုးဖြင့် တရွေ့ရွေ့ရှေ့သို့သွားရာ ရေနွေးတစ်အိုးကျက်ခန့် ကြာသည့်အခါ ဥမင်လိုဏ်ခေါင်းလမ်းသည် တဖြည်းဖြည်း မြင့်တက်လာသည်ကို သတိပြုမိကြ၏။

အတန်ကြာသော် သူတို့အပေါ်ဘက်တွင် ကျောက်ပြားများခင်းထားသည့်နေရာသို့ ရောက်ရှိလာခဲ့ကြလေသည်။

ကိုချင်းသည် ကျောက်ပြားနားကပ်၍ အပေါ်ဘက်မှ အသံဗလံများကို နားစွင့်ကြည့်လိုက်သည်။

ဘာသံမျှမကြားရ။

ပကတိငြိမ်သက် တိတ်ဆိတ်နေပေသည်။

ကိုချင်းသည် ကျောက်ပြားကို လက်နှစ်ဖက်ဖြင့်မ၍ အသာတွန်းလိုက်၏။

ကျောက်ပြားသည့် အပေါ်သို့ အနည်းငယ်မြင့်တက်သွား၏။

ကိုချင်းက အသာခေါင်းမြှုပ်၍ ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်လိုက်သည်။

သို့သော်....

ဝန်းကျင်တစ်ခုလုံး မှောင်ရိပ်ကျနေသဖြင့် မည်သည့်အရာကိုမျှ သဲသဲကွဲကွဲမမြင်ရချေ။

မည်သို့ပင်ဖြစ်စေ....

လူသူမရှိသည်က သေချာ၏။

ထို့ကြောင့် သူသည် လုပင်းကို မျက်ရိပ်ပြလိုက်ပြီး ကျောက်ပြားကို နံဘေးသို့ အသာရွှေ့လိုက်လေသည်။

ပြီးနောက် အပေါ်သို့တက်လိုက်၏။

လုပင်းလည်း မီးတုတ်ကိုငြိမ်းသတ်ကာ နောက်မှတက်လိုက်ခဲ့လေသည်။

သူတို့သည် အပေါ်ရောက်သည့်အခါ ရုတ်တရက်မလှုပ်ရှားသေးဘဲ ခဏမျှငြိမ်သက်စွာရပ်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။



အခန်းတစ်ခန်းအတွင်းသို့ ရောက်ရှိနေကြောင်း သူတို့သိရှိကြသည်။

သို့သော် အမှောင်ထုက သိပ်သည်းစွာ လွှမ်းမိုးနေသဖြင့် မည်သို့သောနေရာမျိုးသို့ ရောက်ရှိနေသည်ကို မှန်းဆ၍မရချေ။

အတန်ကြာအောင် ရပ်နေပြီးမှ မျက်လုံးများက ကျင့်သားရလာသည်။

စောစောကထက် ပို၍ သဲသဲကွဲကွဲမြင်တွေ့လာရ၏။

သူတို့သည် အခန်းတစ်ခန်းထဲသို့ ရောက်ရှိနေခြင်း ဖြစ်၏။ အခန်း၏အခြားတစ်ဖက်တွင် ခုတင်တစ်လုံးရှိနေသည်ကို တွေ့ရသဖြင့် အိပ်ခန်းတစ်ခန်းအတွင်းသို့ ရောက်ရှိနေကြောင်း သိလိုက်ရသည်။

သို့ရာတွင်....

ဤအိပ်ခန်းသည် မည်သူ၏အိပ်ခန်း ဖြစ်ပါသနည်း။

အကယ်၍ မြို့စားကြီး၏အိပ်ခန်းသာဖြစ်မည်ဆိုလျှင် မည်မျှကောင်းလိုက်ပါမည်နည်း။

ကိုချင်း၏စိတ်ထဲမှ ကျိတ်၍ဆုတောင်းမိခြင်း ဖြစ်ပေသည်။

ကို့ချင်းတို့သည် မျက်စိကျင့်သားရလာပြီဖြစ်ရာ အခန်းတ
အနေအထားကို သဲသဲကွဲကွဲ မြင်တွေ့စပြုလာပြီဖြစ်သည်။

သူတို့သည် ခြေကိုဖော့နင်းလျက် ခုတင်ရှိရာသို့ အ
အယာ ချဉ်းကပ်သွားကြသည်။

ထိုစဉ်မှာပင်....

မီးရောင်တစ်ချက် ရုတ်တရက် လင်းလက်သွား၏။

မီးအိမ်တစ်လုံးကို မီးထွန်းညှိလိုက်ခြင်း ဖြစ်သည်။

မီးရောင်ကြောင့် ကို့ချင်းတို့ ငေးကြောင်သွားကြသ

ထောင်ချောက်ထဲ ငင်မိကြပြီလော။

သို့မဟုတ် တိုက်ဆိုင်မှုပင်လော။

ကို့ချင်းသည် မီးရောင်ရှိရာသို့ လှမ်းကြည့်လိုက်၏။

ခုတင်အနီးရှိ စားပွဲပေါ်မှ မီးအိမ်ကိုမီးထွန်းညှိလိုက်ခြ
ဖြစ်သည်။

ခုတင်ပေါ်၌ ခန္ဓာကိုယ်ထွားကျိုင်းသော အမျိုးသမီး
တစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။

မီးရောင်ကြောင့် သူမ၏မျက်နှာကို ကောင်းစွာမြင်ရ
သည်။



လွန်စွာအကျည်းတန်သော အမျိုးသမီးတစ်ယောက် ဖြစ်
သည်။

သို့သော်....

သူမ၏မျက်လုံးအစုံသည် လွန်စွာစူးရှတောက်ပလာ၏။

တော်ရုံတန်ရုံ လူတစ်ယောက်အနေဖြင့် သူမ၏အကြည့်ဒဏ်
ခံနိုင်လိမ့်မည် မဟုတ်ချေ။

ကို့ချင်းသည် သူမအား မြင်တွေ့လိုက်ရသည့်အခါ ပထမ
ကြောင်အမ်းအမ်းဖြစ်သွား၏။

သို့ရာတွင် မြို့စားကြီးမဟုတ်မှန်းသိရသဖြင့် စိတ်သက်သာရ
သွားလေသည်။

'အင်း....ကံကောင်းချင်တော့ မြို့စားကြီးမရှိတဲ့အချိန်နဲ့ လာ
နေတာကိုး၊ မြို့စားကြီးသာ ရှိနေရင်တော့ သက်သာမှာ
တ်ဘူး'

ကို့ချင်းသည် စိတ်ထဲမှကျိတ်၍တွေးရင်း ဝမ်းသာနေမိ
သည်။

မြို့စားကြီးမရှိသဖြင့် မိမိ၏အကြံအစည်များ အလွယ်တကူ
မြောက်အောင်မြင်လိမ့်မည်ဟု ကို့ချင်းယုံကြည်ထင်မှတ်ထား
သည်။

'မင်းတို့အချိန်မတော် ဘာလာလုပ်ကြတာလဲ'

အမျိုးသမီးကြီးထံမှ အေးစိမ့်သောစကားသံ တစ်သံ ထွ
ပေါ်လာသည်။

အမျိုးသမီးကြီးသည်သူကြီးအချိန်မတော်၌ ကို့ချင်းတို့အ
တွေ့မြင်လိုက်ရသဖြင့် အံ့အားသင့် ဖြစ်ပုံမရချေ။ အထ
တလန့်ဖြစ်သွားဟန်လည်း မရှိပေ။

ပကတိ တည်ငြိမ်အေးစက်လွန်းလှသည်။

မည်သို့ပင်ဖြစ်စေ....

ကို့ချင်းသည် မြို့စားကြီးနှင့် ပက်ပင်းမတိုးသဖြင့်ဝမ်း
ကျေနပ်နေသည်။

ပို၍လည်း အတင့်ရဲလာလေ၏။

'ခင်ဗျားက ဘယ်သူလဲ'

အမျိုးသမီးကြီးကိုစေ့စေ့ကြည့်ကာ မေးခွန်းပင် ပြန်
လိုက်သည်။

အမျိုးသမီးကြီးက အေးစက်စက် လှမ်းကြည့်ရင်း....

'မြို့စားကြီးရဲ့ အိပ်ခန်းမှာ တွေ့ရတာဆိုတော့ မြို
ကတော်ပေါ့၊ မင်းတို့ကကော ဘာကိစ္စနဲ့ညကြီးအချိန်မ
ရောက်လာရတာလဲ ပြောစမ်းပါဦး'



ကို့ချင်းမှာ အမျိုးသမီးကြီး၏စကားကြောင့် ရယ်ချင်သလို
လို ဖြစ်လာလေသည်။

ဤမျှ အရုပ်ဆိုး အကျည်းတန်လှသောအမျိုးသမီးကြီးသည်
ကျင်းလိန်နယ်တစ်ဝိုက် လျှမ်းလျှမ်းတောက် ကျော်ကြားသော
မြို့စားကြီး ပေ့ထိုက်ကွမ်း၏ဇနီးဖြစ်သည်ဟုဆိုခြင်းသည် အမြင်
မတော် ဆင်တော်နှင့်ခသောက် ဖြစ်နေသည် မဟုတ်ပါလား။

ကို့ချင်းက ပြုံးစေ့စေ့ဖြင့် အမျိုးသမီးကြီးကို လှမ်းကြည့်
ကာ....

'ကျွန်တော်တို့ မြို့စားမင်းရဲ့သမီးကို ခေါ်ဖို့ ရောက်လာ
တာပါ'

ထိုစကားကြောင့် အမျိုးသမီးကြီး ပျာယီးပျာယာဖြစ်သွား
လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။

သို့ရာတွင် အမျိုးသမီးကြီးကား တစ်ချက်ကလေးမျှပင် ရှုံ့မဲ့
ပျက်မသွားပါ။

ခုတင်ပေါ်၌ နှစ်ခြိုက်စွာ အိပ်မောကျနေသော သမီး
ဖြစ်သူအား ကရုဏာသက်စွာ တစ်ချက်လှမ်းကြည့်သည်။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ....

'အင်း... မင်းတို့က ခေါ်သွားမယ်ဆိုပေမယ့် ကျုပ်သမီးက
လိုက်မှာမဟုတ်ဘူး'

ကို့ချင်းသည် ဆက်လက်၍အချိန်မဖြုန်းလိုတော့ပါ။

အခွင့်အရေးရတုန်း အမျိုးသမီးကြီးကို သွေးကြောပိတ်ပြီး ကလေးမကိုခေါ်သွားရန် ရှေ့သို့လှမ်းထွက်လိုက်၏။

သို့သော် ခြေလှမ်းတစ်လှမ်းမျှသာ လှမ်းလိုက်ရသေးသည်။

လုပင်းထံမှ ထိတ်လန့်တုန်လှုပ်သော ဟန့်တားသံ ထွက်ပေါ်လာသည်။

'သ....သခင်လေး၊ မ....မသွား'

လုပင်းသည် စကားကိုဆုံးအောင်ပင် မပြောနိုင်ဘဲ ကြမ်းပြင်ပေါ်အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

ကို့ချင်းသည် လုပင်းထံမှ ထိတ်လန့်တကြား ဟန့်တားသံကြောင့် ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

ထိုစဉ်မှာပင် လုပင်းသည် ဝုန်းခနဲလဲပြိုကျသွားရာ ကို့ချင်းသည် ကမန်းကတန်းပင် နောက်ပြန်ဆုတ်ကာ လုပင်းအားပွေ့ချီဖေးမလိုက်၏။

'လုပင်း....လုပင်း ခင်ဗျားဘယ်လိုဖြစ်သွားတာလဲ'

လုပင်းအား လှုပ်ခါရင်း စိုးရိမ်တကြီး မေးမြန်းလိုက်သည်။



လုပင်း၏ မျက်နှာတစ်ခုလုံးကား မကောင်းဆိုးဝါး ကောင်ကြီးတစ်ကောင်ကို တွေ့မြင်နေရသလို ထိတ်လန့်ကြောက်ရွံ့လျက် ရှိနေသည်။

သူ၏ မျက်လုံးများသည်လည်း ဝိုင်းစက် ပြူးကျယ်ကာ ကြောင်တောင်တောင် ဖြစ်နေ၏။

ကို့ချင်း၏ အမေးစကားကိုပင် ကြားသိဟန်မရှိချေ။

'လုပင်း....လုပင်း....ခင်ဗျား ဘာဖြစ်နေတာလဲ၊ ပြောစမ်းပါဦး'

ကို့ချင်းသည် လုပင်းကို လှုပ်ခါရင်း အငမ်းမရ မေးလိုက်သည်။

'ဟေ့....တိတ်တိတ်နေစမ်း၊ ကျုပ်သမီး နိုးသွားဦးမယ်'

အမျိုးသမီးကြီးက လေသံအုပ်အုပ်ဖြင့် ကို့ချင်းကို လှမ်း၍ မာန်လိုက်သည်။

ကို့ချင်းသည် သူမ၏စကားကို အရေးမစိုက်နိုင်ပါ။

လုပင်းကိုလည်း လောလောဆယ်၌ အရေးမစိုက်နိုင်တော့ပါ။

အခွင့်ကောင်းရတုန်း မြို့စားကကော်ကို သွေးကြောပိတ်ကာ ရှင်းတို့၏သမီးကိုအဓိအရခေါ်ဆောင်သွားရန် ဆုံးဖြတ်လိုက်၏။

ယင်းသို့ဆုံးဖြတ်ပြီးသည်နှင့်သူသည် လက်ချောင်းနှစ်ချောင်းဖြင့် မြို့စားကတော်၏ပခုံး၌ ကျန့်ကျင်းသေနေကြောနေရာကို ချုပ်တစ်ပြက် လှမ်းထောက်လိုက်လေသည်။

သူ၏လက်ချောင်းနှစ်ချောင်းသည် မြို့စားကတော်၏ပခုံးကို ထိမိလိုက်သည်နှင့်တစ်ပြိုင်နက် သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

အကြောင်းမှာ....

သူ့လက်ချောင်းနှစ်ချောင်းသည် သံမဏိတုံးကြီးတစ်တုံးကို ထိုးလိုက်မိသည့်အလား လွန်စွာမာကျောနေကြောင်း ထိတွေ့ စားလိုက်ရသောကြောင့် ဖြစ်သည်။

မြို့စားကတော်က တစ်စုံတစ်ရာတုံ့ပြန်လှုပ်ရှားခြင်းမပြုဘဲ...

'ကျုပ်သမီး နိုးသွားမယ်လို့ သတိပေးနေတာ မင်းမကြားဘူးလား'

သူမ၏ အသံက အေးစက်မာကျောနေ၏။

သူမသည် သမီးဖြစ်သူလန့်နိုးသွားမည်ကိုသာ စိုးရိမ်နေပုံ ၏။

ကို့ချင်း၏တိုက်ခိုက်မှုကို လုံးဝအရေးမစိုက်ချေ။

ကို့ချင်းမှာ ခံပြင်းသွားပြီး ထပ်မံ၍ သေွးကြောပိတ်ကြီးစားလိုက်၏။



'ကျုပ်သတိပေးတာကို အရေးမစိုက်တာ သေချင်လို့လား'

သူမသည် ပြောရင်း လက်ဝါးတစ်ဖက်ဖြင့် ကို့ချင်း၏ဝယ်တိပ်ကို အုပ်မိုးလိုက်လေတော့သည်။

ကြီးမားပြင်းထန်သော အင်အားကြီးတစ်ခု ဝယ်ထိပ်ပေါ် အုပ်ဆိုင်းကျရောက်လာသည်ဟု ကို့ချင်း ခံစားလိုက်ရသည်။

ရုတ်ခြည်းပင် ဒူးများခွေသွတ်ကာကြမ်းပြင်ပေါ် ဒူးထောက်ကျသွားလေ၏။

ထိုအခါမှ မြို့စားကတော်သည် လွန်စွာ ကြောက်မက်ဖွယ်ရာကောင်းလှသော တိုက်ခန်းသိုင်းပညာရှင်ကြီးတစ်ဦးဖြစ်မှန်းသိကာ ကို့ချင်းရင်ထဲ၌ ကြောက်ရွံ့တုန်လှုပ်စိတ်များ ဝင်ရောက်လာရတော့သည်။

မြို့စားကတော်၏ သိုင်းပညာသည် လွန်စွာနက်ရှိုင်းပြီး ခန့်မှန်း၍ရနိုင်လောက်အောင် မြင့်မားနေသည် မဟုတ်ပါလား။

အသက်အန္တရာယ်သည် အချိန်မရွေးပင် ကျရောက်လာနိုင်ကြောင်း ကို့ချင်း နားလည်သဘောပေါက်သွားသည်။

သို့သော်....

ယခုအချိန်၌ နောက်ဆုတ်၍မရတော့ပြီ။

နောက်ဆုတ်၍ရလျှင်လည်း မြို့စားကတော်၏လက်မှ လွတ်မြောက်ရန် လမ်းစမမြင်တော့ပါ။

သို့သော် ကို့ချင်းသည် ရဲဝံ့ပြီး စိတ်ခေါတ်ခိုင်မာသူဖြစ်၏။

ထို့ကြောင့် ဣန္ဒြေပျက်လောက်အောင် ပျာယီးပျာယာဖြစ်မသွားချေ။

မြို့စားကတော်က သူ့အား အေးစက်စက်ကြည့်ကာ....

'မင်း ကျန်းဝေရှင်းရဲ့သား မဟုတ်လား'

ထိုမေးခွန်းကြောင့် ကို့ချင်းမှာ မျက်လုံးများ ဝိုက်စက်ပြူးကျယ်သွားလေသည်။

သူ့တစ်သက်တာ၌ တစ်ကြိမ်တစ်ခါမျှ ယခုလောက် အံ့သြခဲ့ဖူးခြင်း မရှိဟုပင်ထင်မိသည်။

အကြောင်းမှာ....

သူ့ဖခင်သည် သိုင်းလောကတစ်ခွင်၌ လက်တင်ထောင်ဘီလူးဟူသော အမည်ဖြင့်သာ ကျော်ကြားပြီး သူ၏အမည်ရင်းကို သိရှိသူ လွန်စွာရှားပါးလှသောကြောင့် ဖြစ်သည်။

ယခု မြို့စားကတော်သည် ဖခင်ဖြစ်သူ၏အမည်ရင်းကို တပ်အပ်သေချာ ပြောနိုင်ခြင်းသည်....



တစ်ချိန်က သူမသည် သိုင်းလောကနှင့် တစ်နည်းတစ်ဖုံဆက်နွယ်မှုရှိခဲ့သောကြောင့်သာဖြစ်မည်ဟု ကို့ချင်းတွေးမိလိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော့်အဖေက ကျန်းဝေရှင်းပါ'

ယခုတစ်ကြိမ်တွင်တော့ ကို့ချင်းသည် အသံကျယ်ကျယ်မပြောဝံ့တော့ဘဲ ခပ်အုပ်အုပ်လေသံဖြင့် ပြန်ပြောလိုက်ခြင်းဖြစ်လေသည်။

မြို့စားကတော် နှာခေါင်းရှုံ့လိုက်သည်။

'ဟင်....ကျန်းဝေရှင်းဟာ အသက်ကြီးမှဘာတွေစိတ်ကူးပေါက်ရတာလဲ၊ သူ့သိုင်းကျမ်းပျောက်တာ ဒီကိုလာရှာရသလား၊ သူ့သိုင်းကျမ်းအစုတ်ကို ကျုပ်က ဘာလုပ်ရမှာလဲ'

သူမ၏လေသံအရ သူမသည် သိုင်းလောကတစ်ခုလုံးကိုအရေးမလုပ်ဟန် ကြီးကျယ်လှကြောင်း ကို့ချင်း အကဲခတ်မိသည်။

'ခင်ဗျားဘယ်သူလဲ'

ကို့ချင်းက အရဲစွန့်၍မေးလိုက်၏။

မြို့စားကတော် မျက်မှောင်ကြုတ်သွားပြီး....

'ဟဲ့....မေးစရာလိုသေးလား၊ မြို့စားကြီး ပေ့ထိုက်ကွမ်းရဲ့ဇနီးပေါ့'

'ဟုတ်....ဟုတ်ကဲ့၊ ဒါဆို ကျွန်တော့် အဖေကို ပြန်ပြောလိုက်ပါမယ်'

မြို့စားကတော်ဘ ကိုချင်းကို စိုက်ကြည့်လိုက်၏။

ခဏကြာမှ ငယ်ထိပ်အားအုပ်မိုးထားသောလက်ကို ပြန်လည်ရုပ်သိမ်းလိုက်ကာ....

'ကောင်းပြီ၊ ကျုပ်သမီးမနိုးခင် အမြန်ဆုံး ထွက်သွားပေတော့၊ နောက်တစ်ကြိမ် ကျုပ်နဲ့တွေ့ရင် မလွယ်ဘူးလို့သာ မှတ်လိုက်ပါ၊ ကဲ....သွားတော့'

ကိုချင်းသည် ယခုမှ အသက်ဝဝရှူနိုင်တော့၏၊

သူသည် မြို့စားကတော်၏လက်မှ လွတ်မြောက်သွားသည်နှင့် သတိလစ်နေသော လုပင်းကို ကမန်းကတန်းပွေ့ချီကာ မြေအောက်လိုဏ်ခေါင်းထဲသို့ ခပ်သုတ်သုတ် ပြန်လည်ခုန်ဆင်းသွားလေတော့၏။

တောင်ပိုင်းကဘုံကျောင်း

---

မြင်းလေးကောင်ဆွဲသော မြင်းလှည်းတစ်စီးသည် ကျင်းလိန်မြို့၏ အနောက်ဘက်မြို့ရိုးတံခါးမှ ထွက်ခွာလာသည်၊

မြင်းလှည်းအတွင်း၌ လုပင်းနှင့် ကိုချင်းတို့ လိုက်ပါလာကြသည်။

ကိုချင်းသည် မျက်လုံးအပြူးသားဖြင့် ကြောင်တောင်တောင်ဖြစ်နေသော သက်ဝဲရုံလုပင်းကို ကရုဏာသက်စွာ ကြည့်နေမိ၏။

'လုပင်း....လုပင်း'

လုပင်းကိုလှုပ်ယမ်းပြီးတကြော်ကြော်ခေါ်ကြည့်သော်လည်း လုပင်းသည် ကိုချင်းကိုမျက်လုံးပြူးမျက်ဆံပြူးနှင့် ကြောင်ကြည့်နေရုံမှအပ တစ်စုံတစ်ရာတုံ့ပြန်ပြောဆိုမှုမရှိချေ။

ထို့ကြောင့် ကို့ချင်းသည် လုပင်းအတွက် လွန်စွာစိုးရိမ် ပူပန်လာမိခြင်းဖြစ်သည်။

သူသည် ကျင်းလိန်မြို့၌ ပေကပ်မနေနိုင်တော့ဘဲ လုပင်းအား မြင်းလှည်းပေါ်တင်ကာ အဖွဲ့သားများနှင့်အတူ လက်တစ်ထောင် တောင်ကြားသို့ပြန်ရန် ယခုကဲ့သို့ ကတိုက်ကရိုက် ခရီးနှင်ခဲ့ခြင်း ဖြစ်လေသည်။

ကို့ချင်းသည် ကျင်းလိန်မြို့စားကြီးနှင့်ပတ်သက်၍ အောင်မြင်မှုမရရှိခဲ့သည်ကို စိတ်ဓာတ်သိပ်မကျခဲ့ပါ။

သို့သော် ဖခင်၏လက်ဝဲရံဖြစ်သူ ယခုကဲ့သို့ ကြောင်တောင် တောင်ဖြစ်သွားသည်ကို မြင်တွေ့ရသည့်အခါ သူသည် အကြီးအကျယ်ပင် စိတ်ဓာတ်ကျသွားရလေ၏။

ထို့ကြောင့် ကျင်းလိန်မြို့သို့လာရသည့်ကိစ္စကို အရေးမလား နိုင်တော့ဘဲ လုပင်းအား အမြန်ဆုံးဆေးဝါးကုသနိုင်ရန် လက် တစ်ထောင်တောင်ကြားသို့ ကသိုက်ကရိုက် တပ်ခေါက်ပြန်လာ ခဲ့ခြင်းဖြစ်သည်။

လုပင်းအတွက် စိုးရိမ်မှုလွန်ကဲနေခြင်းကြောင့် ကျင်းလိန် မြို့မှထွက်လာကတည်းက မြင်းကိုဒုန်းစိုင်းမောင်းနှင်လာရာ နေ့ တစ်ဝက်မျှအတွင်းမှာပင် အတော်အတန်ခရီးပေါက်ခဲ့လေသည်။

မြင်းများလည်း မချပ်မနားဒုန်းစိုင်းခဲ့ရသောကြောင့် ပါးစပ် မှ အမြှုပ်တစီစီထွက်လာလေပြီ။



ထို့ကြောင့်....

ကို့ချင်းသည် လမ်းဘေးရှိအရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်သို့ ဝင်ရောက်ရပ်နားခိုင်းလိုက်ရလေသည်။

သူကိုယ်တိုင်လည်း ခေတ္တခဏ အနားယူလိုက်သည်။

သို့သော် လူကသာ နားနေရသည်။ အတွေးများကမူ ရပ် နားသည်မရှိ။

အထူးသဖြင့်....

လက်ဝဲရံကြီးလုပင်း မည်ကဲ့သို့ဖြစ်ပျက်သွားရသည်ကို အများ ဆုံး တွေးတောအဖြေရှာနေမိသည်။

ယင်းသို့တွေးတောရင်းမှပင်ဖခင်ဖြစ်သူ၏အမှာစကားကို မဆီ မဆိုင် ပြန်လည်ကြားယောင်လာမိလေသည်။

'ငါ့သား....မင်း အခုသွားရမယ့် ကျင်းလိန်မြို့စားစံအိမ်ဆို တာ ပေါ့ပေါ့သေးသေးမဟုတ်ဘူး၊ မင်းရဲ့သိုင်းပညာဟာ အဆင့် မနိမ့်တာမှန်ပေမယ့် ကိုယ့်ထက်သာတဲ့လူ၊ အဆင့်မြင့်တဲ့လူအများ ကြီးရှိတယ်ဆိုတာ မင်း ကိုယ်တွေ့ကြုံရလိမ့်မယ်'

'တကယ်လို့ မင်းမှာ အခက်အခဲတစ်ခုခုနဲ့ ရင်ဆိုင်ကြုံတွေ့ ရရင် တောင်ပိုင်းက ဘုံကျောင်းကိုသွား၊ အဲဒီရောက်တဲ့အခါ

မင်းကို ဘယ်သူဘယ်ဝါဆိုတာ မေးလိမ့်မယ်၊ မင်းက ဟောဒီ ဖယောင်းလုံးကိုပြလိုက်၊ မင်းတောင်းတဲ့အကူအညီကို သူပေးလိမ့်မယ်'

ယင်းသို့ ဖခင်ဖြစ်သူ၏အမှာစကားကို ပြန်လည်ကြားယောင်မိသည့်အခါ သူသည် ယောင်ယမ်း၍ အင်္ကျီအိတ်ထဲကို လက်ဖြင့် စမ်းလိုက်မိသည်။

ဖခင်ပေးလိုက်သည့်ဖယောင်းလုံးကို စမ်းမိလိုက်လေသည်၊

ကို့ချင်း တွေဝေသွား၏။

ဘာလုပ်ရမည်နည်း။

လက်တစ်ထောင်တောင်ကြားသို့ ပြန်မည်လော။

သို့တည်းမဟုတ်....

ဖခင်၏ အမှာစကားအတိုင်း တောင်ပိုင်းဘုန်းကျောင်းသို့ သွား၍ အကူအညီတောင်းရမည်လော။

သူသည် အတန်ကြာအောင် ချီတုံချတုံ စဉ်းစားနေသည်။

နောက်ဆုံး၌ တောင်ပိုင်းဘုန်းကျောင်းသို့သွားရန် ယတိပြတ် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။



အခက်အခဲကြုံသည်နှင့် နောက်ကြောင်းပြန်လှည့်ခြင်းသည် သူရဲဘောကြောင်သော အလုပ်ဖြစ်သည်။

စင်စစ်....

အခက်အခဲမှန်သမျှသည် မိမိ၏အရည်အသွေးကို စိန်ခေါ်ခြင်းပင် မဟုတ်ပါလား။

ထို့ကြောင့် အခက်အခဲမှန်သမျှကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပေသည်။

ကို့ချင်းသည် တောင်ပိုင်းရှိဘုန်းကျောင်းသို့သွားရန် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ပြီဖြစ်သည်။

သို့ဖြင့် သူသည် မြင်းလှည်းထိုင်ခုံအောက်မှ ဝါးကျည်တောက်ကို ထုတ်ယူလိုက်သည်။

ပြီးနောက် ဝါးကျည်တောက်ကို မြေမာပေါ် တအား ဆောင့်ချလိုက်၏။

'ရှူး'

'ဝုန်း'

ဝါးကျည်တောက်အတွင်းမှ တစ်စုံတစ်ခုသည် လေထဲသို့ ရှူးခနဲထိုးတက်သွားပြီး လေထဲမှာပင် ဝုန်းခနဲပေါက်ကွဲသွားလေသည်။

အဝါ၊ အနီ၊ အစိမ်း၊ အပြာ စသည်ဖြင့် ရောင်စုံမီးခိုးငွေ့များ သည် လေထုထဲ၌ပျံ့နှံ့ကုန်၏။

ထိုအခြင်းအရာကို အတော်အတန်ဝေးသော အရပ်မှပင် ကောင်းစွာမြင်တွေ့ သတိပြုနိုင်လေသည်။

အမှန်စင်စစ်....

ယင်းဝါးကျည်အတောက်သည် လက်တစ်ထောင်အိုးလူးဂိုဏ်း၏ အချက်ပြကိရိယာတစ်ခုဖြစ်ပေသည်။

ကို့ချင်းသည် အချက်ပြကိရိယာဖြင့် အချက်ပြပြီးနောက် သစ်ပင်အောက်၌ အေးအေးလူလူထိုင်စောင့်နေလိုက်သည်။

ရေနွေးတစ်အိုးကျက်ခန့်အကြာတွင် မြင်းနွာသံများ ဆူညံစွာ ထွက်ပေါ်လာလေတော့၏။

မြင်းရှစ်ကောင်သည် ကို့ချင်းတို့ရှိရာသို့ ဦးတည်ဒုန်းစိုင်းလာသည်။

ကို့ချင်းရှိရာ သစ်ပင်အောက်သို့ရောက်သည်နှင့် မြင်းကို တုံ့ခနဲ ရပ်လိုက်ကြသည်။

ထို့နောက် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းကာ ကို့ချင်းကို လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်ကြလေသည်။



ရှေ့ဆုံးမြင်းပေါ်မှဆင်းလာသူသည် လက်တစ်ထောင်ဂိုဏ်း၏ အထောက်တော်မှူးအိမ်မင် ဖြစ်သည်။

'ဘယ်လိုအရေးကိစ္စကြောင့် မီးရှူးပစ် လွှင့်ရ တယ် ဆိုတာ အမိန့်ရှိပါ'

ကို့ချင်းက ပြန်လည်အရိုအသေပြုရင်း....

'လက်ဝဲရံကြီး ရောဂါရနေလို့ပါ၊ ခင်ဗျားတို့ သူ့ကို ဖေဖေ့ဆီ အမြန်ခေါ်သွားပြီး ဆေးကုဖို့တာဝန်ယူပါ'

အထောက်တော်မှူးအိမ်မင် မျက်မှောင်ကြုတ်သွားသည်။

'သခင်လေးကကော တစ်ပါတည်း ပြန်မလိုက်ဘူးလား'

ကို့ချင်း ခေါင်းခါလိုက်သည်။

'ကျုပ်မှာ လုပ်စရာတာဝန်ဝတ္တရားတွေ ကျန်သေးတယ်၊ ဖေဖေ့ကို ပြောလိုက်ပါ၊ ပေးလိုက်တဲ့တာဝန်ကို အောင်မြင်အောင် ဆောင်ရွက်ပြီးမှ ပြန်လာမယ်လို့'

အထောက်တော်မှူးအိမ်မှာ ချီတုံချတုံ ဖြစ်သွားလေသည်။

ကို့ချင်းအား တစ်ကိုယ်တော် ဆက်လက်လှုပ်ရှားခွင့်ပြုရန် စိတ်မချနိုင်ဘဲ ဖြစ်နေမိသည်။

'သခင်လေး၊ ကျုပ်အမြင်ပြောရရင် အခုကိစ္စက လွယ်တဲ့ကိစ္စ မဟုတ်ဘူး၊ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုအတွက် စိတ်ပန်းလူပန်း မဖြစ်စေချင်ပါဘူး၊ ကျုပ်တို့နဲ့ပြန်လိုက်ခဲ့ပါ၊ သခင်ကြီးနဲ့တိုင်ပင်ပြီးမှ လုပ်သင့်တာကို ဆက်လုပ်ဖို့အကြံပေးပါရစေ'

ကို့ချင်း လက်ကာပြလိုက်ပြီး....

'ခင်ဗျားပြောတာ ကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်လဲ အရွယ်ရောက်နေပြီပဲ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားရတော့မယ်လေ၊ ယစ်ခန်းရှိ ဖအေဆီပြန်ပြီး အကြံဉာဏ်တောင်းနေရင် ကျုပ်တစ်သက်လုံး လူဖြစ်မှာမဟုတ်ဘူး၊ ကဲပါ.... လက်ဝဲရံကြီးကိုသာ ဖေဖေ့ဆီ အမြန်ဆုံးပို့ပေးကြပါ'

ယင်းသို့ပြောပြီးသည်နှင့် ကို့ချင်းသည် အထောက်တော်မှူး အိမင်၏မြင်းကို ဆွဲယူကာ လွှားခနဲခုန်တက်လိုက်သည်။

ထို့နောက် မြင်း၏ဝမ်းဗိုက်ကို ဖနောင့်နှင့် ခပ်ဆတ်ဆတ် ကန်လိုက်ပြီး ထိုနေရာမှ ဒုန်းစိုင်းထွက်ခွာသွားလေ၏။

အထောက်တော်မှူးတို့လူစုမှာ ကို့ချင်းကိုမတားနိုင်ဘဲ ဝေ ကြောင်ကြည့်ရင်း ကျန်ရစ်ခဲ့ကြလေသည်။



နေလုံးကြီးသည် အနောက်ဘက်ကောင်းကင်၌ မှေးမှိန်ဖျော့တော့စ ပြုနေလေပြီ။

တစ်နေ့တာအတွက် နိဂုံးချုပ်ပေတော့မည်။

'ဒေါင်....ဒေါင်....ဒေါင်....ဒေါင်'

အဝေးဆီမှ ခေါင်းလောင်းထိုးသံများ ပျံ့လွင့်ထွက်ပေါ်လာသည်။

ထိုခေါင်းလောင်းသံကား ဘုံကျောင်းဆီမှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

ကို့ချင်းသည် မြင်းကို ဒုန်းစိုင်းမောင်းနှင်နေရာ အရှိန်လျှော့ချပြီး ခေါင်းလောင်းသံများ ထွက်ပေါ်ရာသို့ ဦးတည်လိုက်လေသည်။

တောအုပ်ညို့ညို့လေးကို ဖြတ်ကျော်မိသည့်အခါ မောင်းနှမ်းနေသော ဘုံကျောင်းတစ်ကျောင်းကို ဘွားခနဲတွေ့မြင်လိုက်ရလေတော့၏။

ဘုံကျောင်းရှေ့ ဝင်းတံခါးပေါင်ပေါ်တွင် ဆေးသားများကွာကျနေပြီဖြစ်သော ဆိုင်းဘုတ်ကြီးတစ်ခုရှိနေသည်။

ဆိုင်းဘုတ်မှာ သစ်သားဆိုင်းဘုတ်ဖြစ်ပြီး စ ုလုံးများကို ဆောက်ဖြင့် ရေးထွင်းထား၏။

ကို့ချင်းက မြင်းကိုရပ်တန့်ကာ ဆိုင်းဘုတ်ပေါ်ရှိစာကို ဖတ်ကြည့်လိုက်၏။

'တောင်ပိုင်းဘုန်းကျောင်း'

သေချာပေပြီ။

ဖခင်ဖြစ်သူ ညွှန်ကြားလိုက်သော ဘုန်းကျောင်းသည် ဤကျောင်းပင်ဖြစ်၏။

ကို့ချင်းသည် မြင်းပေါ်မှလွှားခနဲ ခုန်ဆင်းလိုက်၏။

ထို့နောက် မြင်းဇက်ကိုဆွဲကာ ချည်တိုင်၌ချည်ထားလိုက်ပြီး ဘုန်းကျောင်းဆီသို့ လျှောက်သွားလေ၏။

ဘုန်းကျောင်းမှာ ဟောင်းနွမ်းနေပြီဖြစ်သော်လည်း တံခါးများမှာ အတော်အတန် ကောင်းမွန်နေသေးသည်။

ကို့ချင်းသည် ဘုန်းကျောင်းတံခါးရှေ့ရောက်သည့်အခါ အိတ်ထဲမှ ဖယောင်းလုံးကို ထုတ်လိုက်၏။

ဖယောင်းလုံးကို လက်ဖြင့်ချေလိုက်သည့်အခါ အတွင်း၌ စိမ်းဖန့်ဖန့်အရောင်များ ဝင်းလက်နေသော အမှုန့်များကို တွေ့ရသည်။

ထိုအမှုန့်များကို ဘယ်ဘက်လက်၌ သုတ်လိမ်းလိုက်၏။



ဤသို့ပြုလုပ်ခြင်းကား တောင်ပိုင်းဘုန်းကျောင်းမှ ပုဂ္ဂိုလ်နှင့် မည်သို့ဆက်သွယ်ရမည်ကို ဖခင်၏ အသေးစိတ်ညွှန်ကြားချက်အတိုင်း ပြုလုပ်ခြင်းသာဖြစ်၏။

ယင်းသို့ ပြုလုပ်ပြီးသည်နှင့် ကို့ချင်းသည် တံခါးကို ခေါက်လိုက်လေသည်။

'ဒေါက်....ဒေါက်....ဒေါက်'

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေခြင်းကြောင့် တံခါးခေါက်သံသည် လွန်စွာ ကျယ်လောင်လှသည်ဟု ထင်မှတ်ရလေသည်။

ခဏအကြာတွင် အတွင်းဘက်မှ ခြေသံတရှပ်ရှပ်ထွက်ပေါ်လာသည်ကို ကြားရသည်။

မဝေးမနှောင်းမှာပင် ခြောက်ကပ်ကပ်အသံတစ်သံ ထွက်ပေါ်လာ၏။

'ဘယ်သူလဲ၊ ဘာလာရှာတာလဲ'

အတွင်းဘက်မှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။

ဤတွင် ကို့ချင်းသည် ဖခင်ဖြစ်သူမှာကြားထားသည့်အတိုင်း မဆိုင်းမတွပင် ပြန်ဖြေလိုက်၏။

'ဘယ်သူလဲဆိုတာ တံခါးဖွင့်ကြည့်ရင် သိမှာပေါ့'

အတွင်းဘက်မှ မည်သည့်စကားသံမျှ ထပ်မံထွက်ပေါ်မလာတော့ပါ။

ခဏအကြာတွင် တံခါးအနည်းငယ် ပွင့်လာ၏။

လုံးလုံးလျားလျား တံခါးကိုဖွင့်လိုက်ခြင်းမဟုတ်ပါ။

အနည်းငယ် ဟလိုက်ခြင်းသာ ဖြစ်၏။

ကို့ချင်းက ခန္ဓာကိုယ်ကိုဘေးသို့အသာတိမ်းပြီး အစိမ်းရောင်မှုန့် သုတ်ထားသည့်လက်ကို ပွင့်နေသော တံခါးကြားမှ အတွင်းသို့ ထိုးသွင်းလိုက်၏။

အတွင်းမှလူသည် အစိမ်းရောင်အမှုန့်များ သုတ်လိမ်းထားသည့်လက်ကို မြင်တွေ့သွားသည်နှင့်....

'ဪ....ဘယ်သူများလဲမှတ်တယ်၊ အထဲကိုကြွပါ'

ပြောပြောဆိုဆိုပင် တံခါးကို လူတစ်ကိုယ်စာဝင်နိုင်အောင် ဖွင့်ပေးလိုက်လေတော့၏။

ဘုံကျောင်းတံခါး ပွင့်သွားပြီဖြစ်သည်။

သို့သော် ကို့ချင်းသည် ရုတ်တရက် အတွင်းသို့မဝင်သေးဘဲ ဝင်သင့်မဝင်သင့် အနည်းငယ်တွေဝေနေ၏။



ခဏကြာမှ ဘာဖြစ်ဖြစ်ဝင်မည်ဟူသောသဘောဖြင့် အတွင်းသို့ လှမ်းဝင်လိုက်လေသည်။

အတွင်းသို့ရောက်၍ ကြည့်လိုက်သည့်အခါ သူ့အား တံခါးဖွင့်ပေးသူမှာ ခါးကုန်းကြီးတစ်ယောက်ဖြစ်မှန်း သိလိုက်ရ၏။

မိမိတွေ့ရမည့်လူမှာ ထိုသူမဖြစ်နိုင်ဟု ကို့ချင်းထင်မိ၏။

သူထင်သည့်အတိုင်းပင်....

'ငါ့နောက်လိုက်ခဲ့'

ခါးကုန်းကြီးသည် သူ့အားရှေ့မှ လမ်းပြခေါ်ဆောင်သွားလေသည်။

ဘုံကျောင်းအတွင်းပိုင်း၌ အလင်းရောင်များ အားနည်းစပြုနေပြီဖြစ်သည်။

သို့သော် မှောင်ရိပ်ဝိုးတဝါးတော့ မဖြစ်သေးပါ။

အရာအားလုံးကို သဲသဲကွဲကွဲမြင်နေရဆဲပင် ဖြစ်၏။

ဘုံကျောင်းသည် လွန်စွာဟောင်းနွမ်းနေပြီး ပြုပြင်ထိန်းသိမ်းမှုမရှိသလောက် ဖြစ်သည်။

အချို့နေရာများ၌ ပင့်ကူမျှင်များဖြင့် ရှုပ်ထွေးနေ၏။

ကြွက်များ၊ ပိုးဟပ်များလည်း နေရာအနှံ့ ရှိနေပေသည်။

ဤသို့သောနေရာမျိုး၌ နေထိုင်နိုင်သူကို ချီးမွမ်းရမည်လား ကဲ့ရဲ့ရမည်လား ဟူ၍ပင် ကို့ချင်း မဝေခွဲတတ်တော့ချေ။

ခဏအကြာတွင် ပင့်ကူချင်တွဲလောင်းနှင့် အိပ်ခန်းတစ်ခန်းသို့ ရောက်ရှိလာသည်။

တစ်ခန်းလုံး၌ ခုတင်တစ်လုံးတည်းသာရှိ၏။ စားပွဲကုလားထိုင် စသောအခြားအသုံးအဆောင်များ ဘာတစ်ခုမျှမရှိပေ။

ခုတင်တစ်လုံးတည်းသာ ထီးထီးကြီး ရှိနေပေသည်။

ခုတင်ပေါ်တွင် ခြင်ထောင် ထောင်ထား၏။

ပိတ်ခြင်ထောင်ဖြစ်၍ အတွင်းဘက်ကို သဲသဲကွဲကွဲမမြင်ရချေ။

ခါးကုန်းကြီးသည် ကို့ချင်းအား အခန်းထဲပို့ပြီးနောက် ဘာမျှမပြောဘဲ ပြန်လည်ထွက်ခွာသွားသည်။

ကို့ချင်းမှာ အူကြောင်ကြောင်ဖြင့် အခန်းထဲ၌ ကျန်ရစ်ခဲ့လေသည်။

'မင်းဘယ်သူလဲ'

ခြင်ထောင်တွင်းမှ အက်တက်တက် ထွက်ပေါ်လာသော စကားသံကြောင့် ကို့ချင်း သတိပြန်ဝင်လာသည်။



ခြင်ထောင်တွင်းမှလူကို သဲသဲကွဲကွဲမမြင်ရသေးပါ။

'ကျွန်တော် လက်တစ်ထောင်ဘီလူးရဲ့သားပါ'

'ကြော်...မင်းက လက်တစ်ထောင်ဘီလူးရဲ့ သားကိုး၊ ကဲ... ဆိုစမ်းပါဦး၊ ဘာကိစ္စနဲ့ ရောက်လာရတာလဲ'

ကို့ချင်းသည် ဖခင်ဖြစ်သူက အခက်အခဲရှိပါက တောင်ပိုင်းဘုန်းကျောင်းသို့သွား၍ အကူအညီတောင်းခံရန် မှာကြားခဲ့သဖြင့် အားကိုးတကြီးဖြင့် ရောက်လာခဲ့ခြင်းဖြစ်သည်။

ဖခင်ဖြစ်သူက အလေးအနက်ထား၍ မှာကြားခဲ့ခြင်းကြောင့် ကို့ချင်း၏စိတ်ထဲ၌ လွန်စွာလေးစား အထင်ကြီးနေမိခဲ့သည်။

ထိုသူသည် လွန်စွာ ကြီးကျယ်သော သိုင်းပညာရှင်ကြီးတစ်ဦး ဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့၏။

သို့သော်...

ယခု သူတွေ့နေရသူကား ဟောင်းနွမ်းသော ဘုန်းကျောင်းအတွင်း၌ ဖြစ်ကတတ်ဆန်း ဆင်းဆင်းရဲရဲနေထိုင်သူဖြစ်ကြောင်း သိရှိရသည့်အခါ လွန်စွာစိတ်ပျက်သွားလေသည်။

အထင်ကြီးလေးစားနေသော စိတ်များလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်၏။

သို့ရာတွင် ရောက်မိမှတော့ လာရင်းကိစ္စကို မပြော၍မဖြစ်တော့ပါ။

ထို့ကြောင့် ဝတ်ကျေတန်းကျေသဘောဖြင့် လာရင်းကိစ္စကို အကျဉ်းချုံး၍ ပြောပြလိုက်လေ၏။

ကိုချင်း၏စကားဆုံးသည့်အခါ ခြင်ထောင်ထဲမှ လူသည် ဟက်ဟက်ပက်ပက်ပင် ရယ်မောလိုက်တော့၏။

အားရအောင်ရယ်ပြီးမှ....

'ဟာ....မင်းရဲ့အဖေက ကြံကြံဖန်ဖန်ကွာ၊ သူများရဲ့ တစ်ဦးတည်းသော သမီးကိုမှ ပြန်ပေးဆွဲချင်ရတယ်လို့ကွာ၊ ဒါကို မင်းက ဖြစ်မြောက်အောင် လုပ်မပေးနိုင်ဘူးပေါ့ ဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်၊ ဒါကြောင့် ဒီကိစ္စအောင်မြင်အောင် ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ လာပြီးအကြံဉာဏ် တောင်းတာပါခင်ဗျာ'

စိတ်ထဲကအာသင်မကြီးသော်လည်း ထိုနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေပြီဖြစ်ရာ ထိုစကားမှလွဲ၍ အခြားပြောစရာ မရှိတော့ပြီ။

ခြင်ထောင်ထဲမှ စကားသံထွက်ပေါ်လာ၏။



'အင်း....မင်းအဖေက လွှတ်လိုက်တာဆိုတော့လဲ ငါ့အနေနဲ့ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူးပေါ့ကွာ၊ ကဲ....မင်းရဲ့ သိုင်းပညာအဆင့် ဘယ်လောက်ရှိတယ်ဆိုတာ သိရအောင် မင်း လက်ပေးစမ်း၊ ငါစမ်းကြည့်မယ်'

ကိုချင်းသည် ထိုလူအား လုံးဝအာသင်မကြီးပါ၊ ဤနေရာသို့ ရောက်လာမိခဲ့သည်ကိုပင် နောင်တရသလို ဖြစ်မိသည်။

သို့သော် လှည့်ပြန်သွားလျှင်လည်း ရှိုင်းပျရာရောက်ပေတော့မည်။

ထို့ကြောင့် ရောက်မိမှတော့ မထူးသည့်အတူတူ အလိုက်အထိုက်ဆက်ဆံရန် ဆုံးဖြတ်လိုက်သည်။

ကိုချင်းသည် စိတ်မပါ့တစ်ပါဖြင့်ပင် ခြင်ထောင်ထဲသို့ လက်ဆန့်ပေးလိုက်၏။

ရိုးရိုးဆန့်တန်းပေးခြင်းမဟုတ်ပါ။ အတွင်းအားကို လက်ချောင်းများဆီစုစည်းပြီး ဆန့်တန်းပေးလိုက်ခြင်း ဖြစ်သည်။

သူ၏လက် ခြင်ထောင်ထဲရောက်သွားသည်နှင့် လက်ချောင်းသုံးချောင်းသည် သူ့လက်ဝါးပေါ် ထောက်လာလေသည်၊

ထိုလက်ချောင်းသည် သူ၏လက်ဝါးကို သံလိုက်ကဲ့သို့ဆွဲငင်နေသည်ဟု ခံစားရ၏။

'ကဲ....မင်းအားထုတ်ပြီး ရှန်းကြည့်စမ်း'

ခြင်ထောင်ထဲမှလူ၏စကားကြောင့် ကို့ချင်းမှာ ရယ်ချင်စိတ်ပင် ပေါက်လာလေသည်။

ထိုလူသည် လွန်စွာပေါကြောင်ကြောင် နိုင်လှသည်ဟု တင်မိ၏။

စိတ်ထဲကကျိတ်၍ပြုံးရင်း လက်ကိုပြန်ရုပ်လိုက်သည်။

ဤတွင် ကို့ချင်း၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရတော့၏။

အကြောင်းမှာ....

လက်ချောင်းသုံးချောင်းသည် အင်အားကြီးမားသော သံလိုက်များပမာ သူ၏လက်ဝါးကို မှုန်းထွက်မရအောင် ဆွဲငင်ထားခြင်းကြောင့် ဖြစ်သည်။

ကို့ချင်း ထိတ်ခနဲဖြစ်သွားကာ အတွင်းအားသုံး၍ ရုန်းထွက်ရန် ကြိုးစားလိုက်၏။

သို့သော် သူထုတ်လိုက်သမျှ အတွင်းအားများသည် လက်ချောင်းသုံးချောင်းနှင့် ထိတွေ့သည်နှင့် တစ်ပြိုင်နက် ပျောက်ခြင်းမလှ ပျောက်ဆုံးကုန်ရာ ကို့ချင်းမှာ ချွေးချေးများပင် ပြန်လာရတော့သည်။



အပေါ်ယံကြောကြည့်၍ ခြင်ထောင်ထဲမှလူကို အထင်သေးခဲ့မိသည်မှာ မှားလေပြီဟု ကိုယ့်ကိုကိုယ် နားလည်လိုက်သည်။

ခြင်ထောင်ထဲမှသူသည် အနေစုတ်သော်လည်း သိုင်းပညာအရာ၌ အလွန်နက်ရှိုင်းသော လူတစ်ယောက် ဖြစ်နေသည်ပေတကားပါလား။

ကို့ချင်းသည် ရှိသမျှအင်အားကိုထုတ်၍ အတင်းရုန်းထွက်ကြည့်သည့်တိုင် အရာမရောက်ဘဲဖြစ်နေ၏။

ချွေးချေးများပင်ပြန်လာသည်။

ခြင်ထောင်တွင်းမှခြောက်ကပ်ကပ်ရယ်မောသံထွက်လာသည်။

'ဟင်း....ဟင်း....ဟင်း....မင်းရဲ့သိုင်းပညာလဲ မဆိုးဘူးဘဲ'

ခြင်ထောင်ထဲမှလူသည် ပြောပြီး သူ၏လက်ချောင်းကို ခွာလိုက်၏။

ထိုအခါမှ ကို့ချင်းလည်း လက်ကို ပြန်လည်ရုပ်သိမ်းနိုင်တော့သည်။

ထိုစဉ် ခြင်ထောင်ကိုဖယ်ရှားပြီး လူတစ်ယောက်ခုတင်ပေါ်မှ ဆင်းလာလေ၏။

'ဟင်'

ခြင်ထောင်ထဲမှ ထွက်လာသူကို မြင်တွေ့လိုက်ရသည်နှင့် ကို့ချင်းမှာ မှင်တက်မိသွားတော့သည်။

စောစောက အထင်ကြီးခဲ့သမျှလည်း ရုတ်ခြည်းဆိုသလို ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တော့၏။

အကြောင်းမှာ....

ခြင်ထောင်ထဲမှထွက်လာသူသည် အရိုးအပေါ်အရေဖုံးပြီး အရိုးငုတ်တစ်ခုပမာ ကြိုလှီသေးကွေးလွန်းလှသောကြောင့်ဖြစ်သည်။

မျက်နှာတစ်ခုလုံးလည်း ပါးရေများတွန့်ခနေ၏။ ဒုက္ခိတ အဘိုးအိုတစ်ယောက်ပမာ။

လေတိုးလျှင်ပင် ပြိုလဲတော့မယောင် ထင်မှတ်ရသည်။

သိုင်းပညာနက်ရှိုင်းသော ထိပ်တန်းသိုင်းသမားတစ်ယောက်နှင့် လားလားမျှမတူပေ။

အဘိုးအိုက ကို့ချင်းကိုလှမ်းကြည့်ပြီး ဆေးချီးကပ်နေသော သွားများပေါ်အောင် ရယ်လိုက်သည်။



'ဟဲ့....ဟဲ့....မင်း ငါ့ကိုမြင်တာနဲ့ အထင်မကြီးတော့ဘူးမဟုတ်လား'

မိမိစိတ်ထဲဖြစ်ပေါ်လာသည့်ခံစားမှုကို အဘိုးအိုက တိုက်ရိုက်ပြောချလိုက်သဖြင့် ကို့ချင်းမှာ အားတုံ့အားနာ ဖြစ်သွားလေသည်။

မျက်နှာချိုသွေး၍ ပြုံးပြလိုက်ပြီး'

'ဒီလိုလဲမဟုတ်ပါဘူးခင်ဗျာ'

အဘိုးအိုက ခါးကြားမှဆေးတံကိုထုတ်ပြီး ပါးစပ်၌ခဲထားလိုက်၏။

ပြီးမှ ဆေးတံကို လက်ထဲပြန်ကိုင်ကာ....

'ဒါနဲ့ နေပါဦး၊ စောစောက မင်းပြောခဲ့တာ ဘာတဲ့လဲ၊ သြော်....သိပြီ....သိပြီ၊ မြို့စားကတော်ရဲ့သိုင်းပညာကို တော်တယ်တဲ့ ဟုတ်ရဲ့လား'

ကို့ချင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့် အဖေ အားအထားရဆုံးဖြစ်တဲ့လက်ဝဲရံကြီးတောင် မြို့စားကတော်ကို အကြောက်လွန်ပြီး ကြောင်တောင်တောင်ဖြစ်သွားရပါတယ်'

အဘိုးအိုသည် ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်ရင်း ဆေးတံကို မီးညှိလိုက်၏။

မီးစိုးများထောင်းဆောင်းသလာအောင် အားရပါးရ ရှိုက်လိုက်သည်။

ထို့နောက် တစ်စုံတစ်ရာတွေးတောဟန်ဖြင့် ငြိမ်နေလိုက်

အတန်ကြာမှ သက်ပြင်းကြီးတစ်ချက်ချကာ....

'အင်း....မင်းရဲ့ပြောပုံအရဆိုရင် ငါလဲ မြို့စားကတေ တွေ့ချင်သေးတယ်'

ယင်းသို့ပြောပြီးနောက် သူသည် ဆုံးဖြတ်ချက်ချလိုက် ဖြင့်....

'ကဲ....ဒီလိုလုပ်၊ ငါ မင်းကို မြို့စားကြီးဆီခေါ်သွားမ

'ဟာ....မလုပ်ပါနဲ့ဗျာ၊ ဒီတစ်ခါမိသွားရင်တော့ ကျွန်တေ သက်သာမှာမဟုတ်တော့ဘူး၊ အရှင်လို ကျွန်တော့်ကို အ တကြည်ပြန်လွှတ်မှာ မဟုတ်တော့ဘူးဗျ'

ကို့ချင်းက ပျာပျာသလဲပင် အကြောက်အကန်ငြင်းဆန်လို ၏။

အဘိုးအိုက ရယ်မောလိုက်ပြီး....

'မင်းနှယ်ကွာ....ငါတစ်ယောက်လုံး ရှိနေတာပဲ၊ မင်း ဘာ ကြောက်နေရမှာလဲ'



ထိုသို့ပြောပြီးသည်နှင့် အဘိုးအိုသည် အခန်းထဲမှ လှမ်းထွက် သွားလေသည်။

ကို့ချင်းလည်း မနေနိုင်တော့ဘဲ အဘိုးအိုနောက်မှ ထက်ကြပ် ကွာလိုက်ပါသွား၏။

ဘုံကျောင်းအပြင်ဘက်သို့ရောက်မှ အတော်ပင် ညဉ့်နက် နေပြီဖြစ်ကြောင်း သိလိုက်ရတော့သည်။

အရှေ့ဘက်မိုးကောင်းကင်၌ အရုဏ်ဦးရောင်ခြည်များ ယှက် မ်းစပြုနေပြီဖြစ်သည်။

မကြာမီ မိုးစင်စင်လင်းပေတော့မည်။

အဘိုးအိုနှင့် ကို့ချင်းတို့သည် ခရီးဝေးသွားလမ်းမကြီးပေါ် ရှေ့ဆင့်နောက်ဆင့် လျှောက်နေကြ၏။

အဘိုးအို ဘယ်ကိုသွားနေသည်မသိပါ။

ကို့ချင်းသည် အူကြောင်ကြောင်ဖြင့် အဘိုးအိုနောက်မှ က်ကြပ်မကွာ လိုက်လျက်ရှိ၏။

အဘိုးအို၏ခြေလှမ်းများက ခပ်မှန်မှန်ပင် လျှောက်လှမ်း
ခြင်းဖြစ်သည်။

သို့သော်....

ကို့ချင်းအနေဖြင့် လိုက်မမီနိုင်ဘဲ ဖြစ်နေသည်။

ကိုယ်ဖော့ပညာကို အသုံးပြုလျက် အလျင်အမြန်လိုက်သ
တိုင် သူနှင့်အဘိုးအိုသည် ဝါးတစ်ရိုက်ခန့် ကွာမြဲကွာနေ
သည်။

ကို့ချင်းသည် ထိုအဘိုးအိုအပေါ် ပို၍ အထင်ကြီးလေး
လာမိတော့၏။

စောစောကသာ သိမည်ဆိုလျှင် ကို့ချင်းသည် သူ၏မြင်း
ကို ဘုံကျောင်း၌ ထားရစ်မိခဲ့မည်မဟုတ်ပါ။

ခုတော့ မြင်းမပါသဖြင့် အတွင်းအားကို အသုံးပြုပြီး အ
အိုနောက်သို့ အသည်းအသန်လိုက်နေရသည် မဟုတ်ပါလား

သူတို့နှစ်ယောက်သည် ရှေ့ဆင့်နောက်ဆင့် လျှောက်လ
ကြရာ မိုးစင်စင်လင်းချိန်တွင် ကျင်းလိန်မြို့သို့ ရောက်ရှိလာ
တော့၏။

အဘိုးအိုသည် မြို့စားကြီး၏ စံအိမ်တော်သို့ တန်းတန်
မတ်ပင် ဦးတည်လျှောက်သွားလေသည်။



'အဘ....အဘ'

ကို့ချင်းက ပျာပျာသလဲ လှမ်းခေါ်လိုက်သည်။

သူ့ခေါ်သံကြောင့် အဘိုးအိုသည် ခြေလှမ်းတုံ့ခနဲ နောက်
သို့ လှည့်ကြည့်လိုက်သည်။

'ဘာလဲ....ငါ့တူ'

ကို့ချင်းက အဘိုးအိုအနီးသို့ ခပ်သုတ်သုတ် လျှောက်လာ
ရင်း....

'အဘက ဘယ်ကိုသွားမလို့လဲ'

'မင်းမြင်တဲ့အတိုင်း မြို့စားကြီးရဲ့ စံအိမ်တော်ကိုလေ'

'ဟာ....ဖြစ်ပါ့မလားအဘ'

'မင်းက ဘာကိုစိုးရိမ်နေတာလဲ'

'ဟို....ဟို....'

ကို့ချင်း ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

သူ့အနေဖြင့် အဘိုးအိုကို အထင်မသေးတော့သော်လည်း
စံအိမ်တော်ထဲ ပြောင်ပြောင်တင်းတင်း ဝင်ရောက်ရမည်ကိုစိတ်
မရဲဘဲ ဖြစ်နေသည်။

နောက်တစ်ကြောင်းမှာလည်း အဘိုးအိုအနေဖြင့် မြို့စားကြီးပေ့ထိုက်ကွမ်းကို ယှဉ်နိုင်မည်၊ မယှဉ်နိုင်မည် သူခန့်မှန်း၍မရပါ။

အကယ်၍ သူသာ မြို့စားကြီးကို မယှဉ်နိုင်ခဲ့လျှင် ကို့ချင်းအဖို့ မျှော်လင့်ချက်များ လုံးဝကွဲကြေ လွင့်ပျောက်ရတော့မည် ဖြစ်သည်။

'ကျွန်တော်တို့ စံအိမ်တော်ထဲ ဘယ်လိုဝင်ကြမလဲ အဘ'

ကို့ချင်းက သေွးထိုးစမ်းသည့်အနေဖြင့် မရဲတရဲမေးလိုက်သည်။

အဘိုးအိုက သူ့ကို မျက်မှောင်ကြုတ်၍ကြည့်လိုက်ပြီး....

'ဟ....ဘယ့်ဒိုဝင်ရမှာလဲ၊ အိမ်ရှေ့တံခါးက ဝင်မှာပေါ့ကွ၊ ဘာလဲ မင်းက မြေအောက်လိုဏ်ခေါင်းတူးပြီး ခိုးကြောင်ခိုးဝှက်ဝင်ချင်သေးလို့လား၊ ငါက ခိုးကြောင်ခိုးဝှက်လုပ်တာကို အမုန်းဆုံးပဲကွ'

ကို့ချင်းမှာ ဘာမျှပြန်မပြောဝံ့တော့ဘဲ ပါးစပ် ပိတ်သွားလေတော့၏။

ထိုအချိန်မှာပင် သူတို့သည် စံအိမ်တော် ဝင်ပေါက်ရှေ့သို့ ရောက်ရှိသွားကြပြီ ဖြစ်သည်။



အဘိုးအိုက ဝင်းအတွင်းသို့ ခပ်တည်တည်ဖြင့် လှမ်းဝင်လိုက်၏။

'ရပ်လိုက်....'

အစောင့်နှစ်ယောက်က လှံတံနှစ်လက်ကို ကန့်လန့်ဖြက်ကာရင်း ဟန့်တားလိုက်သည်။

အဘိုးအိုသည် ခြေလှမ်းရပ်သွားခြင်းမရှိဘဲ ကန့်လန့်ဖြတ်လှံတံနှစ်လက်ကို ဆွဲဖယ်ပြီး....

'မင်းတို့ရဲ့ မြို့စားကြီးနဲ့တွေ့မလို့'

ပြောပြီး ရှေ့သို့ ဆက်လက်လျှောက်သွားလေသည်။

အစောင့်များမှာ ဆက်လက်ဟန့်တားရမည်လော....

သို့မဟုတ် ဤအတိုင်း လက်ပိုက်ကြည့်နေရမည်လား....

ဝေခွဲ၍မရနိုင်ဘဲ ဇေးကြောင်ရပ်လျက် ကျန်ရစ်ခဲ့ကြလေသည်။

အဘိုးအိုသည် သိဟောင်းကျွမ်းဟောင်းတစ်ဦးပမာ စံအိမ်တော် ဧည့်ခန်းထဲ ခပ်တည်တည်ဝင်ရောက်ကာ ခင်းထားသော ကုလားထိုင်၌ အကျအနထိုင်ချလိုက်သည်။

ထို့နောက် ကြောင်တောင်တောင်နှင့်ရပ်နေသော ကိုချင်း
အား....

'ငါတို့ မင်းဘာရပ်နေတာလဲ၊ ဝင်ထိုင်လေ'

ထိုင်ခုံတစ်လုံးကိုညွှန်ပြရင်း ပြောလိုက်၏။

သူ့ပုံစံက အိမ်ရှင်တစ်ယောက်ကဲ့သို့ ပိုင်စိုးပိုင်နင်းနိုင်လှ
သည်။

ကိုချင်းမှာ ကြောင်အမ်းအမ်းဖြင့်ပင် ထိုင်ခုံတစ်လုံး၌ ဝ
ရောက်ထိုင်ချလိုက်လေသည်။

ယင်းသို့ ထိုင်ချလိုက်ပြီးမှ ဧည့်ခန်း၏ တစ်ဖက်တံခါးဝ၌
လူတစ်ယောက်ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူကား အိမ်တော်ထိန်းကြီးစမ် ဖြစ်လေသည်။

အိမ်တော်ထိန်းကြီးသည် ဧည့်ခန်းထဲသို့ ဣန္ဒြေရရ ဝင်ရော
လာပြီး....

'ဘယ်သူ့ကိုတွေ့ချင်လို့လဲ၊ ဒီကမိတ်ဆွေရဲ့ နာမည်ကကော

ယဉ်ကျေးသိမ်မွေ့စွာ မေးမြန်းလိုက်သည်။

အဘိုးအိုက အိမ်တော်ထိန်းကြီးကို မျက်လုံးတစ်ချက် ဝေ
ကြည့်ကာ....



'ကျုပ်နာမည်က အရေးမကြီးဘူး၊ မင်းတို့မြို့စားတွေရင် ငါ
ဘယ်သူလဲဆိုတာ သိလိမ့်မယ်၊ သူ့ကိုသာ အကြောင်းကြားလိုက်
ပါ'

အိမ်တော်ထိန်းကြီး မျက်မှောင်ကြုတ်သွားသည်။

သူသည် တစ်စုံတစ်ရာပြန်ပြောရန် ဟန်ပြင်လိုက်၏။

သို့သော် စိတ်ကူးတစ်မျိုးပြောင်းသွားကာ မပြောဖြစ်တော့
ဘဲ အတွင်းဘက်သို့ ချာခနဲလှည့်ဝင်လိုက်လေတော့၏။

သိပ်မကြာလှပါ။

'အဟမ်း'

ချောင်းဟန့်သံတစ်ချက်နှင့်အတူ မြို့စားကြီး ပေ့ထိုက်ကွမ်း
သည် ဧည့်ခန်းထဲသို့ လှမ်းဝင်လာလေသည်။

မြို့စားကြီး ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်နှင့် အဘိုးအို
သည် ထိုင်ရာမှထလိုက်ပြီး....

'ဟင်း....ဟင်း....ကျုပ် အခုလို ခွင့်မတောင်းဘဲ ဝင်လာတာ
ကို စိတ်များဆိုးသွားသလားဗျာ'

မြို့စားကြီး ပေ့ထိုက်ကွမ်းသည် မျက်နှာမကြည်မသာဖြင့်
လှမ်းကြည့်ကာ...

'ခင်ဗျားအိမ်ကို တစ်ယောက်ယောက်က ခွင့်မတောင်းဘဲ
ပိုင်စိုးပိုင်နင်း ဝင်လာရင် ခင်ဗျားကော စိတ်မဆိုးဘဲနေမလား'

အဘိုးအိုသည် သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး....

'ဟင်း....ဟင်း၊ ဒါဆို မြို့စားကြီးက စိတ်ဆိုးတယ်ဆိုပါတော့....'

အဘိုးအိုသည် ယင်းသို့ ပြောပြီးနောက် ကို့ချင်းဘက်သို့ လှည့်ကာ....

'ကဲ....မြို့စားကြီးက စိတ်ဆိုးတယ်တဲ့၊ မင်းကိစ္စ ဘယ်လိုလုပ်မလဲ'

ကို့ချင်းမှာ အူကြောင်ကြောင် ဖြစ်သွားပြီး....

'ဒါ....ဒါဖြင့်လဲ ကျွန်တော်တို့ ပြန်ကြပါစို့ဗျာ'

အဘိုးအိုက ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

'အို....ဘယ်ဖြစ်မလဲကွ၊ ရောက်လာမှတော့ မင်းကိစ္စကို ပြီးပြတ်အောင် လုပ်ရမှာပေါ့'

မြို့စားကြီးပေ့ထိုက်ကွမ်း မျက်မှောင်ကြုတ်သွားသည်။

'နေပါဦး....ခင်ဗျားတို့က ဘာကိစ္စနဲ့ ရောက်လာကြတာလဲ'

အဘိုးအိုက မျက်နှာချိုသွေး ပြုံးလိုက်ပြီး....

'ဟဲ....ဟဲ၊ ဒီလိုပါဗျာ၊ ဒီသူငယ်က သူ့အဖေခိုင်းလိုက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ဆီလာ အကူအညီတောင်းတယ်လေ၊ ဒါကြောင့် ကျုပ်က သူ့အတွက်....'



မြို့စားကြီး ပေ့ထိုက်ကွမ်းသည် အဘိုးအို၏စကားမဆုံးမီ လက်ကာပြလိုက်၏။

ထို့နောက် စူးရှသောမျက်လုံးအစုံဖြင့် ကို့ချင်းကိုစိုက်ကြည့်လိုက်ပြီး....

'သြော်....ဒီကိစ္စအတွက် သူက ခင်ဗျားဆီသွားပြီး အကူအညီတောင်းတာကိုး'

'ဟုတ်ပါတယ်'

မြို့စားကြီးပေ့ထိုက်ကွမ်းက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ထို့နောက် လက်ဆန့်တန်းကာ....

'ခင်ဗျားလို ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ အကူအညီပေးတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ'

'ကျုပ်ကလဲဝမ်းသာပါတယ်ဗျာ'

အဘိုးအိုကပြန်ပြောရင်း ဆန့်တန်းလာသည့် မြို့စားကြီး၏ လက်ကို ဖမ်းဆုပ်လိုက်၏။

အမှတ်တမဲ့ကြည့်လျှင် သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်နေသည်ဟု ထင်မှတ်ဖွယ်ဖြစ်သည်။

အမှန်မှာ....

သူတို့နှစ်ယောက်သည် လက်ဝါးပေါ်အတွင်းအားပို့ဆောင်ကာ ပညာချင်းပြိုင်နေကြခြင်း ဖြစ်ပေသည်။

ခဏကြာသည့်အခါ အဘိုးအိုသည် အပြုံးမပျက် ရှိနေဆဲဖြစ်၏။

သို့သော် မြို့စားကြီးပေ့ထိုက်ကွမ်း၏ မျက်နှာမူကား ဖြူဖပ်ဖြူရော် ဖြစ်လာလေသည်။

နဖူးပေါ်တွင်လည်း ချွေးသီးချွေးပေါက်များ စို့လာလေသည်။

အဘိုးအိုက ရုတ်တရက် လက်လွှတ်လိုက်ပြီး....

'ဟင်း....ဟင်း၊ မြို့စားကြီးရဲ့ပညာက ဘယ်ဆိုးလို့တုံး'

မြို့စားကြီး ပေ့ထိုက်ကွမ်းမှာ မျက်နှာကြီးတစ်ခုလုံး နီရဲသွားလေသည်။

သူသည် သက်ပြင်းမျှင်းမျှင်း တစ်ချက်ချလိုက်ပြီး....

'အင်း....ခင်ဗျားရဲ့ပညာက ကျုပ်ထက် အများကြီးသာပါတယ်ဗျာ'



ထိပ်တန်း သိုင်းပညာရှင်များချည်းဖြစ်ရှိလားမသိ၊ ခဏမျှအတွင်းအား စမ်းလိုက်သည်နှင့် မည်သူကပို၍ပညာသာကြောင်း သိသာကွဲပြားသွားဟန် တူပေသည်။

မြို့စားကြီးပေ့ထိုက်ကွမ်း မချိသွားဖြဲပြုံးရင်း အဘိုးအိုက ပို၍ပညာသာကြောင်း ဝန်ခံလိုက်လေသည်။

အဘိုးအိုက ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက်၏။

'ကဲ....မြို့စားကြီး၊ ခင်ဗျားသမီးကို ကျုပ်ဘူလက်ထဲ အပ်လိုက်ပါ၊ ခင်ဗျားသမီး မှဲ့တစ်ပေါက် မစွန်းစေရဘူးဆိုတာ ကျုပ်အာမခံတယ်'

ထိုစဉ်မှာပင် စကားသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာလေတော့၏။

'ဘယ်သူလဲ....ကျုပ်သမီးကို ခေါ်မယ်ဆိုတာ'

ရုတ်တရက် ထွက်ပေါ်လာသည့် အေးစက်စက် စကားသံကြောင့် အဘိုးအို ဖျတ်ခနဲလှည့်ကြည့်လိုက်မိ၏။

လွန်စွာအရုပ်ဆိုး အကျည်းတန်လှသော အမျိုးသမီးကြီးတစ်ဦးသည် မိန်းကလေးတစ်ဦးအား လက်ပွဲလျက် တံခါးဝ၌ ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

အဘိုးအိုသည် အမျိုးသမီးကြီးကို မြင်တွေ့လိုက်ရသည်နှင့် မျက်လုံးများဝိုင်းစက် ပြူးကျယ်သွားကာ ပါးစပ်အဟောင်းသားနှင့် မှင်တက်မိသွားလေတော့သည်။

ပေ့ထိုက်ကွမ်းကမူ တင်းမာနေသော မျက်နှာထား ရုတ်ခြည်း ပျော့ပျောင်းသွားပြီး မျက်နှာချိုသွေး ပြုံးပြလျက်...

'ဒီသူငယ်ပါ၊ သမီးကိုခေါ်သွားမယ်ဆိုတာ ခုတစ်ခေါက်တော့ သူ့အဖော်ပါ ခေါ်လာတယ်'

ကို့ချင်းကိုညွှန်ပြရင်း ပေ့ထိုက်ကွမ်းက ပျာပျာသလဲလှမ်းပြောလိုက်ခြင်းဖြစ်၏။

စင်စစ် ထိုအမျိုးသမီးကြီးသည် သူ၏ဇနီးသာ ဖြစ်ပါသည်၊

သို့သော် ပေ့ထိုက်ကွမ်း၏ ဆက်ဆံမှုမှာ လင်သားတစ်ဦးနှင့် မတူဘဲ ကျေးကျွန်တစ်ယောက်နှင့် တူနေ၏။

ဇနီးဖြစ်သူအား ဒူးတုန်အောင် ကြောက်ရသူဖြစ်ကြောင်း မြင်ရုံဖြင့်ပင် သိသာနေပြီဖြစ်သည်။

ကို့ချင်းမှာ အမျိုးသမီးကြီးကို တွေ့မြင်လိုက်ရကတည်းက မျက်စိသူငယ် နားသူငယ်ဖြစ်နေလေပြီ။

ထိုအမျိုးသမီးကြီးကား သိုင်းပညာ အံ့မခန်းတတ်မြောက်နေသော မြို့စားကတော်ဖြစ်သည်။



သူမနှင့်ပက်ပင်းလာတိုးခြင်းမှာ လွန်စွာ ကံဆိုးလှသည်ဟု တွေးမိ၏။

သို့သော် တောင်ပိုင်းဘုံကျောင်းမှ အဘိုးအိုရှိနေသဖြင့် စိတ်ဓာတ်ကျသွားခြင်း မရှိပါ။

ဘုံကျောင်းအဘိုးအိုသည် မြို့စားကတော်အား ကောင်းစွာရင်ဆိုင်နိုင်လိမ့်မည်ဟု ယုံကြည်ထား၏။

'ဩော်....မင်း ထပ်ရောက်လာပြန်တာကိုး၊ ငါ့စကားနားမထောင်တဲ့အတွက် ဒီတစ်ခါ မင်းမလွယ်ဘူးသာမှတ်'

မြို့စားကတော်၏ကြုံးဝါးမှုကြောင့် ကို့ချင်းမှာ ကျောထဲမှပင် စိမ့်တက်သွားသလို ခံစားလိုက်ရသည်။

အားကိုးတကြီးဖြင့် ဘုံကျောင်းအဘိုးအိုကို လှမ်းကြည့်လိုက်မိ၏။

ထိုအခါ သူ၏ငယ်ထိပ်သို့ မိုးကြိုးပစ်ချခံလိုက်ရသည့်အလားအုန်းခနဲဖြစ်သွားလေသည်။

အကြောင်းမှာ....

သူ အားကိုးတကြီးခေါ်ဆောင်လာသော အဘိုးအိုသည် ကျားရှေ့မှောက်လျက်လဲသော ယုန်သူငယ်ပမာ သွေးပျက်မဘတ်

ထိတ်လန့်တုန်လှုပ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် တည်း။

ဘုန်းကျောင်းမှအဘိုးအိုသည် သွေးပျက်မတတ် ထိတ်လန့် တုန်လှုပ်နေ၏။

သူသည် မြို့စားကတော်၏စူးရဲသောအကြည့်ကို ရင်မဆိုင်ဝံ့ဘဲ မျက်လွှာချသွားလေသည်။

မြို့စားကတော်က မဲ့ပြုံးတစ်ချက်ပြုံးကာ....

'လက်စသတ်တော့ မင်းကိုး'

'ဟုတ်....ဟုတ်ကဲ့၊ ကျွန်တော်ပါ'

အဘိုးအိုသည် လွန်စွာကျိုးနွံဟန်ဖြင့် ခေါင်းညိတ်အသေပြုလိုက်သည်။

မြို့စားကတော်က သူ့အား စေ့စေ့ကြည့်ကာ....

'မင်း....ကျုပ်ကို မှတ်မိသေးသလား'

အဘိုးအို ကွက်ခနဲ မျက်နှာပျက်သွားသည်။



'ဟုတ်....ဟုတ်ကဲ့၊ မှတ်မိပါတယ်'

တုန်တုန်ယင်ယင် ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေလိုက်သည်။

မြို့စားကတော်က....

'ဒါဖြင့် မင်း ဘာဆက်လုပ်မလဲ'

'ဘာ....ဘာမှမလုပ်ချင်ပါဘူး၊ ကျွန်....ကျွန်တော့်ကို ပြန်ခွင့်ပြုပါ'

'ဘာ'

အဘိုးအို၏စကားမဆုံးမီ မြို့စားကတော်က ဟိန်းဟောက်လိုက်ခြင်းဖြစ်၏။

သူမ၏အသံသည် ကျယ်လောင်လွန်းသဖြင့် ဧည့်ခန်းတစ်ခုလုံး ဟိန်းထွက်သွားသည်ဟု ထင်ရပေသည်။

အဘိုးအိုမှာ တုန်တုန်ယင်ယင်ဖြင့် ခေါင်းငိုက်စိုက်ကျသွားလေသည်။

'အပြစ်ပေးရင်လဲ ခံ....ခံပါ့မယ်ဗျာ'

အဘိုးအိုကိုကြည့်ရသည်မှာ လွန်စွာစိတ်ခြောက်ကျနေဟန်ရှိပေသည်။

ဘုံကျောင်းမှထွက်လာစဉ်ကကဲ့သို့ တက်ကြွဝင့်ကြွားခြင်း
တော့ပေ။

စောစောပိုင်းက ကေသရာဇာခြင်္သေ့အသွင်ရှိနေသော အ
အိုသည် ယခုအခါ သားကောင်ငယ်တစ်ဦးပမာ ထိတ်လန့်
ယင်လျက် ရှိနေလေသည်။

ပြောင်းလဲမှုကား မယုံကြည်နိုင်ဖွယ်ရာပင်ဖြစ်ပေတော့သ

မြို့စားကတော်သည် အဘိုးအိုအား အေးစက်စက်စိုက်ကြ
ရင်း....

'မင်းမသိလို့လိုက်ခဲ့တာ၊ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်လိုက်ပ
ဒါပေမယ့်'

သူမသည် ကို့ချင်းကို ညွှန်ပြလိုက်ပြီး....

'ဒီသူငယ်ကိုထားခဲ့ပြီး မင်းပြန်တော့'

အဘိုးအို ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

'ဒီတစ်ကြိမ်လာတာ သူ့ဆန္ဒမဟုတ်ပါဘူးခင်ဗျာ၊ ကျွန်
ကျွန်တော် ခေါ်လာတာပါ၊ ဒါ...ဒါကြောင့်'

အဘိုးအိုက ထစ်ထစ်ငေါ့ငေါ့ဖြင့် စောဒကတက်ရ
စကားမဆုံးမီမှာပင်....

'ဘာလဲ၊ မင်းက ကျုပ်ကို အာခံချင်တာလား'



အဘိုးအို ထိတ်လန့်တကြား ခေါင်းခါလိုက်သည်။

'မ... မဟုတ်ပါဘူးခင်ဗျာ၊ သူ....သူ....မလာဝံ့ပါဘူး၊ ကျွန်....
န်တော် အတင်းခေါ်လာလို့ပါ'

မြို့စားကတော်က အဘိုးအိုအား စူးစူးရဲရဲစိုက်ကြည့်ကာ....
'ကျုပ် စကားတစ်ခွန်းပဲပြောမယ်၊ မင်း ခုချက်ချင်းထွက်
ားပါ၊ ကျုပ် စိတ်ပြောင်းသွားရင် မင်းလဲ သက်သာမှာ
ဟုတ်ဘူး'

ကို့ချင်းသည် မိမိအတွက်အခက်ကြုံနေသော အဘိုးအိုကိုကြည့်
ာ စိတ်မကောင်းဖြစ်သွားလေသည်။

'ကဲပါ...ဦး ဒီက အမြန်ထွက်သွားပါတော့၊ ကျွန်တော့်
ဖေဖေ့ဆီသာ သတင်းပို့ပေးပါ'

အဘိုးအိုမှာ မြို့စားကတော်၏အမိန့်ကို လွန်ဆန်ဝံ့ဟန်မရှိ
။

ကို့ချင်းကို အားတုံ့အားနာ လှမ်းကြည့်လိုက်ပြီး....

'ငါ့တူ ဒီတစ်ခါတော့ ဦးမှားသွားပြီ။ ဦးကို ခွင့်လွှတ်ပါ
ာ'

အဘိုးအိုသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ အခန်း
မှ ပျာယီးပျာယာ ထွက်ခွာသွားလေတော့၏။

❖

အခန်းထဲတွင် ကို့ချင်းတစ်ယောက် ငူငူကြီးရပ်လျက် ကျန်
ခဲ့၏။

မြစားကတော်က ကို့ချင်းကို ခြေဆုံးခေါင်းဆုံး စေ့
စပ်စပ်ကြည့်လိုက်ပြီး ပေ့ထိုက်ကွမ်းဘက်လှည့်ကာ....

'ဒီသူငယ်ကြည့်ရတာ အတော့်ကို ခေါင်းမာပုံရတယ်၊ သူ့
မြင်းဇောင်းထဲမှာ ကြိုးနဲ့ဆွဲထားလိုက်'

ပေ့ထိုက်ကွမ်းသည် အစေအပါးတစ်ဦးပမာ ပျာပျာ
ခေါင်းညိတ်လိုက်၏။

'ဟုတ်... ဟုတ်ကဲ့၊ ကျုပ် အခုပဲ သူ့ကိုခေါ်သွားပါ့

သူသည် ယင်းသို့ပြောပြီးနောက် ကို့ချင်းဘက်သို့လှည့်
၏။

မျက်နှာထားပါ ပြောင်းသွားသည်။

ဇနီးသည်ကိုဆက်ဆံသလို ပျော့ပျောင်းခြင်းမရှိတော့ပေ

မျက်နှာထားကြီးတင်းကာ....

'ဟိတ်ကောင်....လာ၊ ငါနဲ့လိုက်ခဲ့'

ပြောပြောဆိုဆိုပင် ကို့ချင်းကိုဆွဲခေါ်သွားရာ ကို့ချ
ယက်ကန်ယက်ကန်နှင့် လိုက်ပါသွားရလေတော့၏။

## မသိမ့်တာပတ်

နေရောင့်ကွယ်ပျောက်သွားပြီ ဖြစ်သည်။

အမှောင်ထုက နေရာယူစိုးမိုးလာသည်။

ညပိုင်းသို့ရောက်သည်နှင့် အအေးဓာတ်က လွှန်ကဲလာသည်။

တစ်ချက်တစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသော လေပြင်း
သည် အရိုးကွဲမတတ် အေးစိမ့်လှ၏။

မြင်းဇောင်းတွင် ကြိုးဖြင့်တွဲလောင်း ချည်နှောင်ခြင်းခံနေရ
သော ကို့ချင်းအဖို့ ရေခဲဖြင့် အစိမ်ခံထားရသည့်အသား တစ်
ကိုယ်လုံး အေးစက်တောင့်တင်းနေပေတော့သည်။

တစ်ချိန်လုံး ကြိုးဖြင့် တွဲလောင်းချည်နှောင်ထားခြင်း ခံရ
သည့်အတွက် ပထမတော့ သူ တောင့်ခံနိုင်ခဲ့သည်။

သို့သော်....

အချိန်ကြာလာသည့်အခါ သူ မခံနိုင်တော့ပါ။

အားတင်း၍ စောင့်ခံနေသည့်ကြားမှပင် တဖြည်းဖြည်း သတိလစ်သွားတော့၏။

မည်မျှအချိန်ကြာသွားမှန်းမသိ၊

နားထဲတွင် အသံတစ်သံကြားလိုက်ရပြီး သတိပြန်ဝင်လာ၏၊

မျက်လုံးများကို အားယူဖွင့်ကြည့်လိုက်သည်။

ထိုအခါ....

အမြင်အာရုံ၌ မပီဝိုးတဝါး လူရိပ်သဏ္ဌာန် တစ်ခုထင်ဟပ်လာ၏။

သူ၏ရင်ထဲထိတ်ခနဲဖြစ်သွားသည်။

တစ်စုံတစ်ယောက်က မိမိအား ရန်မူရန်ရောက်လာခြင်းပင်လော။

ယခုအချိန်၌ သူသည်ရန်သူ၏ လက်ခုပ်ထဲမှရေပင်ဖြစ်သည်၊

ရန်သူပြုသမျှ နုရတော့မည့် အနေအထားတွင်ရှိသည်။

တစ်ကိုယ်လုံးကြိုးဖြင့်တုပ်ပြီး ထုတ်တန်း၌ တွဲလောင်းချိတ်ခံထားရသဖြင့် ဘယ်သူဘာလုပ်လုပ် လုပ်သမျှ လည်စင်းခံတော့မည်ယာ။



သူသည် မျက်လုံးများကို အားယူ၍ သေချာကြည့်လိုက်၏။

ပထမတွင် အမြင်အာရုံက မပီပြင်မကွဲပြား၊

တစ်ခဏကြာမှ....

မြင်နေရသောလူရိပ်သည် တဖြည်းဖြည်းနှင့် ပီပြင်သဲကွဲလာတော့သည်။

မိန်းကလေးတစ်ယောက်။

သူ တွေ့မြင်ရသော လူရိပ်သည် မိန်းကလေးတစ်ယောက်ဖြစ်၏။

ဝိုင်းစက်သော မျက်လုံးများနှင့် သူ့အား ကြည့်နေခြင်းဖြစ်သည်။

သူ အံ့အားသင့်သွား၏။

ထိုမိန်းကလေးသည် မြို့စားကြီး ပေ့ထိုက်ကွမ်း၏သမီး ဖြစ်နေသောကြောင့်ပင်။

သူမသည် ဤနေရာသို့ မည်သည့်အကြောင်းကိစ္စဖြင့် ရောက်နေရပါသနည်း။

သူမ တစ်ယောက်တည်းလား....

ကို့ချင်းသည် ဇော်းရင်းဘေးဆီသို့ မျက်လုံး ဝေ့ကြည့်လိုက်၏။

ကြိုးဖြင့် တွဲလောင်းချိတ်ခံထားရသဖြင့် ကြည့် ချင် သလိုကြည့်၍မရပါ။

ထို့ကြောင့် လေထဲမှာပင် တစ်ပတ်လှည့်၍ ကြည့်ရှုအကဲခတ်လိုက်ရလေသည်။

အဆိုပါမိန်းကလေးမှလွဲ၍ အခြားမည်သူ့ကိုမျှ မတွေ့ရပါ။

တစ်ခြမ်းပဲ့လကလေး၏ အလင်းရောင်သည် မြင်းဇောင်းထဲသို့ တိုက်ရိုက်ထိုးဝင်ကျရောက်နေသဖြင့် အရာအားလုံးကို ပြင်သဲကွဲစွာ မြင်တွေ့ရသည်။

လရောင်ဆမ်းသော မိန်းကလေး၏မျက်နှာသည် နုနယ်ချော မောလှန်းပေ၏။

အကျည်းတန်လှသော မြို့စားကတော်သမီးပါဟုဆိုလျှင် မည်သူက ယုံနိုင်ပါမည်နည်း။

ကို့ချင်းသည် အနေရအထိုင်ရ ခက်သည့်ကြားမှပင် မိန် ကလေးအားကြိုးစား၍ ပြုံးပြလိုက်လေသည်။

မိန်းကလေးက သူ့အား အတန်ကြာအောင် ဝေးမေ ကြည့်နေ၏။



ပြီးမှ...

'လက်တစ်တောင်တောင်ကြားမှာပန်းခင်းကြီးတွေရှိတယ်ဆိုတာဟုတ်ရဲ့လား'

မိန်းကလေးမှာ ကလေးစိတ် ကုန်သေးဟန် မတူပါ။

ကို့ချင်းအား ရန်သူမိတ်ဆွေဟူ၍ ခွဲခြားဆုံးဖြတ်ရမှန်း နားမလည်။

သူမစိတ်ဝင်စားသည့် အကြောင်းအရာကိုသာ အငမ်းမရ လှမ်းမေးလေသည်။

မိန်းကလေး၏ အမေးစကားကြောင့် ကို့ချင်း ရုတ်တရက် ငိုင်သွား၏။

သို့သော် ချက်ချင်းပင် အကြံရကာ...

'ဟုတ်တယ်မိန်းကလေး၊ လက်တစ်တောင် တောင်ကြားမှာ ပန်းခင်းတွေ အများကြီးရှိတယ်၊ အင်မတန်လှတာ၊ နောက်ပြီး ငှက်ကလေးတွေလဲ အများကြီး၊ လိပ်ပြာကလေးတွေကလဲ ပန်းခင်းထဲမှာ ဟိုပျံဒီပျံနဲ့ အရမ်းလှတာပဲ၊ အို... ရောက်ဖူးတဲ့လူတိုင်း မပြန်ချင်လောက်အောင် သိပ်ပျော်စရာကောင်းတဲ့ နေရာပေါ့'

ကို့ချင်းက၊ မိန်းကလေး စိတ်ဝင်စားအောင် ဖွဲဖွဲနွဲ့နွဲ့ပြောဆိုလိုက်ရာ....

မိန်းကလေး၏မျက်လုံးများ အရောင်တဖျပ်ဖျပ် တောက်ပလာသည်။

ကို့ချင်း ပြောပြသည့် လက်တစ်ထောင်တောင်ကြား၏ သာယာလှပပုံကို လွန်စွာစိတ်ဝင်စားသွားပုံရ၏။

'အစ်ကို ရောက်ဖူးလို့လား'

'အစ်ကိုက အဲဒီမှာနေတာလေ'

မိန်းကလေးသည် တစ်စုံတစ်ရာတွေးတောနေဟန်ဖြင့် ငေးငိုင်သွား၏။

ခဏကြာသည့်အခါ ခေါင်းပြန်မော့ကြည့်လိုက်ပြီး....

'အစ်ကို ကျွန်မကိုလာခေါ်တာလို့ကြားတယ်၊ အဲဒါ အဖေနဲ့အမေက ဘာဖြစ်လို့မထည့်တာလဲ'

မိန်းကလေးသည် ငယ်ရွယ်နုနယ်လှသဖြင့် ဘာဆိုဘာမျှ နားမလည်ကြောင်း ကို့ချင်းသိလိုက်သည်။

ဤအချက်သည် သူ့အတွက် အခွင့်ကောင်းတစ်ခုပင် မဟုတ်ပါလား။

အမိအရဆုပ်ကိုင်နိုင်ဖို့ပဲ လိုသည်။

သူသည် မိန်းကလေးအား ပြုံးပြလိုက်ပြီး....



'ဒီလိုပါ၊ အစ်ကို့ဖေဖေနဲ့ ညီမဖေဖေက ဆွေမျိုးအရင်းအချာတွေပါ၊ ဖေဖေက ညီမတစ်ယောက်တည်း အိမ်မှာနေရတာ ပျင်းနေရှာမှာတဲ့၊ ဒါကြောင့် ညီမကို ပန်းခင်းတွေထဲလည်ပတ်ကြည့်ရှုဖို့ အစ်ကို့ကို လာခေါ်ခိုင်းတာ၊ ညီမရဲ့အဖေအမေက မလွှတ်ချင်လို့နေမှာပေါ့'

မိန်းကလေးသည် ငေးငိုင်သွားပြန်၏။

မိန်းကလေး စိတ်ဝင်စားနေပြီဖြစ်ကြောင်း အကဲခတ်မိသဖြင့် ကို့ချင်းက စကားဆက်လိုက်ပြန်သည်။

'အစ်ကိုတို့နေရာက အရမ်းကိုသာယာတာညီမရဲ့၊ ညီမလေး မလိုက်ချင်ဘူးလား'

မိန်းကလေးသည် မဆိုင်းမတွပင် ခေါင်းညိတ်လိုက်လေသည်။

'လိုက်ချင်တာပေါ့၊ ဒါပေမယ့် ဖေဖေနဲ့မေမေကမှ မလွှတ်ဘဲ'

ကို့ချင်းက ရယ်လိုက်သည်။

'ညီမလိုက်ချင်ရင် အစ်ကိုခေါ်သွားမယ်၊ အစ်ကို့ကို ကြိုးဖြေပေး'

မိန်းကလေးက မျက်လုံးကလေးအဝိုင်းသားဖြင့် ကို့ချင်းကို မော့ကြည့်သည်။

'ဟင့်အင်း....မဖြစ်ဘူး၊ ဒေမမဆူလိမ့်မယ်'

ကို့ချင်း မျက်မှောင်ကြုတ်သွားသည်။

'ညီမ....အခုဒီကိုလာတာ ညီမအမေသိသလား'

မိန်းကလေးက ခပ်သွက်သွက်ပင် ခေါင်းခါလိုက်၏။

'ဟင့်အင်း.... ဒေမမမသိအောင် ကျွန်မ တိတ်တိတ်ကလေး ထွက်လာတာ'

ထိုစကားကြားလိုက်ရသည့်အခါ ကို့ချင်းစိတ်ခေတ်တက်ကြွလာသည်။

ဤအတိုင်းဆိုလျှင် မိန်းကလေးအား ဆက်လက်စည်းရုံးဖြားယောင်းဖို့ အခွင့်အလမ်းသာနေသည် မဟုတ်ပါလား။

'ဒါဆို ပိုကောင်းတယ်၊ အဒေမမသိအောင် အစ်ကိုနဲ့ တိတ်တိတ်ကလေးလိုက်ခဲ့ပေါ့'

မိန်းကလေးမှာ ချီတုံချတုံဖြင့် ဇဝေဇဝါဖြစ်သွား၏။

ကို့ချင်းက အားမလိုအားမရလေသံဖြင့်....

'ညီမစိတ်ကူးမလွဲနဲ့၊ အခုအချိန်က ညီမအတွက် အခွင့်အရေးကောင်းပဲ၊ အမြန်သွားပြီး အမြန်ပြန်လာရင် ညီမအဒေမမသိနိုင်ဘူး'



ကို့ချင်းသည် မိန်းကလေး စိတ်ဝင်စားနေသည်ကို သိသဖြင့် ထပ်မံစည်းရုံးလိုက်ခြင်း ဖြစ်သည်။

မိန်းကလေးသည် မိခင်ဖြစ်သူမသိဘဲ သွားနိုင်ပြန်နိုင်ကြောင်း ကြားရသည့်အခါ မျက်နှာတစ်ခုလုံး ဝင်းထိန်သွားလေသည်။

'ဟင်....တကယ်ပြောတာလား အစ်ကို'

ကို့ချင်း ခေါင်းညိတ်ပြလိုက်သည်။

'တကယ်ပြောတာပေါ့၊ ညီမ ဘာမှမပူနဲ့၊ အစ်ကို အားလုံး တာဝန်ယူတယ်၊ ကဲ....အချိန်ရှိတုန်း အမြန်သွားရအောင်၊ အစ်ကို့ကို ကြိုးဖြေပေး'

မိန်းကလေးသည် တဒင်္ဂမျှတွေဝေသွား၏။

ကို့ချင်းမှာ ရင်ထဲ၌ ဒိတ်ဒိတ်ခုန်နေလေ၏။

မိမိ၏ သွေးဆောင်စည်းရုံးမှုမှာ အမှန်တကယ် ထိရောက်နိုင်ပါမည်လား။

သူသည် စိတ်လှုပ်ရှားစွာဖြင့် မိန်းကလေးမည်သို့ တုံ့ပြန်မည်ကို စိတ်စောနေမိလေသည်။

မိမိအကြံသာ မအောင်မြင်ခဲ့ပါက လွတ်မြောက်ဖို့လမ်းစမမြင်တော့ကြောင်း နားလည်ထားသဖြင့် ပို၍ စိတ်စောနေမိတော့သည်။

ညဲ့ယည့် တိတ်ဆိတ်နေ၏၊

ကိုယ့်ရင်ခုန်သံကိုပင် ကိုယ်ပြန်ကြားနေရသလို ရှိသည်။

ကို့ချင်းသည် မိန်းကလေး မည်သို့ဆုံးဖြတ်မည်ကို အကဲခတ်ရင်း လူမောစိတ်မော ဖြစ်လျက်ရှိနေလေသည်။

ထိုစဉ်....

'ဝှစ်....'

မိန်းကလေး၏ လက်ကလေးတစ်ချက် လှုပ်ရှားသွားပြီး လေတိုးသံသဲ့သဲ့ ထွက်ပေါ်လာ၏။

တစ်ပြိုင်တည်းမှာပင်....

အလင်းရောင်တစ်ချက် ပြိုးပြက်ဝင်းလက်သွား၏။

ဓားပါးလေးတစ်လက်....

လက်ကိုင်ဓားရိုး၌ သေးငယ်သော သံကြိုးလေးတစ်ချောင်း ချည်နှောင်ထားသည်။

သံကြိုးလေး၏တစ်ဖက်စွန်းသည် မိန်းကလေး၏လက်ကောက်ဝတ်၌ ဝတ်ဆင်ထားသော ကျောက်စိမ်းလက်ကောက်နှင့် ဆက်ထား၏။

ဓားရောင်သည် စိမ်းဖန့်ဖန့်အရောင် တလက်လက်တောက်ပနေသည်။



ကို့ချင်းသည် ထူးခြားဆန်းကြယ်သော လက်နက်များနှင့် ရင်းနှီးကျွမ်းဝင်ဖူးသူဖြစ်ရာ အဆိုပါဓားကလေးကို လှစ်ခနဲမြင်တွေ့လိုက်ရရုံဖြင့်ပင် လွန်စွာတန်ဖိုးရှိသော ဓားကောင်းတစ်လက်ဖြစ်ကြောင်း နားလည်သိမြင်လိုက်လေသည်။

တဒင်္ဂမျှသော အချိန်ကလေးအတွင်း၌ ဓားပါးလေးသည် လေထုကို ထိုးခွဲလျက် ကို့ချင်းအား ချည်နှောင်ထားသည့်ကြိုးကို တိခနဲဖြတ်ချလိုက်သည်။

'ဘုတ်'

ချည်နှောင်ထားသောကြိုး ပြတ်ကျသွားသဖြင့် ကို့ချင်းမှာ အောက်ဘက်ကောက်ရိုးများခင်းထားရာသို့ ခြေပစ်လက်ပစ်ပြုတ်ကျသာ၏။

အချိန်ကြာမြင့်စွာ ကြိုးဖြင့်ချည်နှောင်ချိတ်ဆွဲခံထားရသဖြင့် ကို့ချင်းသည် တစ်ကိုယ်လုံးထုံထိုင်းကာ အတန်ကြာသည်အထိ မလှုပ်ရှားနိုင်ဘဲရှိနေလေသည်။

မိန်းကလေးသည် သူ့အနီးသို့လျှောက်လာပြီး ခြေလက်များ၌ ချည်နှောင်ထားသည့်ကြိုးများကို လှီးဖြတ်ပေးလိုက်သည်။

အချိန်အနည်းငယ်ကြာမှ ကို့ချင်းသည် ခြေလက်များအနည်းငယ် လှုပ်ရှားလာနိုင်ကာ ကြိုးစား၍ မတ်တတ်ရပ်လိုက်သည်။

'အင်း....ညီမရဲ့ဓားက တကယ့်ကိုဓားကောင်းတစ်လက်ပါပဲ'

မိန်းကလေးက ဘာမျှပြန်မပြောတဲ့ သံမဏိနန်းကြိုးမျှင်ဖြင့် သိုင်းထားသည့် မြစိမ်းရောင်ဓားကို အင်္ကျီလက်ဒိုးအတွင်း ပြန်လည်သိမ်းဆည်းလိုက်သည်။

ပြီးမှ...

'ဒီဓားက ဘိုးဘိုးပေးထားတဲ့ဓားလို့ မေမေပြောတယ်'

'ဟုတ်သား၊ ဘာကြောင့်ကိုကောင်းတဲ့ဓားပဲ၊ ဒါမျိုးဓားနောက်တစ်လက်ရှိဖို့ မလွယ်ဘူး'

'ဘာလို့ရှိရမှာလဲ၊ ဒါမျိုးဓားတစ်လက် ဘိုးဘိုးဆီမှာ ရှိသေးတယ်တဲ့'

ကို့ချင်းမှာ ဓားနှင့်ပတ်သက်၍ စိတ်ဝင်စားမှု ရှိနေသော်လည်း ယခုအချိန်၌ ကျနေရာမှ အမြန်ဆုံးထွက်ခွာနိုင်ဖို့က ပို၍ အရေးကြီးမှန်း သိသဖြင့်....

'ကဲ...ညီမ အချိန်သိပ်မရှိဘူး၊ အစ်ကိုတို့ အမြန်ဆုံးသွားကြရအောင်'

ပြောပြောဆိုဆိုပင် သူသည် မိန်းကလေး၏ လက်ကိုဆွဲကာ မြင်းဇောင်းအပြင်ဘက်သို့ ခပ်သုတ်သုတ်ထွက်ခဲ့လေသည်။

မိန်းကလေးလည်း ကို့ချင်းဆွဲခေါ်ရာနောက်သို့လိုက်ပါလာသည်။



သူတို့သည် ဝင်းတံခါးမှ မထွက်ခွာဝံ့ချေ။

အစောင့်များနှင့် ပက်ပင်းတိုးမိမှာကိုလည်း စိုးရိမ်ရ၏။

ထို့ကြောင့် မှောင်ရိပ်ကွယ်ကာ ပန်းဥယျာဉ်ရှိရာသို့ ကျော်ဖြတ်ကာ ဝင်းနံရံဆီသို့ ရောက်ရှိလာကြ၏။

ဝင်းနံရံမှာ လူနှစ်ရပ်စာနီးပါးမြင့်နေ၏။

သို့သော်....

ကို့ချင်းကဲ့သို့ ထိပ်တန်း သိုင်းသမားတစ်ယောက်အတွက်ကြီးမားသော အဟန့်အတား မဟုတ်ချေ။

ကိုယ်ဖော့ပညာကိုသုံးလိုက်ရုံဖြင့် အလွယ်တကူ ကျော်လွှားသွားနိုင်ပေသည်။

မိန်းကလေးအတွက်သာ ကျော်ဖြတ်နိုင်ဖို့ အရေးကြီးသည်။

ကို့ချင်းလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေနိုင်ပါ။

မြေပေါ်၌ ဒူးထောက်ချလိုက်ပြီး....

'ကဲ...ညီမ အစ်ကို့ပခုံးပေါ်တက်၊ ဝင်းနံရံကိုကျော်ပြီး ထွက်ကြမယ်'

ကို့ချင်း၏အပြုအမူကြောင့် မိန်းကလေးသည် ပါးစပ်ကိုလက်ဝါးကလေးဖြင့်အုပ်ကာ ခစ်ခနဲ ရယ်မောလိုက်လေသည်။

ထို့နောက် မြေပေါ် ခြေတစ်ချက်ဆောင့်လိုက်ရာ သူမ၏ ပါးလျှားသေးကွေးသော ခန္ဓာကိုယ်သည် ဇွေ့ခနဲ လေထဲ မြောက်တက်သွား၏။

လေးညို့မှပစ်လွှင့်သော မြားတစ်စင်းမှာ ဝင်းနံ့ရံကိုကျော် လွန်ထွက်သွားလေသည်။

ကို့ချင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

ငယ်ရွယ်နုနယ်သော မိန်းကလေးတစ်ယောက်အနေဖြင့် ဆိပ်တန်းအဆင့် ကိုယ်ဖော့ပညာ တတ်မြောက် ထားလိမ့်မည်ဟု ထင်မှတ်မထားသောကြောင့် ဖြစ်သည်။

မိန်းကလေး၏ကိုယ်ဖော့ပညာကား သူ့ထက်ပင်သာလွန်နေ သည်ဟု ဆိုရပေမည်။

ကို့ချင်းသည် တဒင်္ဂမျှကြောင်နေပြီးမှ သတိပြန်ဝင်လာကာ မိန်းကလေးနောက်သို့ ချက်ချင်းလိုက်ပါသွားလေသည်။

သူတို့သည် တိတ်ဆိတ် မှောင်မိုက်သောလမ်းများကို တစ်လမ်းပြီးတစ်လမ်းကျော်ဖြတ်ကာ မြို့ရိုးတံခါးရှိရာသို့ ဆက်လက် ဦးတည်ပြေးလွှားသွားကြ၏။

သန်းခေါင်ယံကျော်လေပြီ။



ဆန်းစလလည်း အနောက်တက်တောင်စွယ်၌ မေးတင်စပြု နေလေပြီ။

အမှောင်ထုက ဝန်းကျင်တစ်ခုလုံးကို အင်နှင့်အားနှင့် လွှမ်းမိုးစပြုလျက် ရှိနေချေပြီ။

ကို့ချင်းအဖို့မူကား တစ်လောကလုံး ယင်းလက်တောက်ပ နေသည်ဟု ခံစားရသည်။

လုံးဝမျှော်လင့် ထင်မှတ်မထားတဲ့ မြို့စားကြီး၏ သမီးကို မလိမ့်တစ်ပတ်နှင့် ခေါ်ထုတ်လာနိုင်ခဲ့ပြီ မဟုတ်ပါလား။

လက်တစ်ထောင်တောင်ကြားသည် ကျင်းလိန်မြို့မှ မြင်းဖြင့် သုံးရက်ကြာမျှ သွားရသော ခရီးအကွာအဝေးတွင်ရှိလေသည်။

ကို့ချင်းတို့သည် မြို့ရိုးတံခါးမှ အစောင့်များမသိအော တွက်လာခဲ့ပြီးနောက် မိုးစင်စင်လင်းချိန်တွင် ရွာကလေးတစ်ရွာ သို့ ရောက်ရှိခဲ့ကြသည်။

ကို့ချင်းသည် ထိုရွာမှ မြင်းနှစ်ကောင်ဝယ်ယူပြီး ခရီးဆက် ခဲ့လေသည်။

သူသည် ခရီးလမ်းတစ်လျှောက် သိပ်ကြာကြာ အနားမယူ ဘဲ ခရီးတွင်နိုင်သလောက် ခရီးတွင်အောင် မြင်းကိုဒုန်းစိုင်းနှ ခဲ့သည်။

မြို့စားကြီးသိသွားပြီး ထက်ကြပ်မကွာ လိုက်လာမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။



မြို့စားကြီး၏သမီးသည် ငယ်ရွယ်နုနယ်သော်လည်း အပင် ပန်းခံနိုင်သည်ကို အံ့ဩဖွယ်ရာ တွေ့မြင်ရလေသည်။

ခရီးပန်းသည်ဟု တစ်ချက်ကလေးမျှ ညည်းညူခဲ့ခြင်း မရှိ ချေ။

သူမကိုယ်တိုင်က လက်တစ်ထောင်တောင်ကြားသို့ ရောက်လို စော မြင်းပြနေ၍လား မသိ။

ကို့ချင်းထက်ပင် ပို၍တက်ကြွစွာ ခရီးနှင်ခဲ့လေသည်။

ထို့ကြောင့်....

တတိယမြောက်နေ့ မွန်းလွဲချိန်မှာပင် သူတို့သည် လက်တစ် ထောင် တောင်ကြားသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ကြ လေတော့သည်။

လက်တစ်ထောင်တောင်ကြားသည် သိုင်းလောက၌ လူသိ များထင်ရှားလှ၏။

သို့သော်....

နာမည်ကိုသာကြားဖူးပြီး ဘယ်မှာရှိမှန်း မည်သူကမျှ တိတိ ကျကျ မသိကြပါ။

သိအောင်လည်း ကြိုးစားခြင်းမရှိကြပါ။

အကြောင်းမှာ....

သိုင်းလောကသားများသည် လက်တစ်ထောင်တောင်ကြား ပိုင်ရှင်နှင့် ဆက်နွယ်ပတ်သက်လိုခြင်း မရှိသောကြောင့် ဖြစ်ပေသည်။

တောင်ကြားပိုင်ရှင် လက်တစ်ထောင်ဘီလူးကို သိုင်းလောကသားများက အဘယ်ကြောင့် မဆက်နွယ် မပတ်သက်လိုကြပါသနည်း။

❖

ဆည်းဆာနေခြည်သည် တစ်လောကလုံးအား ရွှေရည်ဖြင့် ပက်ဖျန်းထားသလို ရှိနေပေသည်။

အနောက်တက် ကောင်းကင်တစ်ခွင်လုံး ပုဇွန်ဆီရောင်ယှက်သမ်းနေသည်။

ကို့ချင်းနှင့် မြို့စားကြီးသမီးတို့သည် မြင်းကိုယ်စီဖြင့် တောလမ်းကလေးအတိုင်း ရှေ့ဆင်နောက်ဆင့် ခပ်မှန်မှန် စီးနင်းဝင်ရောက်ခဲ့သည်။

လက်တစ်ထောင်တောင်ကြား ပိုင်နက်ထဲ ရောက်ပြီဖြစ်၍ ကို့ချင်းအနေဖြင့် စိုးရိမ်ပူပန်မှု လုံးဝမရှိတော့ပါ။



ထို့ကြောင့်....

တောလမ်းကလေးအတိုင်း မြင်းကို ခပ်မှန်မှန် စီးနင်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

မကြာမီ....

မြင်းတစ်ကောင်နှင့် လူတစ်ယောက်စာမျှ ဝင်သာရုံရှိသော တောင်ကြားတစ်ခုအတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။

တောင်ကြားသည် ဖြောင့်တန်းခြင်းမရှိဘဲ ကွေ့ကောက်နေ၏။

သို့ဖြစ်ရာ ရှေ့တူရူသို လှမ်းမျှော်ကြည့်သည့်အခါတိုင်း တောင်နံရံများကိုသာ မြင်တွေ့ရလေသည်။

သူတို့သည် ကျဉ်းမြောင်းသော တောင်ကြားလမ်းအတိုင်း ကွေ့ကာကောက်ကာဖြင့် ဆက်လက်ဝင်ရောက်ခဲ့ကြရာ ခဏအကြာတွင် တောင်ကြားလမ်းဆုံးသွားပြီး ကျယ်ပြန့်သော မြေပြန့်လွင်ပြင်ကြီးကို ဘွားခနဲ မြင်တွေ့လိုက်ရလေတော့၏။

လွင်ပြင်ကြီးတစ်ခုလုံး အရောင်စုံအသွေးစုံ ပန်းကလေးများဖြင့် သဘာဝပန်းချီကားချပ်သဖွယ် စိမ်းစိုသာယာလှပနေလေ၏။

ပန်းခင်းများပေါ်တွင်လည်း လိပ်ပြာကလေးများ ပျံဝဲသည်မှ လူးလာယှက်သမ်းလျက် ရှိနေပေသည်။

လွန်စွာသာယာလှသော ရှုခင်းကြီးကို မြင်တွေ့လိုက်ရသည့်အခါ မြို့စားကြီး၏သမီးသည် ရင်သပ်ရှုမောဖြစ်ကာ....

'ဟယ်... ဘကယ့်ကို သာယာလှပတဲ့နေရာပေးပါလား'

မိန်းကလေး၏နှုတ်မှ ရှင်လန်းတက်ကြွစွာ လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ဤနေရာကား ပြင်ပလောကနှင့်မတူ။

သစ်ပင်ပန်းမာန်များဖြင့် စိမ်းလန်းစိုပြည်နေ၏။

လေပြည်လေညင်းကလေးများသည် ပန်းရနံ့များဖြင့် ထုံသင်းနေ၏။

ကျယ်ပြောသောလွင်ပြင်သည် အမြင်အာရုံ၌ရှင်းလင်းနေ၏။

ဤနေရာသည် မိန်းကလေးအတွက် သီးခြားကမ္ဘာလေးတစ်ခုပမာ ရှိနေလေသည်။

မိန်းကလေးကား မြင်မြင်သမျှ အထူးအဆန်းသဖွယ်ငေးကြည့်ရင်း တစ်လောကလုံးကိုပင် မေ့လျော့သွားသယောင်ရှိနေတော့သည်။



ကို့ချင်းသည် မြင်းကို အနည်းငယ်မြန်အောင်မောင်းကာ ပန်းခင်းလွင်ပြင်ကို ဖြတ်ကျော်သွား၏။

မိန်းကလေးက ပန်းခင်းကြီးကို ရင်သပ်ရှုမောငေးကြည့်ရင်း နောက်မှလိုက်ပါခဲ့သည်။

ပန်းခင်းလွင်ပြင်ကြီးအဆုံးတွင် မတ်စောက်သော တောင်ကတ်လမ်းတစ်ခုရှိနေသည်။

ထိုနေရာသို့ရောက်သည့်အခါ ကို့ချင်းသည် မြင်းကိုရပ်တန့်လိုက်ပြီး လေတစ်ချက်ချွန်လိုက်၏။

'ရွှီး'

သူ၏လေချွန်သံနှင့် မခရေးမနှောင်းမှာပင်...

'ရွှီး'

တောင်တစ်ဖက်စွန်းမှ လေချွန်သံတစ်သံ တုံ့ပြန်ထွက်ပေါ်လာလေသည်။

သိပ်မကြာလိုက်ပါ။

မြင်းခွာသံများထွက်ပေါ်လာသည်ကို ကြားရလေ၏။

တစ်ခဏအတွင်းမှာပင် မြင်းခြောက်ကောင်သည် အရှိန်ပြင်းစွာဖြင့် ဒုန်းစိုင်းမောင်းနှင် ရောက်ရှိလာလေတော့၏။

မြင်းပေါ်မှလူများသည် ကို့ချင်းကိုတွေ့မြင်ရသည်နှင့် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းကာ အရိုအသေပြုလိုက်ကြ၏။

'သခင်လေးကို ဂါရဝပြုပါတယ်'

သူတို့အားလုံး ကို့ချင်းကို လေးစားချစ်ခင်ပုံရှိကြသည်။

ကို့ချင်းက သူတို့အား ပြုံးပြကာ....

'ဖေဖေရှိလား'

ဟု မေးလိုက်၏။

ရှေ့ဆုံးမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက ဦးညွှတ်လိုက်ပြီး....

'ဟုတ်ကဲ့....ရှိပါတယ် သခင်လေး'

ကို့ချင်းက ဘာမှမပြောတော့ဘဲ မိန်းကလေးအား လိုက်လာရန်လက်ဖြင့် ယမ်းပြပြီး သူကိုယ်တိုင်က တောင်တက်လမ်းအတိုင်း မြင်းကို မောင်းနှင်သွားလေသည်။

မိန်းကလေးက သူ့နောက်မှလိုက်သွားသည်။

မိန်းကလေး၏နောက်မှ အဖွဲ့ဝင်ငယ်သားများက ခြံရံလိုက်ပါလာခဲ့ကြသည်။

မကြာမီ တောင်ပေါ်သို့ ရောက်ရှိသွားကြ၏။



တောင်ပေါ်တွင် သစ်လုံးများဖြင့်တည်ဆောက်ထားသော ခြံဝင်းကျယ်ကြီးတစ်ခု ရှိနေသည်။

သစ်လုံးများဖြင့် တည်ဆောက်ထားသော ခြံဝင်းအဝင်ဝ တံခါးထိပ်တွင် ဆိုင်းဘုတ်တစ်ခုချိတ်ဆွဲထားပြီး....

ဆိုင်းဘုတ်ပေါ်တွင်....

'လက်တစ်ထောင်တောင်ကြားဂေဟာ'

ဟူသော စာလုံးကြီးကို ရေးထွင်းထားလေသည်။

ကို့ချင်းတို့နှစ်ယောက် ခြံဝင်းတံခါးဝသို့ရောက်သည်နှင့်....

'ဟော်....အစ်ကိုကြီး ပြန်လာပြီ'

ဝမ်းသာအားရအော်ဟစ်လိုက်သော အသံတစ်သံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဝမ်းသာအားရပြေးထွက်လာ၏။

ထိုမိန်းကလေးသည် အသက်အားဖြင့် ဆယ့်ရှစ်နှစ်ဝန်းကျင်ခန့်သာ ရှိဦးမည်ဖြစ်သည်။

မျက်နှာသွယ်သွယ်၊ မျက်ခုံးကောင်းကောင်း၊ နှာတံဖြောင့်ဖြောင့်နှင့် အချိုးအဆစ်ပြေပြစ်သော ကိုယ်လုံးကိုယ်ပေါက်ရှိသူဖြစ်သည်။

သူမသည် ကို့ချင်းထံသို့ ဝမ်းသာအားရ ကဆုန်ပေါက် ပြေးလွှားလာရာ ကို့ချင်းနောက်မှလိုက်ပါလာသော မိန်းကလေး တစ်ယောက်ကို မြင်လိုက်ရသဖြင့် တုံ့ခနဲရပ်သွားလေ၏။

မျက်လုံးကြီးပြူးကာ အံ့အားတသင့် ငေးကြောင်ကြည့်မိ သည်။

ကို့ချင်းက ပြုံးပြလိုက်ပြီး....

'မေလင်း....သူက ကျောင်းလိန်မြို့စားကြီးရဲ့သမီးလေ'

တောင်ကြားဂေဟာမှ ပြေးထွက်လာသော အနီရောင်ဝတ်စုံ နှင့် မိန်းကလေး၏အမည်သည် မေလင်းဖြစ်၏။

ကို့ချင်းနှင့် လွန်စွာရင်းနှီးပုံရသည်။

သူမသည် ကို့ချင်း မိတ်ဆက်ပေးသည်ကို လုံးဝမကြားဟန် ဖြင့် မြို့စားကြီး၏သမီးကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့် လေသည်။

ပြီးမှ ကို့ချင်းကို မကျေမနပ်ကြည့်ကာ....

'အစ်ကို သူ့ကို ဘာဖြစ်လို့ခေါ်လာရတာလဲ'

ကို့ချင်း ပြုံးလိုက်သည်။



'မေလင်းကလဲ စိတ်ကောက်နေပြန်ပြီ၊ ဖေဖေကခေါ်ခိုင်း လိုက်လို့ ခေါ်လာတာပေါ့'

မေလင်း နှုတ်ခမ်းတစ်ချက်မဲ့လိုက်၏။

ထို့နောက် မြို့စားကြီး၏သမီးကို မုန်းဟန်ဖြင့် တစ်ချက် ကြည့်ကာ မပြောမဆို ချာခနဲလှည့်ထွက်သွားလေသည်။

'မေလင်း....မေလင်း'

ကို့ချင်းကလှမ်းခေါ်သည့်တိုင် မေလင်းသည် လုံးဝအရေး မစိုက်တဲ့ ခြံဝင်းအတွင်းသို့ ပြေးဝင်သွားလေတော့၏။

မြို့စားကြီး၏သမီးမှာ ဘာမျှနားမလည်နိုင်တဲ့ ငေးကြောင် ကျန်ရစ်ခဲ့သည်။

ကို့ချင်းက စိတ်မသက်သာဟန်ဖြင့် သက်ပြင်းချ ရင်း ခေါင်းခါယမ်းလိုက်သည်။

ထို့နောက် မြင်းဝမ်းပိုက်ကို ခြေဖနောင့်ဖြင့်ဆတ်ကာ မြင်း ကို ခြံဝင်းဆီသို့ ဦးတည်မောင်းသွားလေသည်။

မြို့စားကြီး၏သမီးက သူ့နောက်မှ လိုက်ပါသွားသည်။

ခြံဝင်းအတွင်း ဝင်ရောက်မိသည်နှင့် လက်အောက်ငယ်သား များသည် လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်မှ ကြိုဆိုနှုတ်ဆက် ကြလေသည်။

ကြီးမားသောအဆောက်အအုံကြီးတစ်ခုရှေ့သို့ ရောက်သည့်အခါ ကိုချင်းသည် မြင်းပေါ်မှဆင်းလိုက်၏။

အဆောက်အအုံရှေ့အုတ်လှေကားပေါ်၌လူတစ်ယောက်က စောင့်ကြိုနေသည်။

ကိုချင်းနှင့်အသက်အရွယ်အားဖြင့် သိပ်မကွာလှပါ။

'အိမင်၊ လက်ဝဲရံကြီးရဲ့အခြေအနေ ဘယ်လိုရှိသလဲ'

ကိုချင်းက အိမင်ဆိုသူ၏ပခုံးကို လှမ်းပုတ်ရင်း မေးလိုက်ခြင်း ဖြစ်သည်။

အိမင်ဆိုသူက ခေါင်းခါယမ်းပြသည်။

'သိပ်မသက်သာသေးပါဘူး သခင်လေး'

ထိုစဉ်မှာပင် အဆောက်အအုံတွင်းမှစကားသံတစ်သံ ပျံ့လွင့်ထွက်ပေါ်လာလေသည်။

'ဟော....ငါ့သားတောင် ပြန်လာပါပြီကောလား'

ထိုစကားသံသည် လက်တစ်တောင်ကြား၏ အရှင်သခင် လက်တစ်ထောင်ဘီလူးပင် ဖြစ်ပေတော့၏။



လက်တစ်ထောင် တောင်ကြားဂေဟာ....

လျှို့ဝှက်သော တောင်ကြားအတွင်းမှ ဖြတ်ကျော်ကာ မြင့်မား မတ်စောက်သော တောင်ကုန်းပေါ်၌ တည်ရှိသည့် အဆောက်အအုံတစ်လုံး ဖြစ်သည်။

လူမနီးသူမနီးတောကြီးခေါင်ခေါင်၌ တည်ရှိနေသော်လည်း တောင်ကြားဂေဟာ ကြီးကျယ်ခမ်းနား သပ်ရပ်လှန်းလှပေသည်။

ဧည့်ခန်းမကအစ ကြီးကျယ်ခမ်းနားလှ၏။

ဧည့်ခန်းမ၏အလယ်တွင် ကျားသစ်ရေဖြင့် ခင်းကျင်းထားသောနောက်မှီပါသည့် ကုလားထိုင်ကြီးတစ်လုံးကို ခင်းကျင်းထားလေသည်။

ထိုကုလားထိုင်တွင် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိသော လူကြီးတစ်ယောက် အခန့်သားထိုင်နေ၏။

သူသည် ဧည့်ခန်းမထဲသို့ ဝင်ရောက်လာသည့် ကိုချင်းနှင့် မြို့စားကြီး၏ သမီးကို မမှိတ်မသုန် စူးစိုက်အကဲခတ်ကြည့်လျက် ရှိသည်။

ထိုသူကား အခြားသူမဟုတ်ပါ။

လက်တစ်ထောင် တောင်ကြား၏အရှင်သခင်ကို ချင်း၏ဖခင် လက်တစ်ထောင်ဘီလူးပင် ဖြစ်ပေတော့၏။

လက်တစ်ထောင်ဘီလူးသည် သားဖြစ်သူ ကိုချင်းနှင့် မြို့စားကြီး၏သမီးတို့ကို တစ်လှည့်စီ အကဲခတ်ကြည့်လိုက်ပြီး....

'ငါ့သား မင်းမိန်းကလေးတစ်ယောက်နဲ့အတူ ပြန်လာတယ် ဆိုတဲ့သတင်းကြားတယ်၊ အဲဒီမိန်းကလေးလား'

ကိုချင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဖေဖေ'

တစ်ဆက်တည်းပင် မြို့စားကြီး၏သမီးကို ညွှန်ပြကာ....

'သူက ကျင်းလိန်မြို့စားကြီးရဲ့ သမီးပါ'



လက်တစ်ထောင်ဘီလူးသည်မြို့စားကြီး၏ သမီးကိုစိုက်ကြည့် လိုက်ပြီး....

'မင်းနာမည် ဘယ်လိုခေါ်သလဲ မိန်းကလေး'

မိန်းကလေးက အရှိအသေပြုရင်း....

'ကျွန်မနာမည် ဖေးယန်ပါ'

လက်တစ်ထောင်ဘီလူး ခေါင်းညိတ်လိုက်သည်။

'ဖေးယန်တဲ့လား၊ အင်း....မင်းအဖေကိုတော့ ငါသိတယ်၊ ါးပမယ့် မင်းအမေကိုတော့ မသိဘူး၊ မင်းအဖေကဘယ်သူလဲ၊ ့ရဲ့သိုင်းပညာက အတော်ကို နက်ရှိုင်းတယ်လို့တော့ ငါ ြားထားတယ်၊ ဟုတ်ရဲ့လား'

ဖေးယန်အမည်ရှိ မိန်းကလေးက အနည်းငယ် စဉ်းစား န်ဖြင့်....

'ကျွန်မအမေနာမည်က ကျင်းကျင်းပါ၊ သိုင်းပညာကတော့ ဖေ့ထက် ပိုတော်တယ်လို့ ပြောသံကြားရပါတယ်'

လက်တစ်ထောင်ဘီလူး မျက်မှောင်ကြုတ်သွားသည်။

ကျင်းကျင်းဟူသောအမည်ကို အပြေးအလွှားစဉ်းစားကြည့် က်၏။

ဘိုင်းလောကၷ ထိုအပျင်မျိုးရှိသည်ကို သူမကြားဖူးပါ

'သူ့ မိဘတွေကကော'

'ဘိုးဘိုးနဲ့ဘွားဘွားကို မေးတာလား'

'အေး'

'ကျွန်မကတော့ သေချာမသိပါဘူး၊ ဒါပေမယ့် ကျွ
ဘိုးဘိုးမှာ ကျွန်းညိုရှင် သိမ်းငှက်ရှစ်ကောင်ရှိတယ်လို့ ပြော
ကြားဖူးတယ်၊ မေမေ့ရဲ့ ပြောစကားအရ ကျွန်မဘိုးဘိုး
ကျွန်းညိုရှင်လို့ ခေါ်ကြတယ်တဲ့'

ထိုစကားကြားလိုက်ရသည်နှင့် လက်တစ်ထောင်ဘီလူး
မျက်နှာ ရုတ်ခြည်း ခက်ထန်သွားပြီး...

'ဟာ...ဒါဆို သိပ်ကောင်းတာပေါ့'

ပြောပြောဆိုဆိုပင် လက်တစ်ထောင်ဘီလူးသည် ဖေးယ
ငယ်ထိပ်ပေါ် လက်ဝါးဖြင့် ရုတ်တရက် ရိုက်ချလိုက်လေ
၏။

ဖေးယန်မှာ မမျှော်လင့်ဘဲ တိုက်ခိုက်ခံရသဖြင့် ထိ
ဖြစ်သွားကာ....

'အမယ်လေး'



အလန့်တကြား အော်ဟစ်ပြီး မြေပေါ်လှစ်ခနဲလဲကျမှိ့ချလိုက်
လေ၏။

ကိုချင်းလည်း ဖခင်ဖြစ်သူ၏ မမျှော်လင့်သော အပြုအမူ
ကြောင့် ထိတ်လန့်တကြားဖြစ်သွားပြီး ဖေးယန်၏ကိုယ်ပေါ်သို့
ပစ်လှဲချကာ အကာအကွယ်ပေးထားလိုက်သည်။

လက်တစ်ထောင်ဘီလူးသည် သားဖြစ်သူက ဖေးယန်အတွက်
ကြားဝင် အကာအကွယ် ပေးလိုက်သည်ကို တွေ့ရသည့်အခါ
ရိုက်ချလိုက်သည့် လက်ဝါးအား ကမန်းကတန်း အရှိန်သတ်
လိုက်၏။

သို့သော် ရုတ်တရက်အရှိန်ထိန်းမရဘဲ....

'ဝုန်း....'

ကျယ်လောင်သောအသံနှင့်အတူ သူ၏လက်ဝါးသည်ကိုချင်း
၏ ကျောပြင်ကို ရိုက်ချမိသွားလေတော့သည်။

အဖြစ်အပျက်သည် လျှပ်စီးလက်လိုက်သကဲ့သို့ လွန်စွာလျင်မြန်
လှ၏။

ကိုချင်းသည် ဖခင်၏လက်ဝါးရိုက်ချက်ထိမှန်ခံရကာ ကြမ်း
ပြင်ပေါ် တစ်ပတ်လည်ထွက်သွားသည်။

ဖေးယန်သည် ကိုချင်းက မိမိအား အကာအကွယ်ပေးရင်း လက်ဝါးရိုက်ချက် ထိမှန်ခံလိုက်ရသည်ကို တွေ့ရသည့်အခါ ကိုချင်းအတွက် စိုးရိမ်ပူပန်သွား၏။

ကမန်းကတန်းလူးလဲထကာ ကိုချင်းကို သွားရောက်ဖေး လိုက်သည်။

လက်တစ်ထောင်ဘီလူးမှာ သားဖြစ်သူကို ရိုက်လိုက်မိသည့်အတွက် ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုအချိန်တွင်....

ကိုချင်းသည် လဲကျရာမှလူးလဲထကာ ဖေးယန်ရှေ့မှ အကာအကွယ်ပေးရင်း....

'ဒါ....ဒါ ဘာလုပ်တာလဲဖေဖေ၊ ဖေဖေနဲ့သူ ဘာရန်ငြိုး လို့ ခုလိုလုပ်ရတာလဲ'

နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို လက်ခုံဖြင့် သုတ်ရင်း ကိုချင်းက နားမလည်နိုင်ဟန်ဖြင့် မေးလိုက်၏။ ဖေးယန်မှာ အံ့သြထိတ်လန့်ကာ မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

လက်တစ်ထောင်ဘီလူးက သားဖြစ်သူကို စိတ်ပျက်လက်ပျက် ကြည့်ကာ....



'မင်း....မင်းရူးနေပြီလား၊ ဒီလောက်ကြီးကျယ်တဲ့အန္တရာယ်ကြီးကို ခေါ်လာရသလား၊ ဒီအတွက် ရွေးချယ်စရာ လမ်းတစ်လမ်းပဲရှိတယ်၊ အဲဒါကတော့....'

လက်တစ်ထောင်ဘီလူးသည် ဖေးယန်ကို ညွှန်ပြလိုက်ပြီး....

'ဒီမိန်းကလေးကို လက်စတုံးဖျောက်ဖျက်ပစ်လိုက်ဖို့ပဲ၊ ဒီလိုမှ မလုပ်ရင် တို့ရဲ့လက်တစ်ထောင် တောင်ကြားတစ်ခုလုံး စိစိညက်ညက်ချေမှုန်းခံရနိုင်တယ်ကွ'

ကိုချင်းမှာ ဖခင်၏စကားကို လုံးဝနားမလည်နိုင်ပေ။

'ဘာဖြစ်လို့လဲဖေဖေ'

လက်တစ်ထောင်ဘီလူး သက်ပြင်းချလိုက်သည်။

'အင်း....မင်းဟာ လည်မလိုလို့နဲ့ တော်တော်ထုံတဲ့ကောင်ပဲ၊ ကျွန်းညိုရှင်ကျင်းတီဆိုတာ သိုင်းလောကကြီးတစ်ခုလုံးကိုတောင် ကပြောင်းကပြန် ဖြစ်အောင်လုပ်နိုင်တဲ့လူကွ၊ သူ့ရဲ့မြေးကို တို့က ခေါ်လာတဲ့အကြောင်း သတင်းပေါက်ကြားသွားရင်သူက လက်ပိုက်ကြည့်နေမှာတဲ့လား'

ကိုချင်းမှာ ဖခင်၏စကားကြောင့် ငိုင်ကျသွား၏။

မြို့စားကြီး၏သမီး ဖေးယန်ကို ကျွန်းညိုရှင်နှင့် ဆက်နွယ်ပတ်သက်နေလိမ့်မည်ဟု သူမထင်ခဲ့ပါ။

အကယ်၍ စောစောကသာ သိရှိခဲ့မည်ဆိုလျှင် ကျင်းလိုန်မြို့စားကြီးထံ ရောက်သွားစရာပင်မရှိပါ။

ထို့အတူ ဖခင်ဖြစ်သူလည်း သိရှိခဲ့ပုံမရပါ။

မသိခဲ့သဖြင့်လည်း သူ့အား ကျင်းလိုန်မြို့စားကြီးထံ သွားပြီး မြို့စားကြီး၏သမီးကို အပါခေါ်လာရန် တာဝန်ပေးအပ်ခဲ့သည် မဟုတ်ပါလား။

ခုတော့ တကယ့်မီးခဲကိုမှ ကိုင်မိလေပြီ။

ဖေးယန့်ကား မျက်စိသူငယ်နားသူငယ်နှင့် ကို့ချင်းကို တစ်လှည့် လက်တစ်ထောင်ဘီလူးကိုတစ်လှည့် ကြောင်စီစီဖြင့်ကြည့်မိလေသည်။

လက်တစ်ထောင်ဘီလူးသည် သက်ပြင်းကြီးတစ်ချက်ချကာ....

'အင်း....အကောင်းဆုံးကတော့ သူ့ကိုအပျောက်ရှင်းပစ်ဖို့ပဲ၊ ဒါမှ တို့အတွက် နောက်ကြောင်းအေးမှာ'

ကို့ချင်း ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး....

'ဟာ....မဖြစ်ဘူး၊ ကျွန်တော် သဘောမတူဘူး ဖေဖေ၊ သူ့ကြောင့် ကျွန်တော် မြို့စားကြီးလက်ထဲက လွတ်မြောက်လာခဲ့တာ၊ သူ့ကိုကျေးဇူးမတင်ဘဲ ဒုက္ခပြန်ပေးရတာမျိုး ကျွန်တော် မလုပ်နိုင်ဘူး၊ သဘောလဲမတူဘူး'



'ငါ့သား မင်း တယ်ခက်ပါလား၊ သူ့ကြောင့် တို့အားလုံး ဒုက္ခရောက်မှာကို ထည့်တွက်ဦး'

ကို့ချင်း ခေါင်းခါယမ်းလိုက်၏။

'ဒါကိုတော့ ကျွန်တော် သဘောမတူနိုင်ဘူး ဖေဖေ၊ တကယ်လို့ သူ့ကို ရှင်းပစ်မှစိတ်ချရမယ်ဆိုရင် ကျွန်တော့်ကို အရင်သတ်လိုက်ပါ'

လက်တစ်ထောင်ဘီလူး စိတ်ပျက်လက်ပျက် ဖြစ်သွားပုံရသည်။

'ငါ့သား မင်း သေချာစဉ်းစားနော်၊ ဒီမိန်းကလေးကြောင့် တို့အားလုံး ဒုက္ခရောက်သွားနိုင်တယ်'

'ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သဘောမတူဘူး ဖေဖေ၊ တခြားနည်းလမ်းကိုသာ ဖေဖေစဉ်းစားပေးပါ'

လက်တစ်ထောင်ဘီလူး စိတ်ရှုပ်သွားဟန်ဖြင့် မျက်နှာကြီး ရှုံ့မဲ့သွား၏။

သားဖြစ်သူ၏ ခေါင်းမာသည့် အကျင့်ကိုလည်း သိသဖြင့် သား၏ဆန္ဒကို ဆန့်ကျင်ပြီး အတင်းအဓမ္မမလုပ်လိုပေ။

ထို့ကြောင့် လက်နှစ်ဖက်နောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် အပြေးအလွှား တွေးတောစဉ်းစားကြည့်လေသည်။

ကျွန်းညိုရှင်၏မြေးမလေး ဖေးယန်နှင့်ပတ်သက်၍ ဘာဆက်လုပ်ရမည်နည်း။

ဖေးယန်မှာ ယခုအချိန်၌ ကို့ချင်းမှလွဲ၍ အခြား အားကိုးဖွယ်ရာမရှိပေ။

ထို့ကြောင့် ကို့ချင်း၏နောက်ကျော၌ တိုးကပ်ကာ စက်ပုလျက်ရှိနေလေသည်။

ညှော်ခန်းဆောင် တစ်ခုလုံး ရုတ်တရက် ငြိမ်သက်တိတ်ဆိတ်သွား၏။

အပ်ကျသံပင် ကြားရမတတ်ရှိလေသည်။

ထိုအချိန်တွင် ညှော်ခန်းဆောင်၏မျက်နှာကြက်မှ မျက်လုံးတစ်စုံသည် သူတို့၏အခြေအနေကို ချောင်းမြောင်းကြည့်ရှုလျက်ရှိနေသည်။

ထိုမျက်လုံးတစ်စုံ၏ပိုင်ရှင်ကား မေလင်းအမည်ရှိ မိန်းမပျိုပင် ဖြစ်ပေတော့သည်။



မေလင်းသည် ဖေးယန်ထက် အသက်တစ်နှစ်ခန့်သာကြီးမည် ဖြစ်သည်။

သူမသည် မိဘနှစ်ပါးဆုံးသွားသည့်အခါ အားကိုးရာမဲ့ဖြစ်ပြီး လက်တစ်ထောင်တောင်ကြားသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က သူမ အသက်အားဖြင့် ငါးနှစ်ကျော်ကျော်မျှသာ ရှိဦးမည် ဖြစ်သည်။

တကယ့်လူမမယ်လေးပင် ဖြစ်ပေသည်။

အနည်းငယ်ကြီးပြင်းလာသည့်အခါ ကို့ချင်းနှင့် ကစားဖော်ဖြစ်နေရာမှ သိုင်းပညာသင်ယူဘက်များ ဖြစ်လာကြလေသည်။

နေ့စဉ်နှင့်အမျှ တပူးတွဲတွဲ နေလာခဲ့ကြရာ မေလင်းသည် ကို့ချင်းအပေါ် တဖြည်းဖြည်းနှင့် တစ်ဖက်သတ် မေတ္တာသက်ဝင် ချစ်ခင်လာမိတော့၏။

ထို့အတူ ကို့ချင်းကလည်း မေလင်းအပေါ် ချစ်ခင်လာသည်။

သို့သော် နှမလေးတစ်ယောက်ကဲ့သို့ ရိုးသားဖြူစင်သော ချစ်ခင်မှုသာ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ....

မေလင်းသည် ကိုချင်းနှင့်အတူ ရင်းနှီးကျွမ်းဝင်စွာ နေထိုင်ခွင့်ရသည်ကို အထူးပင်ကျေနပ်မိလေသည်။

တစ်ချိန်ချိန်မှာ ကိုချင်း၏မေတ္တာကို သူမသာရချိုလိမ့်မည်ဟု အခိုင်အမာ ယုံကြည်ထားခဲ့သည်။

သို့ရာတွင်....

ကိုချင်းက ဖေးယန်အား ခေါ်ဆောင်လာသည်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့်အခါ သူမသည် ကျခြေဘည်းမရအောင် အကြီးအကျယ် တုန်လှုပ်သွားမိတော့သည်။

သူမ၏ရင်ထဲ ဖော်မပြနိုင်သောဝေဒနာတစ်ရပ်ကို လှိုက်လှဲစွာခံစားလိုက်ရလေသည်။

တစ်စုံတစ်ခု ဆုံးရှုံးရတော့မည်ဟူသော အတွေးက သူမ၏နှလုံးကို ဆုပ်ကိုင်ချေမွနေသကဲ့သို့ ရှိနေသည်။

သူမအနေဖြင့် မည်သို့မျှ ဟန်ဆောင်၍မရတော့ပါ။

ထို့ကြောင့် သူမသည် ညှို့ခန်းဆောင်မျက်နှာကြက်၌ ပုန်းကွယ်ကာ ကိုချင်းနှင့် ဖေးယန်တို့၏ အခြေအနေကို အကဲခတ်စောင့်ကြည့်နေခဲ့ခြင်း ဖြစ်ပေသည်။

ကိုချင်းက ဖေးယန်အတွက် အသက်ကိုပင် ပဓာနမထားဘဲ ကာကွယ်စောင့်ရှောက်နေသည်ကို တွေ့မြင်ရသည့်အခါ သူမ၏



ရင်ထဲ၌ ချွန်မြသောဓားတစ်လက်ဖြင့် ထိုးစိုက်ခံရသလို မချိမဆံ့ နာကျင်သွားရလေသည်။

တစ်ကိုယ်လုံးရှိ အားအင်များ ရုတ်တရက် ကုန်ခန်းသွားသည့်အလား ခြေလက်များ တုန်ယင်လာ၏။

သူမသည် ခံပြင်းနာကြည်းမှုဝေဒနာကို အတတ်နိုင်ဆုံး အောင့်အည်းသည်းခံကာ အခြေအနေကို ဆက်လက် အကဲခတ်စောင့်ကြည့်နေလိုက်သည်။

ထိုစဉ် လက်တစ်ထောင်ဘီလူးသည် တစ်စုံတစ်ရာတွေးတောအဖြေရှာမိဟန်ဖြင့် လမ်းလျှောက်နေရာမှ တုံ့ခနဲရပ်လိုက်၏။

ထို့နောက် ကိုချင်းနှင့် ဖေးယန်ကို လှမ်းကြည့်ကာ....

'ဖြစ်နိုင်တာ တစ်ခုတော့ရှိတယ်'

ကိုချင်းက အားတက်သရောဖြင့် ဖခင်ကိုပြန်ကြည့်ပြီး....

'ဟုတ်ကဲ့....ပြောပါဖေဖေ၊ ဖေးယန်ကို အန္တရာယ်မပြုရင် ဘယ်ကိစ္စကိုမဆို ကျွန်တော်လိုက်နာဖို့အသင့်ပါ'

လက်တစ်ထောင်ဘီလူးသည် သက်ပြင်းမျှင်းမျှင်း ချလိုက်သည်။ ပြီးမှ....

'မင်းတို့ ငါ့စကားကို နားထောင်ရမယ်'

'ဟုတ်ကဲ့....ကျွန်တော် နားထောင်ပါမယ်'

လက်တစ်ထောင်ဘီလူးက ကို့ချင်းနှင့် ဖေးယန်ကိုတစ်လှည့်စီ ကြည့်လိုက်ပြီး....

'မင်းနဲ့ဖေးယန် ဒီလက်တစ်ထောင် တောင်ကြားက တစ်ဖဝါးမှ မခွာရဘူး၊ ဘယ့်နှယ်လဲ'

ကို့ချင်း ငိုင်ကျသွားသည်။

ဖခင်၏စကားအရဆိုလျှင် ဖေးယန်သည် လက်တစ်ထောင် တောင်ကြား၌ ရာသက်ပန် အကျဉ်းသားအဖြစ် နေထိုင်ရတော့မည် မဟုတ်ပါလား။

ထိုအစီအစဉ်ကိုလက်မခံလျှင်လည်း ဖေးယန်အတွက် အသက်အန္တရာယ်ရှိလာနိုင်သည်။

ကို့ချင်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွား၏။

ဖေးယန်ကို ခေါ်လာမိခြင်းမှာ တကယ့် မဟာအမှားကြီး ဖြစ်မှန်း နောင်တရမိလိုက်သည်။

ဖေးယန်အား သက်သက်မဲ့ ဒုက္ခရောက်အောင် လုပ်မိပြီဟု တွေးကာ ကို့ချင်းမှာ အကြီးအကျယ် စိတ်ထိခိုက်သွားရလေသည်။



သို့သော် ဖေးယန်ကား စိတ်ပျက်လက်ပျက် ဖြစ်သွားပုံမရပါ။

အသက်အန္တရာယ် ကင်းသွားခြင်းကြောင့် ဝမ်းသာသွားဟန်ဖြင့် မဆိုင်းမတွပင် ခေါင်းညိတ်သဘောတူလိုက်လေသည်။

လက်တစ်ထောင်ဘီလူးလည်း ဖေးယန်က သူ့အစီအစဉ်ကို လက်ခံသဘောတူသဖြင့် ကျေနပ်သွား၏။

'ကောင်းပြီ....ခုချိန်ကစပြီး မိန်းကလေးဟာ ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူ့မှမပြောရဘူး'

ဖေးယန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....ကျွန်မဘယ်သူဘယ်ဝါဆိုတာ ဘယ်သူမှမသိစေရပါဘူးရှင်'

လက်တစ်ထောင်ဘီလူးသည် ယခုမှ စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် ကို့ချင်းဘက်လှည့်ကာ....

'ကဲ....ငါ့သား၊ မင်း သူနေထိုင်ဖို့ အမျိုးသမီးအဆောင်မှုနဲ့ တိုင်ပင်ပြီး နေရာချထားပေးလိုက်ပါ'

'ဟုတ်ကဲ့....ဖေဖေ'

ကို့ချင်းသည် ဖေးယန်အား ခေါ်ဆောင်၍ ညွှန်း...
ဆောင်မှ ပြန်လည်ထွက်ခွာသွားလေသည်။

မျက်နှာကြက်ပေါ်မှ ချောင်းမြောင်း အကဲခတ်နေသော...
မေလင်းသည် လက်တစ်ထောင်ဘီလူးက ဖေးယန်အား ...
ထောင်ကြား၌ပင် နေတိုင်ရန် အမိန့်ချလိုက်သည်ကို လုံး...
မကျေမနပ် ဖြစ်သွားသည်။

သို့သော်....

သူမအနေဖြင့် ဘာများတတ်နိုင်ပါမည်နည်း၊

❖

## မြစိမ်းသခင် ကျွန်းညီရှင်

ရာသီစက်ဝိုင်းသည် ပုံမှန်ရွေ့လျား လှည့်ပတ်လျက်ရှိသည်။

ရက်မှသည် လ....

လမှသည် နှစ်....

စသည်ဖြင့် နေ့မိုးဆောင်း ရာသီဥတု ကူးပြောင်းရွေ့လျား လျက် ရှိနေပေသည်။

ထို့ကြောင့်....

တစ်နှစ်ဟူသော အချိန်ကာလသည် သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်းဖြင့်ပင် ကုန်မှန်းမသိ ကုန်ဆုံးသွားရလေသည်။

ထိုတစ်နှစ်တာကာလအတွင်း၌ ဖေးယန်သည် နေ့စဉ်နှင့်အမျှ ဆိုသလို ကို့ချင်းနှင့်သာ အချိန်ကုန်လွန်ခဲ့ရလေသည်။

ပန်းခင်းကြီးအတွင်း သွားလာ လည်ပတ်ခြင်းဖြင့် လည်း ကောင်း....

သိုင်းပညာရပ်များ သင်ယူခလေ့ကျင့်ခြင်းဖြင့် လည်းကောင်း၊ အချိန်ကာလများစွာကို သတိမပြုမိဘဲ ကျော်လွန်ဖြတ်သန်းခဲ့လေသည်။

ဖေးယာန်သည် လက်တစ်ထောင်တောင်ကြား၌ နေရသည်ကို စိတ်မပျက်ဘဲ ပျော်ရွှင်ကြည်နူးသလိုပင် ခံစားရ၏။

သို့ရာတွင်....

မေလင်းအဖို့မူကား....

ကို့ချင်းသည် ခါတိုင်းကဲ့သို့ မိမိအား အရေးပေးခြင်းမပြုတော့ဘဲ နေ့စဉ်နှင့်အမျှ ဖေးယန်နှင့်သာ အချိန်ကုန်နေခြင်းအတွက် နာကြည်းခံပြင်းလာ၏။

ကို့ချင်းအပေါ် နာကြည်းသလို ဖေးယန်ကိုလည်း အမုန်းကြီး မုန်းတီးမိလေတော့သည်။

နောက်ဆုံး မည်သို့မျှ ကျိတ်မှိတ်သည်းမခံနိုင်တော့သည့်အခါ သူမသည် ဖေးယန်၏လက်ကောက်ဝတ်၌ အမြဲဆောင်ထားသည့် မြစိမ်းရောင်ဓားကို ခိုးယူကာ လက်တစ်ထောင်တောင်ကြားမှ ထွက်ခွာသွားလေသည်။

သူမထွက်ပြေးသွားခြင်းသည် ကို့ချင်းအပေါ် မကျေနပ်သော ကြောင့်ဟု အားလုံးကရိပ်မိကြသဖြင့် ထိုကိစ္စကို ခပ်ပေါ့ပေါ့ပင် နေလိုက်ကြ၏။



စိတ်ပြေသွားလျှင် ပြန်လာလိမ့်မည်ဟု ထင်မှတ်ထားကြသည်။

သို့သော်....

လက်တစ်ထောင်တောင်ကြားမှ မေလင်းထွက်သွားခြင်းသည် ကြာမီကာလ၌ သိုင်းလောကကြီးတစ်ခုလုံးအား ကြီးမားသော ယက်ရိုက်ခတ်မှုကြီးတစ်ခု ဖြစ်လာစေလိမ့်မည်ဟု မည်သူမျှ င်မှတ်မထားခဲ့ကြပါ။

အကယ်၍....

မေလင်းထွက်သွားခြင်းသည် သိုင်းလောကတစ်ခုလုံးကိုဂယက် ခတ်သွားစေလိမ့်မည်ဟု ကြိုတင်သိရှိခဲ့ကြမည်ဆိုလျှင်....

ဟိုင်နယ်သည် တောတောင်ထူထပ်သော နယ်မြေဒေသတစ်ခု သည်။

တောတောင်ထူထပ်သည့် တောပေါ်လမ်းတွင် မိန်းကလေး ယောက်သည် မြင်းတစ်ကောင်ဖြင့် ခက်ခဲစွာခရီးနှင်လျက် သည်။

ထိုမိန်းကလေးကား အခြားသူမဟုတ်ပါ။

လက်တစ်ထောင်တောင်ကြားမှ စိတ်နာကြည်းပြီး ထွက် လာသော မေလင်းပင်ဖြစ်ပေသည်။

အမှန်တော့....

သူမသည် စိတ်နာကြည်းရုံသက်သက်မျှမဟုတ်။

ကြီးမားသောအကြံအစည်ကြီးတစ်ခုကို အကောင်အ ဖော်ရန်လည်း ရည်ရွယ်သားခဲ့သည်။

ထိုအကြံအစည်ကား အခြားမဟုတ်ပေ။

ဖေးယန်အဖြစ်ဟန်ဆောင်ပြီး ဟိုင်နယ်တွင်ရှိနေသော ယန်၏အဘိုး ကျွန်းညိုရှင်ကျင်းတိထံ သွားရောက်ရန်ဖြစ်သ

သူမသည် လူမမယ်ကလေးအရွယ်မှစ၍ မိမရှိဖမရှိ တစ်ကေ ကြွက်ဖြစ်ခဲ့ရသည်။

ဆင်းရဲဒုက္ခအမျိုးမျိုးကြားမှ ကြီးပြင်းခဲ့ရသူဖြစ်သည်။

ချိချိငဲ့ငဲ့ဖြင့် ဆင်းရဲကျပ်တည်းသည့် ဘဝ၏ခါးသီ အရွယ်နှင့်မလိုက်အောင် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးလည်း ဖြစ်သ

ဖေးယန်နှင့်ဆုံတွေ့ရသည့်အခါ ဖေးယန်၏ပြီးပြည့်စုံ ဘဝကိုမြင်တွေ့ရကာ လွန်စွာအားကျလာမိ၏။



ထို့အတူ ဖေးယန်ကြောင့်ကို ချင်းနှင့်အနေဝေးသွားရသည့် အတွက်လည်း ဖေးယန်ကို ရှုံရှာမုန်းတီးမိ၏။

'အင်း....ဒီအတိုင်းသာလက်ပိုက်ကြည့်နေရင် ငါ့ဘက်က အရှုံး ချည်းပဲ၊ သူက ငါ့ချစ်သူကိုလုယူသလို ငါကလဲ သူ့ရဲ့ဘဝကို ပြန်လုယူရမှာပဲ'

မေလင်းသည် ယင်းသို့တွေးပြီး လက်တစ်ထောင်တောင် ကြားမှ ထွက်ခွာရန်ဆုံးဖြတ်ခြင်းဖြစ်သည်။

အစစအရာရာ ကြိုတင်ပြင်ဆင်ပြီးမှ သူမသည် လက်တစ်ထောင် တောင်ကြားမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ပေသည်။

အကယ်၍....

သူမသာ ကျွန်းညိုရှင်ကျင်းတိ၏မြေးမလေးအဖြစ် အစားထိုး ဝင်ရောက်နိုင်ခဲ့မည်ဆိုလျှင် သူမ၏ဘဝသည် နတ်ရေကန်ထဲပစ်ချ လိုက်သလို နေ့ချင်းညချင်းပြောင်းလဲသွားမှာ မြေကြီးလက်ခတ် မလွဲ သေချာနေပေတော့၏။

တောလမ်းကလေးသည်တဖြည်းဖြည်းမတ်စောက်လာ၏။

လ[illegible]ကလည်း တဖြည်းဖြည်းနှင့် ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာလေသည်။

နောက်ဆုံး မြင်းဖြင့်ပင် ခရီးဆက်၍မရနိုင်အောင် ဖြစ်လာ၏။

ထို့ကြောင့် မေလင်းသည် မြင်းပေါ်မှဆင်းကာ ခြေလ ခရီးဆက်လေ၏။

သူမ စုံစမ်းသိရှိရသလောက်ဆိုရင် ကျွန်းညို့ရှင်ကျင်းတို့သ ဟိုင်နယ်၏တောတောင်ထူထပ်သောနေရာတွင် ကျောက်စိမ်း ဆောက်လုပ်ထားသည့် မြစိမ်းရောင်နန်းတော်၌ တစ်ထီးတစ်န နေထိုင်သည်ဟု ဆိုလေသည်။

သို့ဖြစ်ရာ ရည်ရွယ်ချက်ကြီးမားသော မေလင်းသည် ကြုံး ရင်ဆိုင်ရမည့်အန္တရာယ်အသွယ်သွယ်ကို ဥပေက္ခာပြုကာ ဇွဲ ကြီးကြီးဖြင့် တောင်ပေါ်လမ်းအတိုင်း ခရီးဆက်လေသည်

မွန်းတည့်ချိန်ခန့်တွင် သူမသည် လွန်စွာ မတ်စောက်သေ တောင်ကမ်းပါးတစ်ခုသို့ ရောက်ရှိလာ၏။

စူးရဲသောနေရောင်ခြည်သည် တောင်ကမ်းပါးပေါ်သို့ ကျလျက်ရှိသည်။

ရေတံခွန်ကြီးငယ်အသွယ်သွယ် တောင်ကမ်းပါးအော အရှိန်ပြင်းစွာဖြင့် တဝေါဝေါကျဆင်းနေ၏။

ရေမှုန်ရေမွှားများသည် နေရောင်ခြည်နှင့်ထိတွေ့ကာ သော ရောင်စုံသက်တံကြီး ဖြစ်ပေါ်နေလေသည်။

တောင်ကမ်းပါးပေါ်သို့ ရောက်ရှိလာသည့်အခါ မေလင် ခြေလှမ်းများ ရပ်တန့်သွားသည်။



အကြောင်းမှာ...

သူမအနေဖြင့် ရှေ့သို့ဆက်လက်သွားရန် လမ်းမရှိတော့သောကြောင့် ဖြစ်ပေသည်။

သူမသည် တောင်ကမ်းပါးအစွန်း၌ရပ်ကာ အခြားတစ်ဖက်ရှိ တောင်ကမ်းပါးကို လှမ်းမျှော်၍ကြည့်သည်။

တစ်ဖက်နှင့်တစ်ဖက် ဝါးနှစ်ပြန်စာခန့် ကွာဝေးမည်ဟု ခန့်မှန်းရ၏။

ဤမှာဘက်မှ အခြားတစ်ဖက်သို့ မည်သို့ကူးရမည်နည်း။

မေလင်း အကြံအိုက်သွားသည်။

ဘာဆက်လုပ်ရမှန်းလည်း မသိတော့ချေ။

ထိုစဉ်မှာပင်....

တစ်ဖက်တောင်ကမ်းပါးမှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာ၏။

'ဟေ့....ဘယ်သူလဲ'

အသက်ကြီးရင့်သူတစ်ယောက်၏ လှမ်းအော်မေးမြန်းသံ ဖြစ်သည်။

ရေကျသံတဝေါဝေါကို ထိုးဖောက်ထွက်ပေါ်လာခြင်းဖြစ်ရာ အတွင်းအား အဆင့်မနိမ့်ကြောင်း ခန့်မှန်း၍ရ၏။

ထိုအသံကြောင့် မေလင်း စိတ်လှုပ်ရှားသွားသည်။

အသံထွက်ပေါ်လာရာကို အပြေးအလွှား လှမ်းမျှော်ကြည့်ရှုလိုက်၏။

တစ်စုံတစ်ယောက်အား ဘွားခနဲ တွေ့မြင်ရလိမ့်မည်ဟု ထင်မှတ်ထားသည်။

သို့သော် မည်သည့်အရာကိုမျှ မတွေ့ရချေ။

မေလင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုစဉ်မှာပင်....

'ဟေ့... မေးနေတာ မကြားဘူးလား၊ ဘယ်သူလဲ'

တစ်ဖက်မှအသံ ထပ်မံထွက်ပေါ်လာပြန်၏။

မေလင်းသည် အကင်းပါးသူဖြစ်ရာ လူသူမနီး တောကြီးမျက်မည်းအတွင်း၌ လူသူရှိနေခြင်းသည် သာမန်လူမဖြစ်နိုင်။

မိမိရှာဖွေနေသော ကျွန်းညို့ရှင်ကျင်းတိ၏လူများသာ ဖြစ်မည်ဟု နားလည်လိုက်၏။



ထို့ကြောင့် သူမသည် ဖေးယန်ထံမှ ခိုးယူလာသည့်ခါးကိုတောင်ပြလိုက်သည်။

ခါးသည် နေရောင်ဟပ်ပြီး စိမ်းဖန့်ဖန့်အရောင်များ တလက်လက် ထွက်ပေါ်လာ၏။

'ကျွန်မ ကျင်းဖေးယန်ပါ၊ ဘိုးဘိုးကျင်းတိနဲ့တွေ့ချင်လို့'

သူမ၏စကားသံသာ ဆုံးသွားသည်။

တစ်ဖက်မှ မည်သည့်တုံ့ပြန်သံမျှ ထွက်မလာ။

ခေတ္တမျှ တိတ်ဆိတ်သွား၏။

မေလင်းက စိတ်မရှည်နိုင်တော့ဟန်ဖြင့် ခါးကိုဝင့်မြှောက်လိုက်ပြီး....

'ဟောဒီမှာ ဘိုးဘိုးပေးထားတဲ့ မြစိမ်းရောင်ခါးပါလာတယ်'

မေလင်းမှာ မြစိမ်းရောင်ခါးနှင့် ပတ်သက်၍ ဖေးယန်ထံမှ အတော်အသင့် ကြားဖူးထားသဖြင့် ခပ်တည်တည် စမ်း၍ပြောလိုက်ခြင်းဖြစ်သည်။

သူမ၏ စမ်းသပ်မှုကား အချည်းနှီးဖြစ်မသွားချေ။

အကြောင်းမှာ....

သူမ၏စကားသံအဆုံးတွင် တစ်ဖက်တောင်ကမ်းပါးမှ ဝုန်းဟူသော အသံကစ်သံ ရုတ်တရက် ထွက်ပေါ်လာပြီး တောင်

ကမ်းပါးနံရံမှ အပေါက်တစ်ပေါက် ပွင့်လာခြင်းကြောင့် ဖြစ်သည်။

ထိုအပေါက်မှနေ၍ သစ်သားတံတားတစ်ခု ထွက်ပေါ်လာ၏။

သစ်သားတံတားသည် တဖြည်းဖြည်း တိုးထွက်လာကာ မေလင်းရှိရာ တောင်ကမ်းပါးဆီသို့ ဦးတည်လာသည်။

မကြာမီ အဆိုပါသစ်သားတံတားသည် တောင်ကမ်းပါးနှစ်ခုကို ဆက်သွယ်မိလေတော့၏။

တောင်ကမ်းပါးနှစ်ဖက်ကို သစ်သားတံတားဖြင့် ဆက်သွယ်မိလေပြီ။

မေလင်းသည် ဘာမျှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ တံတားပေါ် ဖြတ်လျှောက်၍ တစ်ဖက်တောင်ကမ်းပါးဆီသို့ ကူးသွားလေ၏။

သူမ၏ပုံပန်းမှာ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်လာသလို ပိုင်စိုးပိုင်နင်းနှင့် ရဲရဲတင်းတင်း ရှိလှပေသည်။

တစ်ဖက်တောင်နံရံအပေါက်ဝမှနေ၍ အဘွားအိုတစ်ဦးက သူမအား စောင့်ကြိုနေ၏။



ထိုအဘွားအိုသည် အသက်ခြောက်ဆယ်ခန့်ရှိကာ ဆံပင်များ တစ်ခေါင်းလုံး ဖြူဖွေးနေသည်။

သူမ၏လက်ထဲတွင် နက်ပြောင်နေသော မဟော်ဂနီတောင်ဝှေးတစ်ချောင်း ကိုင်ထားသည်။

သူမသည် တံတားထိပ်သို့ ရောက်ရှိလာသည့် မေလင်းကို ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ် အကဲခတ်ကြည့်လိုက်၏။

ပြီးမှ လွန်စွာအေးစက်သောလေသံဖြင့်....

'မင်းနာမည်'

'ဖေးယန်ပါ'

မေလင်းက မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။

'ဘယ်သူ့ကို တွေ့ဖို့လာတာလဲ'

'ဘိုးဘိုးကျင်းတိပါ'

'မင်းအမေရဲ့ နာမည်ကကော'

'ကျင်းကျင်းပါ'

မျက်နှာထားတင်းတင်းနှင့် အေးစက်စက်နိုင်လှသောအဘွားအိုသည် ကျင်းကျင်းဟူသော အမည်ကိုကြားလိုက်ရသည်နှင့် ချက်ချင်းဆိုသလိုပင် မျက်နှာထားနူးညံ့ပျော့ပျောင်းလာလေသည်။

'ညည်းအမေ ပါ့လာသေးလား'

မေလင်း ခေါင်းခါလိုက်သည်။

'ဟင့်အင်း....ပါမလာပါဘူး'

မေလင်းသည် လက်ထဲမှစားကိုပြလိုက်ပြီး....

'မေမေက ကျွန်မကို ဟောဒီစာပေးပြီး ဘိုးဘိုးဆီကိုလွှတ်လိုက်တာပါ'

အဘွားအိုက စာကိုယူ၍ သေချာစစ်ဆေးကြည့်ရှုလိုက်သည်။

ပြီးမှ စာကို မေလင်းထံပြန်ပေးကာ....

'ကဲ....ငါ့နောက်ကို လိုက်ခဲ့ပေတော့'

မေလင်းသည် မိမိ၏အကြံအစည် အထမြောက်အောင်မြင်သွားသဖြင့် လွန်စွာဝမ်းသာသွားလေသည်။

တက်ကြွသောခြေလှမ်းအစုံဖြင့် အဘွားအိုနောက်မှ ခပ်သွက်သွက်လိုက်ပါသွား၏။

တောင်နံရံအပေါက်ထဲ ဝင်ရောက်မိသည်နှင့်...



'ဝှန်း'

တောင်နံရံတံခါး ပြန်လည်ပိတ်သွားလေသည်။

မေလင်းသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။

ဥမင်လိုဏ်ခေါင်းတစ်ခုထဲ ရောက်ရှိနေကြောင်းသိရသည်။

လိုဏ်ခေါင်းနံရံများတွင် မီးတုတ်များ အစီအရီထွန်းညှိထားသဖြင့် လိုဏ်ခေါင်းတစ်ခုလုံး လင်းထိန်လျက်ရှိနေပေသည်။

မေလင်းသည် အဘွားအိုနောက်မှလိုက်ခဲ့ရာ မကြာမီ သံတိုင်များဖြင့်ပြုလုပ်ထားသော တံခါးတစ်ခုရှေ့သို့ ရောက်ရှိလာခဲ့ကြလေသည်။

တံခါးအနီး၌ အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိသော လူကြီးတစ်ယောက် စောင့်ကြပ်လျက်ရှိသည်။

ထိုလူကြီးသည် အဘွားအိုကို တွေ့မြင်လိုက်သည်နှင့်....

'ဟင်....မဟော်ဂနီဘွားဘွားပါလား၊ ဘယ်သွားမလို့လဲ'

တစ်ဆက်တည်းပင် မေလင်းကို မျက်မှောင်ကြုတ်၍အကဲခတ်ကာ....

'ဒီကလေးမကကော ဘယ်သူလဲ၊ဘာကိစ္စနဲ့ ခေါ်လာတာလဲ'

အခမေးအမြန်းထူနေသဖြင့် အဘွားအို စိတ်မရှည်နိုင်သလို ဖြစ်သွား၏။

'ကဲပါ....ဒီလောက်တောင်လဲ အငမ်းအမြန်းထူမနေစမ်းပါနဲ့၊ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ သခင်ကြီးကို သွားတွေ့မလို့'

အစောင့်လူကြီးက ပြုံးလိုက်ပြီး....

'ဒီလောက်အရေးကြီးနေရင်လဲ ကျုပ် ရွှေမောင်းထုလိုက်မယ်လေ'

အစောင့်လူကြီးက တမင်သက်သက် အရွဲ့တိုက်ပြောလိုက်ခြင်းဖြစ်ကြောင်း အဘွားအို နားလည်လိုက်သည်။

အကြောင်းမှာ....

ရေးကြီးခွင်ကျယ်ကိစ္စမဟုတ်ဘဲ ရွှေမောင်းကို ထုမိပါက ကျွန်းညီ့ရှင်အနေဖြင့် လုံးဝခွင့်မလွှတ်သောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ....

တော်ရုံတန်ရုံကိစ္စဖြင့် မည်သူမျှ ရွှေမောင်းမထုဝံ့ကြချေ။

ယခုမူ အဘွားအိုက အပြုံးမပျက်ဘဲ....

'ကိုင်း....ဒါဖြင့်လဲ ရွှေမောင်းသာထုလိုက်ပါတော့'

အစောင့်လူကြီးသည် အဘွားအို၏ စကားကြောင့် ရုတ်တရက် ငိုင်ကျသွား၏။



တော်ရုံတန်ရုံကိစ္စဖြင့် မည်သူမျှ ရွှေမောင်းကို ထုခိုင်းမည်မဟုတ်ပါ။

ယခု အဘွားအိုက ရွှေမောင်းကို ထုချင်ထုပါဟု ဆိုလာချေပြီ။

အရေးမကြီးဘဲနှင့် အဘွားအိုက ရွှေမောင်း ထုခိုင်းမည်မဟုတ်ချေ။

သို့ဆိုလျှင် မည်သို့သော အရေးတကြီးကိစ္စ ရှိနေပါသနည်း။

အစောင့်လူကြီးသည် တစ်စုံတစ်ရာ မေးမြန်းရန်ဟန်ပြင်လိုက်မိ၏။

သို့သော် ချက်ချင်းပင် သဘောထား ပြောင်းသွားကာ ဘာမျှမမေးတော့ဘဲ သံတံခါးကို ဖွင့်ပေးလိုက်လေတော့၏။

သံတံခါးကြီး ပွင့်သွားသည်နှင့် အဘွားအိုသည် မေလင်း၏လက်ကိုဆွဲကာ အတွင်းဘက်သို့ လှမ်းဝင်လိုက်သည်။

မေလင်းသည် လိုက်သာလိုက်သွားနေရသည်။

ရင်ထဲ၌ တလှိုက်လှိုက်ဖြစ်နေ၏။

ဖေးယာန်အဖြစ် ဟန်ဆောင်လာသည်ကို ကျွန်းညို့ရှင်ကျင်းတို့ လက်ခံနိုင်ပါမည်လော။

အကယ်၍ အမှားတစ်စုံတစ်ရာ ပြုမိခဲ့လျှင် မိမိအား မည်သို့ ဖြစ်ဒဏ်ချ စီရင်ရပါမည်နည်း။

မိမိအရဲစွန့်၍ လာခဲ့ခြင်းသည် မိုက်မဲရာကျနေပြီလော။

မဖြစ်နိုင်သည့်ကိစ္စတစ်ခုကို စိတ်ရူးပေါက်၍ ထလုပ်သလို များ ဖြစ်နေပြီလော။

သို့လောသို့လော ချီတုံချတုံ ဒွိဟစိတ်ဖြင့် လိုက်ပါလာခဲ့ရာ မကြာမီတွင် ထူးဆန်းသောမြင်ကွင်းကို ဘွားခနဲမြင်တွေ့လိုက်ရတော့၏။

မေလင်းမှာ အံ့အားတသင့်ဖြစ်ကာ ခြေလှမ်းများပင် တုံ့ခနဲရပ်သွားလေ၏။

သူမြင်တွေ့လိုက်ရသည့်မြင်ကွင်းကား ကျယ်ပြောသော လွင်ပြင်ကြီးတစ်ခု ဖြစ်သည်။

လွင်ပြင်တွင် သစ်ပင်ပန်းမာန်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။



ကြီးကျယ်ခမ်းနားလှသော အဆောက်အအုံကြီးတစ်ခုသည် သစ်ပင်ပန်းမာန်များကြား၌ ခမ်းနားထည်ဝါစွာ တည်ရှိနေသည်။

အဆောက်အအုံကို ကျောက်စိမ်းများဖြင့် တည်ဆောက်ထားခြင်းကြောင့်နေရောင်အောက်တွင် စိမ်းလဲ့လဲ့အရောင်များ မျက်စိကျိန်းမတတ် တောက်ပနေလေသည်။

လွင်ပြင်ကျယ်ကြီးအတွင်း၌ သစ်ပင်ပန်းမာန်များ ဝိုင်းရံအုံဆိုင်းနေသော အဆောက်အအုံ၏မြင်ကွင်းသည် ကန္တာရအလယ်မှ စိမ်းညို့ညို့ ကျွန်းကြီးတစ်ကျွန်းနှင့် တူနေသည်။

ထို့ကြောင့်....

အဆောက်အအုံပိုင်ရှင်ကို ကျွန်းညို့ရှင်ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်ဟန်တူသည်။

မြစိမ်းရောင် တောက်ပနေခြင်းကြောင့် မြစိမ်းသခင် ကျွန်းညို့ရှင်ဟု ထင်ဆင့်ဝိုသေသပြုခြင်းလည်း ဖြစ်ဟန်တူပေသည်။

စိတ်ကူးဖြင့် ပုံဖော်ကြည့်ခဲ့ဖူးသော မြစိမ်းရောင်နန်းတော်ကို ယခုအခါ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

မေလင်းသည် မျက်လုံးအဝိုင်းသားဖြင့် မှင်တက်ငေးမောနေမိလေတော့၏။

'လာ....ကလေးမ'

အဘွားအိုက မေလင်း၏လက်ကိုဆွဲကာ ရှေ့သို့ဆက်လက် လျှောက်သွားလေသည်။

ခဏအကြာတွင် သစ်ပင်ကြီးတစ်ပင်ရှေ့သို့ ရောက်ရှိလာ၏။

လူတစ်ရပ်မရှိတစ်ရှိအမြင့်တွင် အကိုင်းတစ်ကိုင်း ဖြာထွက်နေသည်။

ထိုအကိုင်းတွင် ရွှေရောင်မောင်းကြီးတစ်ခုကို ချိတ်ဆွဲထားသည်။

ပင်စည်တွင် စာလုံးအချို့ ရေးထွင်းထားသည်။

မေလင်းက ရေးထွင်းထားသည့်စာကို အပြေးအလွှားဖတ်ကြည့်လိုက်၏။

'အကြောင်းကိစ္စမရှိဘဲ မောင်းထုလျှင် သေဒဏ်'

ထိုစဉ် အဘွားအိုသည် လက်ထဲမှ မဟော်ဂနီတောင်ဝှေးဖြင့် မောင်းကိုထုချလိုက်လေ၏။

'ဒူ....ဒူ....ဒူ'

ရွှေမောင်းမှထွက်ပေါ်လာသော တဒူဒူအသံသည် ဝန်းကျင်တစ်ခုလုံး အဆင့်ဆင့်ရိုက်ခတ် လွင့်ပျံ့သွားလေသည်။



လေတိုးသံနှင့်အတူ တောင်ပံတဖျပ်ဖျပ် ရိုက်ခတ်သံထွက်ပေါ်လာ၏။

'ဘာသံများပါလိမ့်'

ဟု တွေးနေခိုက်....

ကြီးမားသော သိမ်းငှက်ကြီးတစ်ကောင်သည် တောင်ပံဖျပ်ဖျပ်ခတ်ကာ မေလင်းတို့ရှိရာသို့ တစ်ဟုန်ထိုး ဝဲပျံလာသည်။

သိမ်းငှက်ကြီးသည် မေလင်းတို့ဦးခေါင်းထက်၌ တစ်ပတ်မျှ ဝဲပြီးမှ မြေပေါ်သို့ ထိုးစိုက်ဆင်းချလာ၏။

ထို့နောက် ပတ္တမြားကဲ့သို့ ရဲရဲနီသော စူးရှလှသည့်မျက်လုံးများဖြင့် မေလင်းကို မမှိတ်မသုန် စိုက်ကြည့်လေသည်။

သိမ်းငှက်ကြီး၏ စူးရဲသော အကြည့်ကြောင့် မေလင်းပင် ကျောထဲစိမ့်သွားရလေသည်။

ချွန်မြပြီး ကွေးကောက်သည့်နှုတ်သီးဖြင့်သာ ထိုးဆိတ်ခံရ လျှင် အသားတစ်များ အထွေးလိုက် ပါသွားနိုင်သည် မဟုတ်လား။

ထို့ကြောင့် သိမ်းငှက်ကြီးကိုကြည့်ရင်း မေလင်းခမြာ ကြက်သီးများပင် ယားလာသလို ခံစားရလေသည်။

ထိုစဉ်မှာပင်....

လူရိပ်တစ်ရိပ်သည် မေလင်းတို့ရှိရာသို့ လေဟုန်စီးလျက်ဝဲ... ရောက်ရှိလာ၏။

အဘွားအိုသည် ထိုလူရိပ်ကိုမြင်တွေ့လိုက်သည်နှင့် ကမ... ကတန်းပင် မြေပေါ်သို့ဒူးထောက်ချကာ ဦးခေါင်းကိုငုံ့ထ... လိုက်လေသည်။

လူရိပ်ကို အရိုအသေပေးလိုက်ခြင်းဖြစ်သည်။

မေလင်းကမူ အရိုအသေပေးရကောင်းမှန်းမသိ။

ရောက်ရှိလာသူကို မျက်လုံးအဝိုင်းသားဖြင့် ငေးကြည့်မိ...

ထိုလူသည် သာမန်လူများထက် ခေါင်းတစ်လုံးစာ ပို... သူဖြစ်သည်။

မျက်နှာမှာ တည်ကြည်ခန့်ညားပြီး သြဇာအာဏာရှိ... မျက်နှာပေါက်မျိုး ဖြစ်၏။

မျက်လုံးအကြည့်က သိမ်းငှက်မျက်လုံးပမာ စူးရှလှ၏။

သူ့အားတစ်ချက်ကြည့်ရုံဖြင့် နောက်တစ်ကြိမ် ထပ်မကြ... ဝံ့လောက်အောင် ခက်ထန်သော မျက်နှာထားရှိသည်။



ထိုလူသည် မေလင်းအား တစ်ချက်ကြည့်ပြီးနောက် ဒူးထောက်ခယနေသော အဘွားအိုဘက်လှည့်ကာ....

'တောင်ဝေးဘွားဘွား၊ ဘယ်လိုအရေးကြီးတဲ့ကိစ္စများ ရှိနေလို့ ရွှေမောင်းကိုထုရတာလဲ'

ထိုလူ၏အသံသည် သြဇာအာဏာသံပြည့်ဝလှ၏။

လိုက်ဖက်သံပါသဖြင့် အတွင်းအားလည်း ကြီးမားလှကြောင်း သိသာလေသည်။

အဘွားအိုက မေလင်းကို ညွှန်ပြလိုက်ပြီး....

'ဒီမိန်းကလေးက သခင်ကြီးရဲ့မြေးလို့ ပြောလာပါတယ်၊ ဒါကြောင့် ကျွန်မ ခုလို ရွှေမောင်းထုပြီး သခင်ကြီးကို သတင်းပို့တာပါ'

အဘွားအို၏စကားကြောင့် ထိုလူသည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွား၏။

ပြီးမှ....

'တောင်ဝေးဘွားဘွား၊ ခင်....ခင်ဗျား ဘာပြောလိုက်တာလဲ'

ထိုလူသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ပျာပျာသလဲဖြ
မေးလိုက်၏။

သူ့ကိုယ်သူ နားကြားများလွဲနေသလားဟု ထင်မှတ်နေပုံ
သည်။

မေလင်းမှာ သူ့ရှေ့၌ရပ်နေသူသည် ကျွန်းညိုရှင်ကျင်း
ဖြစ်မည်ဟု ခန့်မှန်းမိပြီး ရင်ထဲ၌ တထိတ်ထိတ်ဖြစ်သွားေ
သည်။

အရေးအကြီးဆုံးအချိန်သို့ ရောက်ရှိနေလေပြီ။

နည်းနည်းလေးမျှ အတိမ်းအစောင်း အဖြစ်ခံ၍မရတော့ပ

တစ်ချက်ကလေး မှားသွားသည်နှင့် သူမ၏ မျှော်လင့်ချ
များ ရေစုန်မျောရပေတော့မည်။

အသက်ခန္ဓာ ဒွန်တွဲနေဖို့ပင် ရေရာတော့မည် မဟုတ်တေ
ချေ။

ထို့ကြောင့် မေလင်းသည် စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အော
ထားကာ အစစအရာရာ ဟာကွက်မရှိအောင် သတိထားနေလို
ရတော့၏။

ထိုစဉ် အဘွားအိုသည် ဒူးထောက် အရိုအသေပေးနေရ
ထ၍ မေလင်းကို ရှေ့သို့ဆွဲထုတ်ရင်း....



'ဒီကလေးမဟာ ကျင်းကျင်းရဲ့သမီးလို့ သိရပါတယ်၊ သူ့
နာမည်က မေးယန်တဲ့၊ သခင်ကြီးနဲ့တွေ့ဖို့ သူ့အမေကလွှတ်လိုက်
တာတဲ့'

ထိုလူ မျက်မှောင်ကြုတ်သွားသည်။

ယုံရအခက် မယုံရအခက် ဇဝေဇဝါဖြစ်သွားဟန်ဖြင့် မေလင်း
ကို စူးစူးရဲရဲစိုက်ကြည့်လိုက်လေသည်။

မေလင်းမှာ မနေတတ်မထိုင်တတ်သလိုဖြစ်ကာ မျက်လွှာချ
ထားလိုက်မိသည်။

အမှန်တော့ မလုံမလဲဖြစ်ပြီး ထိုလူ၏အကြည့်ကို ရင်မဆိုင်ဝံ့
ခြင်းသာ ဖြစ်ပေသည်။

ထိုလူသည် အတန်ကြာအောင် စူးစိုက်ကြည့်ပြီးမှ အဘွားအို
ဘက်ပြန်လှည့်ကာ....

'နေပါဦး၊ တောင်ဝေ့ဘွားဘွားရဲ့၊ သူဟာ ကျင်းကျင်းရဲ့
သမီးလို့ ခင်ဗျားဘာကြောင့်ပြောနိုင်ရတာလဲ'

တောင်ဝေ့ဘွားဘွားက မေလင်း၏ လက်ကောက်ဝတ်ကို
ကိုင်မြှောက်ပြလိုက်သည်။

မေလင်း၏လက်ကောက်ဝတ်တွင် ကျောက်စိမ်းလက်ကောက်
တစ်ကွင်းရှိနေ၏။

ထိုလက်ကောက်တွင် သံမဏိနန်းကြိုးဖြင့် ဆိုင်းထားသော စိမ်းလဲ့လဲ့အရောင် တောက်နေသည့် ခေါးပါးလေးတစ်လက် ရှိနေပေသည်။

'သူ့မှာ ကျင်းကျင်းပေးလိုက်တဲ့ မြစိမ်းရောင်ခေါး ပါလာတယ်လေ'

ထိုလူသည် မေလင်း၏လက်ကောက်ဝတ်မှ မြစိမ်းရောင်ခေါးကို မြင်တွေ့လိုက်ရသည့်အခါ တစ်ကိုယ်လုံးတုန်ခါသွားလေ၏။

မြစိမ်းရောင်ခေါးကို မျက်လုံးအဝိုင်းသားဖြင့်ကြည့်ရင်း...

'မြစိမ်းရောင်ခေါး'

ဟု နှုတ်မှလွှတ်ခနဲ ရေရွတ်လိုက်မိလေတော့၏။

ကျွန်းညိုရှင်ကျင်းတိသည် မယုံကြည်နိုင်အောင် အံ့ဩဟန်ဖြင့် ရုတ်တရက် ငေးငိုင်သွား၏။

မေလင်းလည်း ဘာပြောရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်နေသည်။

တောင်ဒွေးဘွားဘွားမှာ အားမလိုအားမရဖြစ်လာပြီး မေလင်းကို ရှေ့သို့ဆွဲထုတ်ကာ...



ကျင်းတိအား လက်နှစ်ဖက်ဖြင့် တရိုတသေ လှမ်းပေးလိုက်လေသည်။

ကျင်းတိသည် ခေါးကိုလှမ်းယူပြီး သေချာစစ်ဆေးကြည့်လိုက်၏။

လုံးဝမမှားပါ။

မြစိမ်းရောင်ခေါးစစ်စစ်ပင် ဖြစ်သည်။

ထိုခေါးကို သမီးဖြစ်သူကျင်းကျင်းအား သူကိုယ်တိုင်ပေးအပ်ခဲ့သည် မဟုတ်ပါလား။

ကျင်းတိသည် မေလင်းကို ခပ်ငေးငေးစိုက်ကြည့်ကာ...

'မင်းအမေကော'

ကျင်းတိ၏လေသံသည် စောစောပိုင်းကကဲ့သို့ မာန်အပြည့်ပါသော လေသံမျိုးမဟုတ်တော့ချေ။

နှမ်းလျကြေကွဲနေသလို တိုးတိတ်ညင်သာလှသည်။

မေလင်းမှာ ဖေးယန်အဖြစ် ဟန်ဆောင်ရောက်ရှိလာခြင်းဖြစ်ရာ စိတ်ထဲ၌မလုံမလဲဖြစ်ပြီး ရင်တလှပ်လှပ်ခုန်နေလေ၏။

လာခဲ့မိသည်မှာ မှားများမှားနေပြီလားဟု စိုးရိမ်ပူပန်စိတ်ဝင်လာသည်။

ယင်းသို့ စိတ်ယောက်ယက်ခတ်နေစဉ် ကျင်းတီထံမှ မင်း 'အမေကောဟူသည့် မေးသံကို ကြားလိုက်ရသည့်အခါ မိမိ၏ မီခင်ကို မေးသည်ထင်ပြီး....

'မေမေဆုံးပြီ'

ဟု လွှတ်ခနဲ ပြန်ဖြေလိုက်မိလေသည်။

ဒီခင်ကို သတိရပြီး မျက်ရည်များပင် ရစ်ဝဲလာလေ၏။

တမင်တန်လုပ်စရာမလိုဘဲ သူမ၏မျက်နှာ၌ ဝမ်းနည်းကြေကွဲ သည့်အရိပ်ယောင်များ ထင်ဟပ်ယှက်သမ်းလာသည်။

ရှိုက်သံသဲ့သဲ့ပင် ထွက်ပေါ်လာ၏။

မိဘမဲ့ အထီးကျန်ခံစားမှုကြောင့် ရင်ထဲဆို့နင့်ကာ မျက် ရည်များပင် စီးဆင်းကျလာလေသည်။

ကျင်းတီသည် မေလင်း စိတ်ထိခိုက်သည်ကို မြင်လိုက်ရသဖြ ပျာပျာသလဲ ဖြစ်သွားသည်။

'အို....ငါ့မြေးလေး စိတ်မကောင်းဖြစ်ပြီနဲ့တူတယ်၊ မငိုပါနဲ့ ကွယ်၊ လာ....လာ....ဘိုးဘိုးဆီလာ'

ကျင်းတီက လက်နှစ်ဖက်ဆန့်တန်းပြီး ပြောလိုက်ရာ မေလင်း မှာ ချော်လဲရောထိုင်ဆိုသလို ကျင်းတီ၏ရင်ခွင်ထဲ တိုးဝင်က တရှိုက်ရှိုက်ငိုကြွေးလိုက်လေတော့၏။



ကျင်းတီသည် မေလင်းအား ကျင်လည်စွာ သိုင်းဖက်ထားလိုက်ပြီး....

'ကဲ....ကဲ၊ မငိုပါနဲ့တော့ ငါ့မြေးရယ်၊ ဘိုးဘိုးနဲ့ တွေ့မှတော့ ငါ့မြေးဘာမှပူစရာမလိုတော့ဘူး'

တောင်ဝေ့ဘွားဘွားသည် မြေးအဘိုးနှစ်ယောက် ပြန်လည်ဆုံတွေ့ကိုကြည့်ကာ ရင်ထဲ၌ဝမ်းသာပီတိဖြစ်လျက် ရှိနေလေသည်။

ကျင်းတီက တောင်ဝေ့ဘွားဘွားကို လှမ်းကြည့်ပြီး....

'တောင်ဝေ့ဘွားဘွား၊ ကျုပ်မြေးမလေးကို ခေါ်လာနိုင်တဲ့အတွက် ခင်ဗျားကို ဆုလာဘ်တွေပေးရဦးမယ်၊ ကဲ....ခင်ဗျားလဲ အနားပြန်ယူတော့'

ကျင်းတီသည် တောင်ဝေ့ဘွားဘွားကိုပြောရင်း မေလင်း၏လက်ကိုဆွဲကာ ချာခနဲလှည့်လိုက်သည်။

ထိုစဉ်....

သိမ်းငှက်ကြီးသည် ဂီးခနဲအသံပြုလျက် တောင်ပံတဖျပ်ဖျပ်ရိုက်ခတ်ကာ မြေပေါ်မှတစ်ဟုန်ထိုး ပျံတက်သွားလေတော့၏။

## မြစိမ်းနီလာခါးနှင်မြ

မြစိမ်းရောင်နန်းတော်....

ကျောက်စိမ်းဖြင့် မွမ်းမံခြယ်သထားသော ခမ်းနား ကြီးကျယ်သည့် အဆောက်အအုံကြီးတစ်ခု ဖြစ်သည်။

အဆောက်အအုံ၏ လှေကားထစ်များကို ကျောက်စိမ်းတုံးများဖြင့် တည်ဆောက်ထား၏။

လှေကားထစ်စုစုပေါင်း လေးဆယ်နီးပါးခန့် ရှိမည်ဟု ခန့်မှန်းရသည်။

လှေကားထစ်အဆင့်တိုင်းတွင် လက်နက်ကိုင် အစောင့်တစ်ဦးစီ ရပ်လျက်ရှိသည်။

ကျင်းတီသည် မေလင်း၏လက်ကိုဆွဲကာ ကျောက်စိမ်းလှေကားထစ်များအတိုင်း တစ်ထစ်စီတက်လှမ်းလာ၏။



လှေကားထစ်အဆင့်တိုင်း၌ရှိနေသော အစောင့်အကြပ်များသည် ကျင်းတီတက်လာသည်နှင့် လက်နက်ကို အောက်သို့စိုက်ကာ အရိုအသေပေးလိုက်ကြလေသည်။

မေလင်းကား ရင်သပ်ရှုမော တအံ့တသြဖြစ်၍ မဆုံးတော့ပေ။

သူမ၏အကြံအစည်များ ယခုကဲ့သို့ အလွယ်တကူဖြစ်မြောက် အောင်မြင်လာလိမ့်မည်ဟု သူမအနေဖြင့် ထင်မှတ်ထားခဲ့ခြင်း မရှိပါ။

ယခုမူ...

ကျင်းတီသည် သူမအား စစ်စစ်ပေါက်ပေါက် မေးမြန်းခြင်းမရှိဘဲ သူ၏မြေးတော်အဖြစ် လက်ခံလိုက်ပြီဖြစ်သည်။

မေလင်း၏စိတ်ကူးအိပ်မက်များသည် ယခုအခါန်၌ အမှန်တကယ်ဖြစ်မြောက် အကောင်အထည် ပေါ်လာခဲ့ပြီ ဖြစ်ပေသည်။

ဝမ်းသာမှုကြောင့် ရင်ထဲ၌ပင် တလှပ်လှပ်ဖြစ်နေလေသည်။

လှေကားထစ်များ ဆုံးသွားသည့်အခါ ရွှေရောင်တံခါးကြီးကို တွေ့မြင်လိုက်ရ၏။

ကျင်းတီရောက်သည်နှင့် ရွှေရောင်တံခါးနှစ်ချပ်သည် အဆင်သင့် ပွင့်ထွက်သွားလေသည်။

ကျင်းတိသည် မေလင်း၏လက်ကိုဆွဲလျက် တံခါးပေါက်ကို ဖြတ်၍ အခန်းထဲသို့ ဝင်ရောက်လိုက်သည်။

အခန်းကို ပန်းချီကားချပ်များ၊ ပန်းပုရုပ်ကြွများဖြင့် မွမ်းမံ ပြင်ဆင်ထားရာ လွန်စွာခံ့ညား၍ ကျက်သရေ ရှိလှပေတော့သည်။

အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် အခန်းတွင်း၌ရှိနေသူများသည် ကျင်းတိနှင့်မေလင်းအား ဦးညွှတ်အရိုအသေပြုလိုက်ကြလေသည်။

ကျင်းတိက မေလင်းကိုလက်ဆွဲလျက် အခန်းထဲသို့ ဆက်လက်ဝင်ရောက်ခဲ့၏။

ခဏအကြာတွင် ရွှေပိန်းချတံခါး တပ်ဆင်ထားသောအခန်းတစ်ခန်းရှေ့သို့ ရောက်ရှိသွားသည်။

ကျင်းတိက အခန်းတံခါးကို တွန်းဖွင့်ပြီး မေလင်းအား အခန်းထဲသို့ ခေါ်ဆောင်ခဲ့လေသည်။

သူသည် နောက်မှီပါသော ကုလားထိုင်ကြီးတစ်လုံး၌ထိုင်ချကာ မေလင်းအား သူ့ရှေ့တွင်ထိုင်စေသည်။

ပြီးမှ မေလင်းကိုစေ့စေ့ကြည့်ကာ....



'ငါ့မြေးနာမည်က ဖေးယန်တဲ့လား'

မေလင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဘိုးဘိုး'

'ငါ့မြေးအဖေရဲ့ နာမည်ကကော'

မေလင်း ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

ပြီးမှ ကျင်းလိန်မြို့စားကြီးကို သတိရကာ....

'ပေ့ထိုက်ကွမ်းပါ၊ ကျင်းလိန် မြို့စားကြီးလေ'

မေလင်းသည် ကျင်းတိအား ဖျတ်ခနဲကြည့်လိုက်ပြီး....

'ဘိုးဘိုး ဘာဖြစ်လို့ မေးတာလဲဟင်'

ကျင်းတိက သက်ပြင်းမျှင်းမျှင်းချရင်း....

'အင်း....ငါ့မြေးရဲ့အဖေက ပေ့ထိုက်ကွမ်းကိုး၊ ဒါနဲ့ သူ အခု ကျင်းလိန်မှာပဲလား'

မေလင်းက ခေါင်းခါလိုက်သည်။

ကျင်းတိ မျက်မှောင်ကြုတ်သွားပြီး....

'သူ အခုဘယ်ကိုရောက်နေလို့လဲ'

'သူ မရှိတော့ပါဘူး၊ ဆုံးသွားပါပြီ'

ဝမ်းနည်းကြေကွဲဟန်ဖြင့် မေလင်းက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

ကျင်းတိမှာ မျက်လုံးကလေးအဝိုင်းသား ဖြစ်သွားကာ...

'ဟင်...သူလဲဆုံးသွားပြီ ဟုတ်လား၊ ဘယ်လိုဖြစ်ရတာလဲကွယ်'

မေလင်းသည် ဇာတ်လမ်းပြတ်သွားအောင် လိမ်ညာပြောလိုက်ရခြင်းဖြစ်ရာ ကျင်းတိမယုံမှာကိုလည်း ရင်တထိတ်ထိတ်ဖြင့် စိုးရိမ်နေပါသည်။

သို့သော် ယခုအချိန်ထိ မိမိအပေါ် သံသယဝင်သည့်အရိပ်အယောင်ကို မတွေ့ရသဖြင့် အနည်းငယ်အားတက်လာလေသည်။

ထို့ကြောင့် ရှိုက်သံနှော၍....

'ကျွန်...ကျွန်မ မသိပါဘူး ဘိုးဘိုး'

ပြောရင်း တရှုံ့ရှုံ့ငိုလိုက်မြန်လေသည်။

ကျင်းတိက ကြင်နာသနားဟန်ဖြင့် မေလင်း၏ပခုံးကိုအသာအယာ ဆုပ်ကိုင်လိုက်ပြီး....

'မငိုပါနဲ့ ငါ့မြေးရယ်၊ ဘိုးဘိုးဆီရောက်လာမှတော့ ဘာမှအားမငယ်နဲ့နော်'



မြေးဖြစ်သူကို နှစ်သိမ့်အားပေးလိုက်သည့်တိုင် သူကိုယ်တိုင်ပင် စိတ်ထိခိုက်ကာ မျက်ရည်များရစ်ဝဲလာရလေသည်။

လွန်စွာအကင်းပါးလှသော မေလင်းသည် ကျင်းတိ စိတ်ထိခိုက်သွားသည်ကို မြင်တွေ့လိုက်ရသည့်အခါ ကျိတ်၍ကျေနပ်သွား၏။

မိမိအကြံအစည်သည် မလွဲမသွေ အောင်မြင်တော့မည်ဟု ယုံကြည်လာလေသည်။

ပို၍လည်း အားတက်သွားသည်။

သို့သော် ဟန်လုပ်ပြီး ဝမ်းနည်းကြေကွဲဟန်ဖြင့်....

'ဟင်....ဘိုးဘိုးလဲ မျက်ရည်တွေကျနေပါလား'

ကျင်းတိသည် စိတ်မချမ်းမြေ့ဟန်ဖြင့် သက်ပြင်းကြီး တစ်ချက်ချလိုက်လေသည်။

'အင်း....ငါ့မြေးရဲ့အမေ ကျင်းကျင်းကို ဘိုးဘိုးက သိပ်ချစ်ခဲ့တော့ ဟိုဟာလဲမလုပ်ရ၊ ဒီဟာလဲမလုပ်ရနဲ့ ချုပ်ချယ်သလိုဖြစ်ခဲ့တယ်ကွယ်၊ နောက်ဆုံးတော့ ကျင်းကျင်းလဲ ဘိုးဘိုးရဲ့ ချုပ်ချယ်မှုကို မခံနိုင်တော့ဘဲ ထွက်ပြေးသွားလိုက်တာ ဘယ်လိုမှ အစအနရှာမရအောင်ပါဘဲ'

ကျင်းတီသည်နံပြာရင်း စိတ်ထိခိုက်ကာ မျက်ရည်များပင်ကျလာလေ၏။

'အဲဒီကတည်းက သတင်းအစမရခဲ့ဘာ၊ အခု ငါ့မြေးရောက်လာမှပဲ သူဆုံးသွားမှန်း သိရတော့တယ်၊ သူ့အခုလိုဖြစ်ရတာ ဘိုးဘိုးရဲ့ အပြစ်တွေပါပဲကွယ်'

မောင်းကား ကျင်းတီက မိမိအား မြေးအရင်းမှတ်ယူလိုက်ပြီဖြစ်ကြောင်းသိရကာ စိတ်ထဲမှငြိမ်၍ ဝမ်းသာသွားလေသည်။

ကျင်းတီက မျက်ရည်များကိုသုတ်ကာ....

'ဘာပဲဖြစ်ဖြစ်၊ ငါ့မြေး ဘိုးဘိုးဆီပြန်ရောက်လာပြီပဲ၊ သမီးအပေါ် တာဝန်မကျေခဲ့သမျှ ငါ့မြေးအပေါ် တာဝန်ကျေရမယ်၊ ဘိုးဘိုးရဲ့သိုင်းပညာအပြင် မြစိမ်းနီလာစေးနှစ်လက်ကိုလဲ ငါ့မြေးကို ပေးမယ်၊ သိုင်းလောကမှာ ငါ့မြေးကို မော်ကြည့်ရတဲ့လူ မရှိစေရဘူး'

ကျင်းတီသည် သမီးဖြစ်သူကျင်းကျင်းအား လွန်စွာချစ်လှန်းသဖြင့် အစစအရာရာ စိုးရိမ်စိတ်ဖြင့် ထိန်းကျောင်းခဲ့သည်။

သို့သော် သမီးဖြစ်သူကျင်းကျင်းမှာ ဖခင်က နေရာတကာ ချုပ်ချယ်သည်ဟု ထင်မှတ်သည်။

ထို့ကြောင့် အခွင့်သာသည်နှင့် မြစိမ်းချောင်နန်းတော်မှ တိတ်တဆိတ် ထွက်ခွာခဲ့လေသည်။



ကျင်းတီသိရှိသည့်အခါ ခေါင်းမီးတောက်ပြီး ကျင်းကျင်းကို အသည်းအသန်ရှာဖွေလေ၏။

သို့ရာတွင် ကျင်းကျင်းသည် သတင်းအစအနပင် မရအောင် ...စမြုပ်စ ပျောက်ကွယ်သွားလေသည်။

ယင်းအတွက် ကျင်းတီမှာ နေ့စဉ်နှင့်အမျှဆိုသလို ယူကျုံးမရ စိတ်ထိခိုက်ခဲ့ရရှာသည်။

ယခုအခါ သမီးဖြစ်သူကိုပြန်မတွေ့ရသော်လည်း ကျင်းကျင်း၏သမီး မေးယန် ရောက်ရှိလာခဲ့လေပြီ။

ဘုရားသခင်က သူ့အား ကရုဏာသား ပေးသနားလိုက်သည်ဟု မှတ်ယူကာ ဝမ်းသာကြည်နူးမဆုံးအောင် ဖြစ်သွားရလေတော့၏။

အကယ်၍သာ....

ယခုရောက်ရှိလာသော မြေးမလေးသည် အစစ်မဟုတ်ဘဲ အယောင်ဆောင်ရောက်ရှိလာခြင်းသာဖြစ်ကြောင်း ကျင်းတီသိရှိသည်ဆိုလျှင်....

မေလင်း၏ဘဝသည် နေ့ချင်းညချင်းဆိုသလို မယုံကြည်နိုင် လောက်အောင် ပြောင်းလဲသွားလေသည်။

ကမ်းမမြင်လမ်းမမြင် ကန္တာရထဲသွားနေရာမှ ဖြန်းစားကြီး ပန်းဥယျာဉ်ထဲ ရောက်ရှိသွားရသလို သူမ၏ဘဝသည် ပြော ပြန်လှန်လိုက်သည့်အလား ပြောင်းလဲသွားခြင်း ဖြစ်၏။

ယခုအခါ....

သူမသည် လက်တစ်ထောင်တောင်ကြားမှ မျက်နှာငယ်နေ သော မေလင်းမဟုတ်တော့ပြီ။

မြစိမ်းရောင်နန်းတော်၏ သခင်မလေး ဖြစ်နေချေပြီ။

မြစိမ်းရောင်နန်းတော်ရှိ လူအားလုံး၏ အရေးပေးမှု၊ အ လိုက်မှုကို ခံယူရရှိနေလေပြီ။

သူမ မျက်စောင်းတစ်ချက် ထိုးလိုက်သည်နှင့် မြစိမ်းရော နန်းတော်ရှိလူအားလုံး ပျာယာခတ်သွားစေနိုင်သည်။

ဤမျှအထိ သူမ၏အချိန်အဝါမြင့်တက်လာ၏။

ထိုမျှမက ကျင်းတီကိုယ်တိုင်လည်း မြေအရင်းဟုထင်ကာ တတ်သမျှ သိုင်းပညာများကို စိတ်ရှည်လက်ရှည် လက်ဆင့်က သင်ပြပေးခဲ့၏။



သိုင်းလောကနှင့် ပတ်သက်သမျှလည်း သွန်သင်ညွှန်ကြား ပြောပြခဲ့သည်။

ကြားဖူးနားဝသာရှိထားသော သိုင်းလောကအကြောင်းကို ယခုအခါ ခရေစေ့တွင်းကျ သိလာခဲ့လေပြီ။

မေလင်းသည် အကင်းပါးပြီး ဉာဏ်ရည်ထက်မြက်သူဖြစ်ရာ တစ်နှစ်တာမျှသော အချိန်ကာလအတွင်း၌ သူမ၏သိုင်းပညာ သည် အံ့မခန်းနိုင်လောက်အောင် တိုးတက်လာလေတော့၏။

သူမသည် နဂိုကပင် သိုင်းလောက၌ လူတစ်လုံးသူတစ်လုံး ဖြစ်ချင်နေသူဖြစ်သည်။

သိုင်းပညာထိပ်တန်းအဆင့် မရောက်ပါက သိုင်းလောက၌ လူရာဝင်မည်မဟုတ်ကြောင်း နားလည်ထားခဲ့သည်။

ထို့ကြောင့် အခွင့်အရေးရခိုက် အားသွန်ခွန်စိုက် ကြိုးစားခဲ့ ၍ တစ်နှစ်အတွင်းမှာပင် သူမ၏သိုင်းပညာသည် အံ့မခန်းနိုင် လောက်အောင် တိုးတက်လာခဲ့ရခြင်း ဖြစ်ပေသည်။

တစ်နေ့တွင်....

မေလင်းသည် သိုင်းပညာလေ့ကျင့်ပြီး သူမ၏အခန်းသို့ ပြန် လာခဲ့၏။

အခန်းထဲရောက်သည့်အခါ သူမအား ထိုင်စောင့်နေသော ကျင်းတီကို တွေ့မြင်လိုက်ရသည်။

ဆိုင်းမဆင့်ဗုံမဆင့် ထူးထူးဆန်းဆန်း ရောက်ရှိနေသဖြ မေလင်း ထိတ်ခနဲဖြစ်သွားသည်။

မိမိ၏ ပုံမှားရိုက်အယောင်ဆောင်မှုကို ကျင်းတိ သိရှိသွ လေပြီလား။

မေလင်း မလုံမလဲဖြစ်သွားသည်။

'ဘာကိစ္စနဲ့များ ငါ့အခန်းထဲရောက်နေပါလိမ့်'

စိတ်ထဲကတွေးမိသော်လည်း....

'ဟင်း....ဘိုးဘိုးပါလား။ မလာစဖူး အလာထူးပုံထော တော့ ကိစ္စရှိပြီထင်တယ်'

မေလင်းသည် စိတ်ထဲကမလုံမလဲဖြစ်နေသော်လည်း မပျက် ခပ်ချွဲချွဲမေးလိုက်သည်။

ကျင်းတိက ပြုံးရင်း....

'ငါ့မြေးရဲ့သိုင်းပညာ ဘယ်လောက်တိုးတက်နေပြီလဲဆို လာပြီး အကဲခတ်တာလေ'

'ဟင်....ဒါဆို ဘိုးဘိုး ကျွန်မ သိုင်းပညာ လေ့ကျင့်တာ ကြည့်နေတယ်ပေါ့'



'ဟုတ်တယ် ငါ့မြေး၊ ငါ့မြေးရဲ့သိုင်းပညာက အတော့်ကို တိုးတက်နေပြီပဲ'

မေလင်းက ရယ်မောလိုက်ပြီး....

'ဘိုးဘိုးရဲ့မြေးပဲ၊ ဘိုးဘိုးလိုပဲနေမှာပေါ့'

ကျင်းတိသည် မေလင်း၏အပြောကို သဘောကျသွားပြီး တဟားဟား ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား၊ ငါ့မြေးပြောတာမှန်တယ်၊ ငါ့မြေး က ဘိုးဘိုးနဲ့တူလို့ တော်တာ'

မေလင်းက နှုတ်ခမ်းလေးစူပြီး....

'ဘိုးဘိုးက ကျွန်မကို တော်တယ်သာ ချီးကျူးနေတာ၊ ဘိုးဘိုးရဲ့ပညာကိုတော့ အကုန်သင်မပေးဘူး'

'အို....ဘယ်လိုပြောလိုက်တာလဲ ငါ့မြေးရဲ့၊ ဘိုးဘိုးရဲ့ပညာ အားလုံး မြေးလေးကို သင်ပေးမှာပေါ့'

'ဒါဆို ဘယ်တော့လောက်မှ ဘိုးဘိုးရဲ့သိုင်းပညာကို အကုန် ရမှာလဲ'

ကျင်းတိက ပြုံးလိုက်ပြီး....

'စိတ်ချပါ ငါ့မြေးရယ်.... နောက် သုံးနှစ်လောက်ဆိုရင် ဘိုးဘိုးရဲ့ သိုင်းပညာအားလုံးကို ငါ့မြေးရသွားမှာပါ'

မေလင်း နှုတ်ခမ်းလေးစူသွားကာ....

'ဟင်....ဘိုးဘိုးရဲ့ သိုင်းပညာအကုန်ရဖို့ နောက်သုံးနှစ်ကြီးများတောင် စောင့်ရဦးမယ်'

ကျင်းတီသည် ကလေးဆန်လှသော မြေးမလေးခေါင်းကို အသာပုတ်ကာ....

'ဘာလဲ....ငါ့မြေးက သိပ်ကို မြန်မြန် တတ်ချင်နေပြီလား'

'ဒါပေါ့ ဘိုးဘိုးရဲ့၊ မြန်မြန်တတ်ချင်တာပေါ့'

'ဒါဆိုလဲ မပူပါနဲ့ငါ့မြေးရယ်၊ သိုင်းလောကမှာ ငါ့မြေးကို ဘယ်သူမှ မယှဉ်နိုင်အောင် ဘိုးဘိုးမှာရှိတဲ့ နီလာခေါး ငါ့မြေးကိုပေးလိုက်မယ်'

မေလင်း မျက်မှောင်ကြုတ်သွားသည်။

'ဘယ်လို....နီလာခေါး ဟုတ်လားဘိုးဘိုး'

ကျင်းတီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ငါ့မြေး၊ ဘိုးဘိုးရဲ့နီလာခေါးနဲ့ ငါ့မြေးမှာရှိတဲ့ မြစိမ်းရောင်ခေါးကို ပေါင်းစပ်ပြီး မြစိမ်းနီလာခေါးသိုင်းကို သင်



ပေးလိုက်ရင် ငါ့မြေးကိုယှဉ်နိုင်သူ သိုင်းလောကမှာရှိမှာမဟုတ်တော့ဘူး'

ထိုစကားကြားလိုက်ရသည့်အခါ မေလင်း၏ မျက်လုံးများ အရောင်တဖျပ်ဖျပ် တောက်ပလာလေသည်။

ရင်ထဲ၌လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားမိ၏။

သူမ၏ စိတ်ကူးယဉ် အိပ်မက်များသည် တစ်စထက်တစ်စ ရုပ်လုံးပေါ်စပြုလာပြီ မဟုတ်ပါလား။

ကျင်းတီပြောသလို မြစိမ်းနီလာခေါးသိုင်းကို တတ်မြောက်ခဲ့မည်ဆိုလျှင် သူမအနေဖြင့် သိုင်းလောက၌ မည်သူ့ကိုမျှအရေးစိုက်ရန် မလိုတော့ပြီ။

ဤသည်မှာ သူမ၏ ဘဝတစ်လျှောက်လုံး အလိုချင်အတောင့်တဆုံးအရာပင် ဖြစ်နေသည် မဟုတ်ပါလား။

'အို....ဝမ်းသာလိုက်တာ ဘိုးဘိုးရယ်'

မေလင်းသည် ပြောရင်း ကျင်းတီ၏နဖူးကို နမ်းရှုံ့လိုက်ရာ ကျင်းတီမှာ ရှက်ျနပ်အားရဖြင့် မိန့်မိန့်ကြီး ပြုံးနေလေတော့သတည်း။

**ပထမပိုင်းပြီး၏။**

**(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)**